မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ ၂၂ ရက်၊ တနလင်္ဂနေ့ အတွဲ (၆၁)၊ အမှတ် (၀၅၃)

အလှူဒါနကို ဝမ်းမြောက်နိုင်၏

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ထူးခြားသည့် ညအပူချိန်များ

၂၁-၁၁-၂၀၂၁

ဟားခါးမြို့	၄ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၈ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၉ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၉ ဒီဂရီစင်တီဂရိတ်
ပြင်ဦးလွင်မြို့	၉ ဒီဂရီစင်တီဂရိတ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထပ်မံလှူဒါန်းသည့် Sinovac အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး သုံးသန်း doses အနက် တတိယအသုတ်တစ်သန်း doses ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၁

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးကို ထိုးနှံပေးလျက်ရှိရာ ယနေ့အထိ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ဝယ်ယူထားရှိသည့် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးစုစုပေါင်း ၃၁ သန်း doses နှင့် ကျန်းမာရေးဝန်ကြီးဌာနသို့ မိတ်ဆွေနိုင်ငံများမှ လှူဒါန်းလာသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စုစုပေါင်း ၉၁၆၈၈၀၀ doses ရရှိပြီးဖြစ်၍ ဝယ်ယူမှုနှင့် လှူဒါန်းမှုတို့မှ

စာမျက်နှာ ၄ ကော်လံ ၁ ❄

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထပ်မံလှူဒါန်းသည့် Sinovac အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး သုံးသန်း doses အနက် တတိယအသုတ်တစ်သန်း doses ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိစဉ်။

ယနေ့ ဖတ်စရာ

အမျိုးသားနေ့မှသည် အနာဂတ်ဆီသို့

(၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အကြိုဂုဏ်ပြုဆောင်းပါး

စာမျက်နှာ - ၆

ပြည်သူလူထု၏ အဆုံးအဖြတ်ဖြင့် ...

ဆောင်းပါး၊ စာ - ၈

ဗီယက်နမ်နိုင်ငံ၌ နိုင်ငံခြားခရီးသွားများ အတွက် အပန်းဖြေကျွန်း ပြန်လည်ဖွင့်လှစ်

နိုင်ငံတကာသတင်း၊ စာ - ၁၃

ပိုလန်-ဘီလာရုစ် နယ်စပ်အနီး စုပြုံနေသည့် ရွှေ့ပြောင်းနေထိုင်သူများ ပြဿနာ

နိုင်ငံတကာရေးရာ၊ စာ - ၁၄

မြန်မာ့အလင်း

အဂတိလိုက်စားမှု တိုက်ဖျက်ရေးတွင် မှန်ကန်စွာဖြေကြားခြင်းဖြင့် ပူးပေါင်းပါဝင်

အဂတိလိုက်စားမှုများက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြောင်းပြန်အချိုးကျသည်။ အဂတိလိုက်စားမှု ထူးပြောများပြားလေလေ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု တုံ့ဆိုင်းနိမ့်ကျလေလေဖြစ်ရာ အဂတိလိုက်စားမှုများကို ဟန့်တား တိုက်ဖျက်နိုင်ရန် လိုအပ်သည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးသည် ရေတိုလုပ်ငန်းမျိုးမဟုတ်ဘဲ တစ်မျိုးသားလုံး အတိုင်းအတာဖြင့် ရေရှည်ဆောင်ရွက်သွားရမည့် လုပ်ငန်းမျိုးလည်းဖြစ်သည်။ ရေရှည်ဆောင်ရွက်သွားရမည်ဟုဆိုရာတွင် နိုင်ငံ၏လူ့အဖွဲ့အစည်းတစ်ရပ်လုံးက အဂတိလိုက်စားမှုကို ကိုယ်ကျင့်တရားပျက်ပြားမှု၊ လူ့အဖွဲ့အစည်းကို နိမ့်ကျစေသည့်အပြုအမူအဖြစ် သိမြင်ရှောင်ကြဉ်ကြသည့် အခြေအနေသို့ ရောက်ရှိစေရမည်ဖြစ်သည်။

အဂတိလိုက်စားမှုကို တိုက်ဖျက်ရာတွင် နိုင်ငံရေးပါတီများ၊ အစိုးရဌာနများနှင့် ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများ၊ ဥပဒေနှင့် တရားစီရင်ရေးအဖွဲ့အစည်းများ၊ နိုင်ငံသားများနှင့် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများ၊ သီးခြားလွတ်လပ်သည့်အဖွဲ့အစည်းများ စသည့်အဖွဲ့အစည်းများနှင့် လုပ်ငန်းဌာနများ ပူးပေါင်းလက်တွဲ၍ ရေရှည်တိုက်ဖျက်ခြင်း၊ အဂတိလိုက်စားမှုဆိုင်ရာပြစ်မှုများကို လျင်မြန်စွာ ကိုင်တွယ်စိစစ်၍ အလျင်အမြန်၊ ခြွင်းချက်မရှိ အပြစ်ပေးအရေးယူခြင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးတွင် နိုင်ငံသားများအား တိုင်ကြားခွင့်၊ ပါဝင်ခွင့်ပေးခြင်းနှင့် တိုင်ကြားသူ၏ လုံခြုံရေးအတွက် အာမခံချက်ပေးခြင်း၊ လူ့အဖွဲ့အစည်းအတွင်း ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ အများအကျိုးအတွက် ဆောင်ရွက်လိုသည့် စိတ်ဓာတ်များ မြင့်မားစေရေး၊ အဂတိလိုက်စားသည့် အပြုအမူများကို ရှောင်ကြဉ်ရေး၊ အကောင်းမြင်စိတ်ဖြင့် ဘဝကို တန်ဖိုးထားရေး၊ အလိုလောဘ မကြီးရေးတို့ကို ငယ်စဉ်ဘဝကပင် မိသားစုအတွင်း၊ ကျောင်းသင်ခန်းစာများနှင့် ဘာသာတရားအဆုံးအမများမှ တစ်ဆင့် သွန်သင်ဆုံးမထားခြင်း စသည့်နည်းလမ်းများကို ကျင့်သုံးရန်လိုအပ်သည်။

မိမိတို့နိုင်ငံတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကိုလည်း ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးသည် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးအတွက် အဓိကအရေးပါသည့်လုပ်ငန်းတစ်ရပ်ပင်ဖြစ်သည့်အတွက် အမျိုးသားရေးအသွင်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ အစိုးရယန္တရားအတွင်းရှိ အများပြည်သူဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းဌာနများတွင် အကျင့်ပျက်ဝန်ထမ်းများက အဂတိလိုက်စားမှုကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပြုလုပ်လေ့ရှိကြသကဲ့သို့ ဝန်ဆောင်မှုကို ရယူသူများဘက်ကလည်း အကြောင်းအမျိုးမျိုးဖြင့် လာဘ်ပေး၍ ဝန်ဆောင်မှုကို ရယူလေ့ရှိကြရာ အဂတိလိုက်စားမှုမှာ နက်နက်ရှိုင်းရှိုင်းပင် အမြစ်တွယ်နေတတ်ပြီး အစိုးရဌာနနှင့် အဖွဲ့အစည်းအချို့တို့မှာ နာမည်ဆိုးများပင် ထွက်ခဲ့ကြသည်။

အဂတိလိုက်စားမှု တားမြစ်ထိန်းချုပ်ရေးအတွက် "အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ်"(Public Feedback Programme–PFP) နည်းပညာကို အသုံးပြု၍ တယ်လီဖုန်းမှတစ်ဆင့် ဆက်သွယ်ပြီး အစိုးရဌာနမှ ဝန်ဆောင်မှုရယူသူ၏ အတွေ့အကြုံနှင့် ပတ်သက်၍ မေးမြန်းခြင်း၊ ပြည်သူများထံမှ တုံ့ပြန်လာသည့် လိုအပ်ချက်များနှင့် အကြံပြုချက်များကို ဖြေရှင်းခြင်းတို့အား ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း ၁၃ ခုတို့တွင် နိုဝင်ဘာ ၁ ရက်နေ့မှစတင် ဆောင်ရွက်နေပြီဖြစ်သည်။ အဆိုပါ PFPနည်းပညာသည် ဝန်ထမ်းအဖွဲ့အစည်းများ၏ ဝန်ဆောင်မှုအရည်အသွေးကောင်းမွန် တိုးတက်စေရေးနှင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးတို့ကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။ အစိုးရရုံး၊ ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့သော ပြည်သူများအနေဖြင့် မိမိတို့၏ ဖုန်းသို့ Short Code "1111"မှ SMS ပေးပို့ မေးမြန်းလာသည်များကို မှန်ကန်စွာဖြေကြားပေးခြင်းဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် ပူးပေါင်းပါဝင်ကြရေး တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

ရန်ကုန်တိုင်းဒေသကြီး၏ တူယှဉ်နွဲ့ပျော်ဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၁ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် တူယှဉ်နွဲ့ပျော် ဂီတပွဲတော် တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မဂ်လာခန်းမ၌ နိုဝင်ဘာ ၁၆ ရက် ညနေ ၆ နာရီက ကျန်းမာရေး ဝန်ကြီးဌာနမှ ချမှတ်ထားသော ကိုဗစ် - ၁၉ ရောဂါ လမ်းညွှန်ချက်များ၊ စည်းကမ်းချက်များနှင့် အညီ ကျင်းပသည်။

ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခရိုင်မှ တစ်ခရိုင်လျှင် သုံးဦးနှုန်းဖြင့် ၁၂ ဦး၊ မြန်မာနိုင်ငံဂီတပညာရှင်များ အစည်းအရုံးမှ သုံးဦး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ နှစ်ဦး စုစုပေါင်း ၁၇ဦးဖြင့် နိုဝင်ဘာ ၁၅ ရက်မှစတင်၍ ပါဝင်ယှဉ်ပြိုင်စေပြီး နောက်ဆုံးအဆင့်တွင် ခြောက်ဦးကို ရွေးချယ်ခဲ့ကြသည်။

ယင်းနေ့တွင် ဆန်ခါတင် ရွေးချယ်ထားသော ခြောက်ဦးမှ ထပ်မံယှဉ်ပြိုင် သီဆိုမှုများကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုးနှင့် တိုင်းဒေသကြီး ဝန်ကြီးများက ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့ကြသူများ၊ နှစ်သိမ့်ဆုရရှိခဲ့ကြသူများနှင့် အကဲဖြတ်ဒိုင်အဖွဲ့ဝင်များကို ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ဆုများနှင့် ဂုဏ်ပြုဂြေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းနှင့် ပထမ၊ ဒုတိယ၊ တတိယရရှိသူများအား စခန်းသွင်းလေ့ကျင့်၍ နိုင်ငံတော်အဆင့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု၍ ပါဝင်ယှဉ်ပြိုင် စေမည်ဖြစ်ကြောင်း သိရသည်။

ဆန်းကျော်ဦး (ပြန်/ဆက်)

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၁

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ နိုဝင်ဘာ ၂၁ ရက်၌ နယ်စပ်(ချင်းရွှေဟော်)တွင် ကုမ္ပဏီလေးခုတို့မှ Mask ၃၇၇၃၇ Kg၊ Sodium Chloride Injection ၁၈၅၁၀၀၊ Vitamin B12 Injection ၂၉၄ဖ၀၊ Hydrocort Injection ၉၅၂၀၊ Dexa-5 Injection ၇၅ဖ၀၊ Syringe ၁၈၃၉၈ ခု၊ Scalp Vein Set ၃ဖ၀၀၊ Glucose Injection ၁၅၈၁ဝဖ ခု တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

သီပေါမြို့နယ်၌ ဦးတည်အုပ်စုများအလိုက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံပေး

သီပေါ နိုဝင်ဘာ ၂၁

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ဦးတည်အုပ်စုများအလိုက် ဆက်လက်ထိုးနှံပေးလျက်ရှိရာ စုရပ်ဖြစ်သည့်စမ်းမာလာဥယျာဉ်အတွင်းရှိ မြို့တော်ခန်းမ၌ ဆေးထိုးရန်ကျန်ရှိသော အသက် ၁၈ နှစ်နှင့်အထက်ရှိသူများအား နိုဝင်ဘာ ၂၀ရက်က ဆက်လက်ထိုးနှံပေးသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံရာတွင် ဦးတည်အုပ်စုများအလိုက် အသက် ၁၈ နှစ်နှင့်အထက် ဒုတိယအသုတ် ဒုတိယအကြိမ် ထိုးနှံသူ ၄၅ ဦး၊ တတိယအသုတ်ဒုတိယအကြိမ်ထိုးနှံသူ ၁၄၈ ဦးနှင့် စတုတ္ထအသုတ်ပထမအကြိမ်ထိုးနှံသူ ၁၅၂ ဦး စုစုပေါင်း ၃၄၅ ဦးကို ထိုးနှံပေးပြီး ဆေးထိုးရန် ကျန်ရှိသူများအား ဆက်လက်ထိုးနှံပေးမည် ဖြစ်သည်။

ထို့အပြင် ပြည်ထောင်စုလမ်းမကြီး ပေါ်ရှိ ကုန်းဆက်ကျေးရွာအုပ်စု သို့လည်း မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးထွန်း ဦးဆောင်သော အဖွဲ့က ဒေသခံပြည်သူ ၂၄၅ ဦးကို သွားရောက်ထိုးနှံပေးကြောင်း သိရသည်။

စိုင်း(သီပေါ)

ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၁-၁၁-၂၀၂၁) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

No	Product Name	Pack Size	Price in Kyats (Retail)	Company Name
Anti–inflammatory				
1	P.O Dexamethasone	Box of 10x10's	1450	JDS
2	P.O Prednisolone	Box of 10x10	2000	Aorta
3	Injection–Dexamethasone	Vial	160	Aorta
Antiviral				
4	P.O Favipiravir 400 mg	2X10 Tablet	50000	AA Medical
5	Injection – Remdesivir	Vial	70000	GHI
Anti thrombosis				
6	Injection Enoxaprim 40 mg	1 Pre–Filled Syringe	7000	Nyi Lay Naing
7	Injection Enoxaprim 60 mg	1 Pre–Filled Syringe	9000	Nyi Lay Naing
Symptomatic				
8	P.O Paracetamol 500 mg	10X10's tablets/ Box	1500	AA Medical
9	P.O Dextromethophan	10X10's	1450	AA Medical
10	P.O Bromhexine	10X10's tablets/ Box	1000	Medi Myanmar

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေရေး

“အတိတ်ကိုမသိလျှင် ထပ်ကျော့အမှားတွေ ကျူးလွန်နိုင်သည်။ ထို့အတူ အတိတ်ကို အစွဲသန်လွန်းလျှင်လည်း အနာဂတ်လမ်း ပျောက်နိုင်သည်” ဆိုသည့်စကားရပ်အား သတိချပ်စေလိုသည်။ နိုင်ငံတော်အစိုးရသည် ကျရောက်မည့် စိန်ရတု ပြည်ထောင်စုနေ့၊ စိန်ရတုလွတ်လပ်ရေးနေ့မတိုင်မီ၌ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေရေးလုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အား ပိုမိုတိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၁၀-၂၀၂၁ ရက်နေ့တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့သို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

မိမိထုတ်ကုန်ပစ္စည်းများ ဈေးကွက်ဝေစုပိုမိုရရှိရေးအတွက် ဈေးကွက်သုတေသနပြုလုပ်ပြီး ဈေးကွက်လိုအပ်ချက်အတိုင်း ထုတ်လုပ်နိုင်ရေးစီမံဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၁

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ အမှတ်(၃)အထည်စက်ရုံ၌ (စစ်ကိုင်း)သို့ရောက်ရှိပြီး စက်ရုံအတွင်း စက်ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၃) အထည်စက်ရုံ (စစ်ကိုင်း)အတွင်း ကြည့်ရှု စစ်ဆေးစဉ်။

ဆက်လက်၍ အမှတ်(၃) အထည်စက်ရုံ (စစ်ကိုင်း)သို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက စက်ရုံထုတ်ကုန်ပစ္စည်းများ သည် အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာလျှင် ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်မည် ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က **“ချည်မျှင်နှင့် အထည် စက်ရုံများသည် နိုင်ငံအတွက် လွန်စွာအကျိုးရှိသည့် စက်ရုံများဖြစ်သဖြင့် နိုင်ငံ့လိုအပ်ချက်များအား ပြည့်မီစွာထုတ်လုပ်၍ ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် အဝတ်အထည်များအား အသုံးပြုနိုင်ရေး စနစ်တကျစဉ်းစား သုံးသပ်ဆောင်ရွက်ကြရန်”**လမ်းညွှန်မှုပြုထားကြောင်း၊ ထို့ကြောင့် မိမိထုတ်ကုန်ပစ္စည်းများ ဈေးကွက်ဝေစုပိုမိုရရှိရေးအတွက် ဈေးကွက်သုတေသနပြုလုပ်ပြီး ဈေးကွက်လိုအပ်ချက်အတိုင်း ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများ နှင့်ပတ်သက်၍ သုံးစွဲသူများ၏ အကြံပြုချက်များကို အလေးထား၍ ပြုပြင်ထုတ်လုပ်သွားရမည် ဖြစ်ကြောင်း၊ အဝတ်အထည်များ အား အရည်အသွေးကောင်းမွန်ပြီး ဆန်းသစ်သည့် ဒီဇိုင်းများဖြင့် ထုတ်လုပ်ရန်လိုအပ်သလို သုံးစွဲသူများအား ဆွဲဆောင်မှုရှိမည့် ထုပ်ပိုးမှုပုံစံဖြစ်အောင် စီမံရမည် ဖြစ်ကြောင်း၊ အထည်စက်ရုံများ လည်ပတ် ဆောင်ရွက်နိုင်လျှင် ဝါစိုက်ပျိုးသည်မှ အထည်ချောထွက်ရှိသည်အထိ Supply Chain တစ်ခုလုံးတွင် ဝင်ရောက်လုပ်ကိုင်နေသူတို့၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်၍ ကြိုးစား ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ မှာကြားကာဝါဖန်ဌာန၊ ဗိုင်းတောင့်ဌာန၊ အပင်ပေါင်းဌာန၊ ချည်ငင်ဌာန၊ ရက်ကန်းဌာနနှင့် အရည်အသွေးထိန်းသိမ်းရေးဌာန တို့သို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက စက်ရုံထုတ်ကုန်ပစ္စည်းများ သည် အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာလျှင် ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်မည် ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း ချည်ထည်ပိတ်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများအား အခြားဝန်ကြီးဌာနများသို့ ရောင်းချမည် ဖြစ်၍ ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အမှတ်(၃)အထည်စက်ရုံ (စစ်ကိုင်း)နှင့် အမှတ်(၆) အထည်စက်ရုံ (ဆားလင်းကြီး)တို့အတွက် လိုအပ်လျက်ရှိသည့် ကုန်ကြမ်းပစ္စည်းများ ပြတ်လပ်မှုမရှိစေရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ ဝါစိုက်တောင်သူများနှင့် ချိတ်ဆက်၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးစေလိုကြောင်းဆွေးနွေးပြောကြားသည်။

ကူညီပေးသွားမည်

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က စက်မှုဝန်ကြီးဌာနရှိ အထည်စက်ရုံများ အတွက် ဝါကုန်ကြမ်းများ အပြည့်အဝရရှိရေးအတွက် ကူညီပေးသွားမည်ဖြစ်ကြောင်း၊ သဖန်းဆိပ်ဆည်မှ ရေရရှိမှုအခြေအနေပေါ်မှုတည်၍ ယခုနှစ် နွေရာသီတွင် ချည်မျှင်ရှည်ဝါများ စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဝါအထွက်နှုန်းအား သတ်မှတ်ချက်ထက် ကျော်လွန်ထွက်ရှိနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ လူစွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များတွင် လက်တွဲပူးပေါင်း ဆောင်ရွက်မည် ဖြစ်ကြောင်းနှင့် စက်ရုံအလုပ်ရုံများအတွက် လိုအပ်သောလုပ်သားများရရှိရေးအတွက် ပူးပေါင်း ဆောင်ရွက်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

သတင်းစဉ်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၁

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေလေးစီးဖြင့် နှာခေါင်းစည်း Mask ၃၃ တန် တင်သွင်းခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီရေး၊ လက်ရာသေသပ်ကောင်းမွန်ရေး၊ လုပ်ငန်းများအချိန်မီပြီးစီးရေး အထူးအလေးထားဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် လမ်းဦးစီးဌာနမှ ဆောင်ရွက်သော ဖြူး – အုတ်ဖြတ် – မုန်းလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တောင်းမြစ်ကူးတံတား(အုတ်ဖြတ်) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး တံတားကြီး၏ ကွန်ကရစ်ကြမ်းခင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ တံတားလက်ရန်းများ ဆောင်ရွက်နေမှု၊ တံတား၏ Up Stream နှင့် Down Stream ရေလမ်းကြောင်းအခြေအနေ၊ စက်ယန္တရားများဖြင့် တံတားချဉ်းကပ်လမ်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

စစ်တောင်းမြစ်ကူးတံတား (အုတ်ဖြတ်)သည် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူး–အုတ်ဖြတ်–မုန်းလမ်းပေါ်တွင် တည်ရှိပြီး စုစုပေါင်းတံတားအရှည် ပေ ၆၂၀၊ ယာဉ်သွားလမ်းအကျယ် ၈ ဒသမ ၅၃ မီတာ၊ တံတားကိုယ်ထည် သံကွန်ကရစ်အပေါ်ထည်ပေ ၆၀ RC Girder နှင့် ပေ ၁၀၀ PC Girder, RC Slab နှင့် Hand Rail တို့ဖြင့် တည်ဆောက်ထားပြီး တံတား၏ ခံနိုင်ဝန်မှာ HS–25 ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ပဲခူးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)က ရန်ကုန်–ပဲခူး–တောင်ငူ – မန္တလေး ပြည်ထောင်စုလမ်းမကြီးနှင့် ချိတ်ဆက်သည့် လေးအိမ်စု – မယင်း – ရွာဟောင်းလမ်း ကွန်ကရစ်ခင်းပြီးစီးမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူး – သနပွင် – ခရမ်း– သုံးခွ – သန်လျင်လမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုကိုလည်းကောင်း၊ တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၉)မှ အဆိုပါလမ်းပေါ်ရှိ အရှည် ပေ ၁၅၀ မုဒုတံတားသစ်နှင့် အရှည်ပေ ၁၂၀ သက္ကလတံတားသစ် တည်ဆောက်ရေးအတွက် အကြို အင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ပဲခူး – သနပွင် – ခရမ်း –သုံးခွ–သန်လျင်လမ်း (ရန်ကုန်တိုင်းဒေသကြီးအပိုင်း) အား ယခင် ၁၂ ပေ လမ်းအဆင့်မှ ၁၈ ပေ အကျယ် ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်တွင် အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့ (၁)မှ ငါးထပ်ပြည်သူ့ဆေးရုံနှင့် Oncology Unit ရှစ်ထပ်အဆောက်အဦ ဆောက်လုပ်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ အဆောက်အဦဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့က တည်ဆောက်ရေးလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အလိုက်ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီရေး၊ လက်ရာသေသပ်ကောင်းမွန်ရေး၊ လုပ်ငန်းများ အချိန်မီပြီးစီးရေး အထူးအလေးထား ဆောင်ရွက်ရန်မှာကြားပြီး အဆောက်အဦ တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လုံခြုံလည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကမ္ဘောဇသာဒီနန်းတော်ရာဝင်းအတွင်း ပြည်တွင်း၊ ပြည်ပ ခရီးသွားများ လည်ပတ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်

ပဲခူး နိုဝင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပဲခူးမြို့ ကမ္ဘောဇသာဒီနန်းတော်ရာဝင်းအတွင်း ပြည်တွင်း/ပြည်ပ ခရီးသွားများ ပိုမိုလာရောက်လည်ပတ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များ ပျော်ရွှင်အေးချမ်းလုံခြုံစွာအနားယူ အပန်းဖြေ လည်ပတ်နိုင်ရေးအတွက် ဖျော်ဖြေရေးကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် ဗဟုသုတ လေ့လာနိုင်ရေးကဏ္ဍများ ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကမ္ဘောဇသာဒီနန်းတော်သည်ပြည်တွင်းသာမက ပြည်ပနိုင်ငံများကပါ စိတ်ဝင်တစား လာရောက်လည်ပတ်ရသည့် နေရာတစ်ခုဖြစ်ကြောင်းနှင့် နိုင်ငံတကာခရီးသွားလမ်းညွှန် website ဖြစ်သည့် Museum Pool နှင့် ချိတ်ဆက်ဆောင်ရွက်သွားရန်၊ နန်းတော်ရာဝင်းအတွင်း တူးဖော်တွေ့ရှိထားသည့် ရှေးဟောင်းပစ္စည်းများအတွက် သီးခြားပြတိုက်ထားရှိရန်၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ သန့်ရှင်းသပ်ရပ်မှု ရှိစေရေးတို့ကို နန်းတော်ရာရပ်ကွက်တွင် တည်ရှိပြီး မြေဇရိယာ ၆၄ ဧကခန့် အကျယ်အဝန်းရှိသည့် ပဲခူးဘုရား တောင်ဘက်မုခ်အနီး နန်းတော်ရာရပ်ကွက်တွင် တည်ရှိပြီး မြေဇရိယာ ၆၄ ဧကခန့် အကျယ်အဝန်းရှိသည့် ပဲခူး အထူးအလေးထားဆောင်ရွက်ရန်နှင့် Travel Blogger များ ဖိတ်ခေါ်၍ ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

အထင်ကရနေရာတစ်ခု

ကမ္ဘောဇသာဒီနန်းတော်ကြီးသည် ပဲခူးမြို့ကျက်သရေဆောင် ဆုတောင်းပြည့် ရွှေမော်ဓော အထင်ကရနေရာတစ်ခုဖြစ်သည်။

ပြန်လည်ဖွင့်လှစ်ထားရှိ

ကမ္ဘောဇသာဒီနန်းတော်ကြီးသို့ တစ်နှစ်လျှင် ကမ္ဘာလှည့်ခရီးသွား နိုင်ငံခြားသားဦးရေ နှစ်သိန်း ချက်များနှင့်အညီ နိုဝင်ဘာ ၁၀ ရက်မှစတင်၍ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီခွဲအထိ ပြန်လည် ဖွင့်လှစ်ထားရှိကြောင်း ရှေးဟောင်းဇုန်ထဲတွင် ပါဝင်သည့် နီးပါးနှင့် ပြည်တွင်းခရီးသွား ဧည့်သည် ခြောက်သိန်းကျော် လာရောက်လည်ပတ်လေ့လာကြပြီး ယခုအခါကိုဗစ်–၁၉ စည်းကမ်းရက်မှစတင်၍ နေ့စဉ် နံနက် ၉ နာရီခွဲအထိ ပြန်လည် ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

သတင်းစဉ်

❄ ရှေ့ဖုံးမှ

စုစုပေါင်း ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ၄၀၁ဒေသ၀၀ doses ရောက်ရှိပြီးဖြစ်သည်။

လက်ခံရယူ

တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံသို့ Sinovac အမှတ်တံဆိပ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးသုံးသန်း doses လှူဒါန်းထားသည့်အနက် တတိယအသုတ်အဖြစ် Sinovac အမှတ်တံဆိပ် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးတစ်သန်း dosesနှင့် ဆေးထိုးအပ် ၁ ဒသမ ၅ သန်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့ ညနေ ၄နာရီခွဲတွင် ထပ်မံရောက်ရှိလာခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ကုသရေး/ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးဦးဆောင်သည့်အဖွဲ့က လက်ခံရယူသည်။

သို့ဖြစ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ထပ်မံလှူဒါန်းသည့် Sinovac အမှတ်တံဆိပ် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး သုံးသန်း doses သည် သုံးသုတ်ခွဲ၍ ယနေ့တွင် အပြည့်အစုံ ရောက်ရှိပြီးဖြစ်သည်။

ထိုးနှံပေးလျက်ရှိ

ကိုဗစ်–၁၉ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ နိုဝင်ဘာ ၂၀ ရက်အထိ လူဦးရေစုစုပေါင်း ၁၅ ဒသမ ၃ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ် အပြည့်ထိုးနှံပြီးစီးသူ ၁၀ ဒသမ ၄ သန်းနှင့် ပထမအကြိမ် ထိုးနှံပြီးစီးသူ ၄ ဒသမ ၉ သန်းရှိပြီးဖြစ်သည်။

သို့အတွက် နိုဝင်ဘာ ၂၀ ရက်အထိ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း ၂၅ ဒသမ ၈ သန်း ထိုးနှံပြီးဖြစ်သည်။ ထိုသို့ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာတွင် ကာကွယ်ဆေးထိုးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (VMIS) တွင် အချက်အလက်များကို စနစ်တကျ ထည့်သွင်းထားရှိ၍ QR code ပါရှိသည့် ကာကွယ်ဆေးထိုးနှံပြီးကြောင်း အသိအမှတ်ပြုကတ်ပြားများကိုလည်း ထုတ်ပေးလျက်ရှိသည်။

အထောက်အထားအဖြစ်ပြသ

ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးသူများ အနေဖြင့် ပြည်တွင်း/ပြည်ပ ခရီးသွားလာရာတွင် ဖြေလျှော့ပေးမှုများအလိုက် လွယ်ကူအဆင်ပြေစွာ သွားလာနိုင်ရေးအတွက် အဆိုပါကာကွယ်ဆေးထိုးနှံပြီးကြောင်း အသိအမှတ်ပြုကတ်ပြားများကို အထောက်အထားအဖြစ် ပြသနိုင်မည်ဖြစ်သည်။

အသိပေးနှိုးဆော်

မိဘပြည်သူများအနေဖြင့် မိမိအတွက် ရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို မပျက်မကွက် အကြိမ်ပြည့် ထိုးနှံမှုခံယူခြင်း၊ ပထမအကြိမ် ကာကွယ်ဆေးထိုးနှံမှုရရှိထားသူများ အနေဖြင့်လည်း ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံမှုကို သတ်မှတ်ရက်တွင်(သို့မဟုတ်) အနီးဆုံးသတ်မှတ်ကာလအတွင်းတွင် နီးစပ်ရာကာကွယ်ဆေးထိုးစုရုပ်များသို့ သွားရောက်၍ ထိုးနှံမှုခံယူခြင်း စသည့် ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန်နှင့် မိမိကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုဝင်များ၊ မိတ်ဆွေများတွင်လည်းကောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို အကြိမ်ပြည့်ခံယူရခြင်းမရှိသေးပါက ကာကွယ်ဆေးထိုးနှံခြင်းကို မပျက်မကွက် အကြိမ်ပြည့်ခံယူမှုပြုကြစေရေး တိုက်တွန်းနှိုးဆော်ပေးကြပါရန် ကျန်းမာရေးဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။

သတင်းစဉ်

စစ်ကိုင်းမြို့အတွင်း ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ လှူဒါန်း

စစ်ကိုင်း နိုဝင်ဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၂၁ ရက် မွန်းလွဲ ၃ နာရီက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်း၍ စစ်ကိုင်းမြို့အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုခဲ့ကြသည်။

အခမ်းအနားတွင် ဇိနောဒယပရိယတ္တိ စာသင်တိုက်ကြီး၏ ပဓာနနာယက ဆရာတော်ကြီး အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး စစ်ကိုင်းမြို့ ရတနာဂီရကျောင်းတိုက် ဆရာတော်ထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များ ကငါးပါးသီလ ခံယူဆောက်တည်ကြကာ ကြွရောက်လာကြသည့် ဆရာတော် သံဃာတော်များထံ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဇိနောဒယပရိယတ္တိ စာသင်တိုက်ကြီး၏ ပဓာနနာယက ဆရာတော်ဘုရားကြီးထံမှ အနုမောဒနာတရားများ နာယူကြည်ညိုကြပြီး လှူဖွယ်ဝတ္ထု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အဆိုပါ လှူဒါန်းပွဲတွင် ဘုန်းတော်ကြီးကျောင်း ၃၆ ကျောင်း၊ သီလရှင်ကျောင်း ၁၅ ကျောင်းရှိ သံဃာတော်နှင့် သီလရှင် ၄၁၄ ပါးတို့အတွက် လှူဒါန်းမှုတန်ဖိုးငွေကျပ် ၁၂၅ဒသမ ၅ သိန်းခန့်ရှိ ရတနာကျောင်းတိုက်ကြီး ဦးပဇိတ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ရှိ ရဟန်းသံဃာတော် ၄၃ ပါးအတွက် လှူဒါန်းမှုတန်ဖိုး ငွေကျပ် ၁၃၃၇၁၂၈၊ ဇိနောဒယပရိယတ္တိ စာသင်တိုက်ရှိ ရဟန်းသံဃာ ၅၂ ပါး၊ သာမဏေ ၂၀၂ ပါးတို့အတွက် လှူဒါန်းမှုတန်ဖိုး ငွေကျပ် ၇၀၅၆၂၅၀ စုစုပေါင်းလှူဒါန်းမှုတန်ဖိုးငွေကျပ် ၂၀၉၉၀၈၈၀ ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်ကိုင်းမြို့ ဇရာဝတီမြစ်ကမ်းအနီးရှိ သမိုင်းဝင်ထူပါရုံဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်၍ လှည့်လည်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မော်လမြိုင်မြို့ ကျက်သရေဆောင် ဆံတော်ရှင် ဦးဇိနစေတီတော်နှင့် သမိုင်းဝင် နဂါးမောက်စေတီတော် ဘက်စုံပြုပြင်နေမှုကို မွန်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှု

မော်လမြိုင် နိုဝင်ဘာ ၂၁

မော်လမြိုင်မြို့ ကျက်သရေဆောင် ဆံတော်ရှင် ဦးဇိနစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း၊ စိန်ဖူးတော် ၄က်မြတ်နားတော် အသစ်ပြန်လည်တင်လှူခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု ယနေ့နံနက် ၈ နာရီက မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုသည်။

ရှေးဦးစွာ စေတီတော်မြတ်ကြီး၏ သြဝါဒါစရိယဆရာတော်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စေတီတော်ပေါ်သို့ တက်ရောက်ပြီး စိန်ဖူးတော်နှင့် ၄က်မြတ်နားတော်တို့အား ဖူးမြော် ကြည့်ရှုစစ်ဆေးကာ အသစ် ပြန်လည်တင်လှူနိုင်ရေး ဘက်စုံပြုပြင်မွမ်းမံနေမှု အချိန်မီ ပြီးစီးရေး၊ ဘုရားဖူးလာပြည်သူများ ဓမ္မာရုံတွင် အနီးကပ်ဖူးမြော် ကြည်ညိုပြီး စိတ်အေးချမ်းသာစွာ ကုသိုလ်ယူနိုင်ရေးတို့အတွက် ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သမိုင်းဝင် နဂါးမောက်စေတီတော်မြတ်ကြီးသို့ သွားရောက်ကာ ဘက်စုံမွမ်းမံပြုပြင်နေမှု၊ ဥဃောတ်မြှင့်တင်နေမှု၊ စေတီတော်မွမ်းမံနေမှု၊ ထီးတော်တင်လှူနိုင်ရေး၊ ရင်ပြင်တော်ကြွေပြားခင်းကျင်းပြီးစီးနေမှု ငြမ်းလုပ်ငန်း စတင်ဆောင်ရွက်နေမှုနှင့် အခြားဘက်စုံမွမ်းမံတည်ဆောက်နေမှုတို့ကို ကြည့်ရှုသည်။

ဘက်စုံပြုပြင်မွမ်းမံ

မွန်ပြည်နယ်တွင် ဖူးမြော်ကြည်ညိုဖွယ်ရာ သမိုင်းဝင်တန်ခိုးကြီးဘုရား များစွာရှိသည့်အတွက် ကိုဗစ်-၁၉ အလွန်ကာလများတွင် ဘုရားဖူးရဟန်းရှင်လူပြည်သူများ စိတ်အေးချမ်းသာစွာ ကုသိုလ်ယူ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ဆရာတော်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့နှင့် အလှူရှင်များစုပေါင်းကာ ဘက်စုံပြုပြင်မွမ်းမံ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဒုတိယဝန်ကြီး ဦးအေးထွန်း မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး အကြီးစားပြင်ဆင်မွမ်းမံခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၁

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး အကြီးစားပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ၊ သာသနိကအဆောက်အအုံများ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဦးစီးဌာန၊ ဆောက်လုပ်ရေးအထူးအဖွဲ့(၂) တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ညှိနှိုင်းဆွေးနွေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးအဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာနာယကကျောင်းတော်ကြီးဘုရားခန်းမ၌ ကျင်းပလျက်ရှိသော အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ နဝမအစည်းအဝေးအကြိုညှိနှိုင်း ဒုတိယနေ့အစည်းအဝေးသို့ တက်ရောက်သည်။

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ နဝမအစည်းအဝေး၏ အကြိုညှိနှိုင်းအစည်းအဝေးပွဲများကို နိုဝင်ဘာ ၂၀ ရက်မှ ၂၅ ရက်အထိလည်းကောင်း၊ အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ နဝမအစည်းအဝေးပွဲကြီးကို နိုဝင်ဘာ ၂၆ ရက်မှ ၂၇ ရက်အထိလည်းကောင်း ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကချင်ပြည်နယ်၏ "တူယှဉ်ခွဲပျော်ဂီတပွဲတော်" တေးသီချင်းသီဆိုမှုပြိုင်ပွဲကျင်းပ

မြစ်ကြီးနား နိုဝင်ဘာ ၂၁

(၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသည့် အနေဖြင့် ကချင်ပြည်နယ်၏ "တူယှဉ်ခွဲပျော် ဂီတပွဲတော်" တေးသီချင်းသီဆိုမှုပြိုင်ပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ယခုအဆိုပြိုင်ပွဲသည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသည့် အစီအစဉ်ဖြစ်ကြောင်း၊ "တူယှဉ်ခွဲပျော် ဂီတပွဲတော်" တေးသီချင်းသီဆိုပြိုင်ပွဲနှင့် ဖျော်ဖြေပွဲတွင် ကချင်ပြည်နယ်ကိုယ်စားပြု ယှဉ်ပြိုင်နိုင်ရန်အတွက် အဆိုပညာရှင်များ ရွေးချယ်ခြင်းဖြစ်ကြောင်း၊ အဆိုပါပြိုင်ပွဲကို (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ပြည်သူများ မှတ်မှတ်ထင်ထင် သိရှိစေပြီး စစ်မှန်သော ပြည်ထောင်စု စိတ်ဓာတ် ထွန်းကားပြန့်ပွားစေရန်နှင့် ကိုဗစ်ရောဂါကာလအတွင်း ကိုယ်စိတ် နွမ်းနယ်လျက်ရှိသည့် ပြည်သူများအား ဖျော်ဖြေပေးနိုင်ရန်အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အကဲဖြတ်အမှတ်ပေးဒိုင်တစ်ဦးက ပြိုင်ပွဲစည်းကမ်းများနှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားပြီး မြစ်ကြီးနား၊ ဝိုင်းမော်နှင့် ဒေါ့ဖုန်းယန်မြို့နယ်တို့မှ အဆိုရှင်ခြောက်ဦးတို့က Grandfinal အဆင့်အဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ကချင်ပြည်နယ် ကိုယ်စားပြုဖြစ် အဆိုရှင် သုံးဦးအား စိစစ်ရွေးချယ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသော အဆိုရှင်များနှင့် အကဲဖြတ်ဒိုင်လူကြီးများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကို နိုဝင်ဘာ ၂၆ ရက်မှ ဖေဖော်ဝါရီ ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အသက် ၁၈ နှစ်မှ အသက် ၅၀နှစ် အတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ် တစ်ခုလျှင် အဆိုရှင် သုံးဦးနှုန်းဖြင့် စုစုပေါင်း ၄၅ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

(၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အကြိုဂုဏ်ပြုဆောင်းပါး

အမျိုးသားနေ့မှသည် အနာဂတ်ဆီသို့

ဒေါက်တာမောင်ကျော်ပါမောက္ခချုပ် (ငြိမ်း)

မြန်မာအမျိုးသားပညာရေးလှုပ်ရှားမှုတစ်ရပ် ၁၉၂၀ ပြည့်နှစ်ထဲမှာ ကြီးကြီးမားမား ပေါ်ပေါက်ခဲ့ပါတယ်။ လွတ်လပ်ရေးအတွက် ရှေ့ပြေးဖြစ်ခဲ့ပါတယ်။ ဒီလှုပ်ရှားဆောင်ရွက်ချက်ဟာ အမျိုးသားရေးကိစ္စကို ဗဟိုပြုခဲ့တာဖြစ်ပါတယ်။ အမျိုးသားအကျိုးစီးပွား (National Interest) ကောင်းကျိုးအတွက်ပဲ ဖြစ်ခဲ့ပါတယ်။ အထွေထွေနောက်မကျရေး၊ ဗလငါးတန်ဖွံ့ဖြိုးရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး၊ ပညာရည်မြင့်မားရေး၊ တိုင်းရင်းသားညီအစ်ကိုတွေနဲ့ စည်းလုံးညီညွတ်ရေးတို့ဟာ တကယ့်ကို ဦးတည်ရမယ့် အမျိုးသားရေးကိစ္စ၊ အမျိုးသားအကျိုးစီးပွားပဲဖြစ်ပါတယ်။

ဒီလှုပ်ရှားမှုရဲ့ အကြောင်းရင်းဇာစ်မြစ်ကတော့ မြန်မာနိုင်ငံမှာ ပေါ်ပေါက်လာတော့မယ့် ရန်ကုန်တက္ကသိုလ်မှာ မြန်မာတို့တက်ရောက်ရန် ခက်ခဲတဲ့ ဥပဒေကို ဗြိတိသျှအစိုးရက တင်သွင်းခဲ့တာက စခဲ့တာဖြစ်ပါတယ်။ သီပေါမင်းပါတော်မူတဲ့နှစ်က စရေတွက်မယ်ဆိုရင် မြန်မာနိုင်ငံဟာ သူ့ကျွန်ဘဝရောက်ခဲ့တာ နှစ်ပေါင်း သုံးဆယ်၊ လေးဆယ်နီးပါးကြာခဲ့ပြီဖြစ်ပါတယ်။ တိုင်းတစ်ပါးလက်အောက်က လွတ်မြောက်လိုတဲ့ဆန္ဒ ပြင်းပြတဲ့ကာလ၊ မြန်မာတို့ဟာ နိုးကြားခဲ့တာဖြစ်ပါတယ်။ အမျိုးသားကျောင်းများ ဖွင့်လှစ်သင်ကြားခဲ့ပါတယ်။ စာမေးပွဲများမှာ အင်္ဂလိပ်အစိုးရကျောင်းများ လောက် အောင်ချက်မကောင်းသော်လည်း မျိုးချစ်စိတ်၊ ဝံသာနုစိတ်၊ လွတ်လပ်ရေးရလိုတဲ့ စိတ်ဓာတ်များ မွေးမြူနိုင်တာမို့ အတိုင်းမသိ အကျိုးထူးခဲ့ပါတယ်။



၁၉၂၀ ပြည့်နှစ် သပိတ်၏အသီးအပွင့်များအဖြစ် မြန်မာပြည်အရပ်ရပ်တွင် အမျိုးသားကျောင်းများ ပေါ်ပေါက်ခဲ့ရာ အမျိုးသားကျောင်းများ၏အစ ရန်ကုန်မြို့ရှိ မြို့မကျောင်းကို တွေ့ရစဉ်။

မြန်မာနိုင်ငံ၏ သမိုင်းမော်ကွန်းများ

အမျိုးသားပညာရေးဖြစ်ဖို့ ကနဦးတာထွက်ခဲ့တဲ့ University Boycott မှသည် လွတ်လပ်ရေးရဖို့ သက်စွန့်ကြိုးပမ်းခဲ့တဲ့ တိုင်းရင်းသားလူမျိုးအသီးသီးတို့သည်လည်းကောင်း၊ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းချုပ်ကြီးတို့က အမျိုးစောင့်ဝံသာနုရက္ခိတ တရားပွားများအောင် ဆောင်ရွက်ချက်များသည် လည်းကောင်း၊ တို့ဗမာအစည်းအရုံး၏ နိုင်ငံရေးအမြင်ကြည်လင်စူးရှအောင် ဆောင်ရွက်ချက်များ သည်လည်းကောင်း၊ နိုင်ငံချစ်စိတ်မျိုးချစ်စိတ် ထက်သန်ကြသော ရဲဘော်သုံးကျိပ်အမျူးပြုသည့် မျိုးချစ်များနှင့် တိုင်းရင်းသား ပြည်သူလူထုလက်တွဲပြီး နိုင်ငံရေး ဆောင်ရွက်ချက်များသည် လည်းကောင်း မြန်မာနိုင်ငံ၏ သမိုင်းမော်ကွန်းများဖြစ်ပါတယ်။ ယနေ့ အချိန်အခါ ကာလမျိုးမှာ ပို၍ တမ်းတလွမ်းတသသ ဖြစ်ရပါတယ်။

လွတ်လပ်ရေးမရမီ၊ လွတ်လပ်ရေးရပြီးကာလမှာ ဗြိတိသျှ၊ အိန္ဒိယ၊ သီရိလင်္ကာနိုင်ငံတို့မှာ ဆိုရှယ်လစ်စနစ်ကျင့်သုံးတဲ့ကိစ္စဟာရေပန်းစားလေတော့ မြန်မာဟာလည်း ပြောဖွယ်ရာ မရှိဖြစ်တဲ့ကာလ၊ နိုင်ငံရေးအယူအဆ အတွေးအခေါ်တွေ အဖွဲ့အစည်း လူထုအတွင်းမှာ စိမ့်ဝင်ခဲ့ကာ သွေးခွဲသပ်သျှိုမှုတွေကို နိုင်ငံခေါင်းဆောင်တွေ ကြုံခဲ့ရပါတယ်။ မြန်မာဟာ အိန္ဒိယနဲ့ သီရိလင်္ကာ နိုင်ငံတို့နဲ့ မရှေးမနှောင်း လွတ်လပ်ရေးရခဲ့ပါတယ်။ အိန္ဒိယက ၁၉၄၇ ခုနှစ် သြဂုတ် ၁၅ ရက်မှာ လွတ်လပ်ရေးရခဲ့ပါတယ်။ အိန္ဒိယက ၁၉၅၀ ပြည့်နှစ်မှာ ဖွဲ့စည်းပုံနဲ့ သမ္မတနိုင်ငံ ထူထောင်ခဲ့ပါတယ်။ ဒီမတိုင်မီ ၁၉၄၆ ခုနှစ် စက်တင်ဘာ ၂ ရက်နေ့ကတည်းက ဖဆပလအဖွဲ့ချုပ်ခေါင်းဆောင်တွေဟာ အစိုးရအဖွဲ့ထဲကို ရောက်နေပြီဖြစ်ပါတယ်။ ပြည်တွင်းနိုင်ငံရေးအင်အားစုတွေ အာဃာတတွေ၊ မကျေမနပ်မှုတွေ ရှိခဲ့ပေလိမ့်မယ်။ “ဖဆပလအဖွဲ့ချုပ်ကြီး နှစ်ခြမ်းကွဲတော့မည်ကို ဦးသန့်က သိနေသည်။ အာဏာလွန်ဆွဲပွဲများ တစ်စတစ်စ ကြီးမားလာနေလေတော့ ဦးသန့်ကိုယ်တိုင်ပင်လျှင် မြန်မာ့နိုင်ငံရေးဇာတ်ခုံကို စိတ်ကုန်သလောက်ဖြစ်နေပြီ” လို့ မောင်ရွှေခေတ်ရေးသော ဦးသန့်၏ ဘဝအတွေ့အကြုံများ စာအုပ်တွင် ဖတ်ရှုရပါတယ်။

လူကောင်းဖြစ်အောင် ကြိုးစား

ပန်းတနော်အမျိုးသားကျောင်းဆရာကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ဟာ သူ့တပည့်များအား နှုတ်ဆက်စကားပြောကြားရာမှာ– “တပည့်တို့ လူတော် လူကောင်းဖြစ်အောင် ကြိုးစားကြပါ။ လူတော်မဖြစ်လျှင်တောင်မှ လူကောင်းဖြစ်အောင် ကြိုးစားကြပါ။ ဒီနေ့ဒို့နိုင်ငံမှာ လူတော်လည်း သိပ်ရှားတယ်။ လူဆိုးတွေလည်း အများကြီးပဲ” လို့ ထည့်သွင်းပြောသွားခဲ့တာကို ဖတ်ရပါတယ်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ပုဂ္ဂိုလ်ကြီးများ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခံလိုက်ရပါတော့တယ်။

ဘေးပယောဂတွေ ရှိခဲ့တာတွေက တစ်မှောင့်၊ အမျိုးသားရေး ဝိသေသ လက္ခဏာတွေကို သတိလက်လွတ်တဲ့ သဘောဆောင်ခဲ့ပါလိမ့်မယ်။ လွတ်လပ်ရေးရပြီး ပန်းတိုင်ရောက်ပြီမို့ နားနားနေနေ ပျော်ပျော်ရွှင်ရွှင်နဲ့ ခရီးဆက်ကြရမည့်အစား နိုင်ငံရဲ့ အင်အားစုတွေဟာ သဟဇာတ ဖြစ်မလာကြဘဲ အချင်းချင်း အားပြိုင် အနိုင်ယူလိုမှုအောက်မှာ ပြည်သူ့တွေဟာ ကျီးလန့်စာစား၊ ကံကိုရိုးမယ်ဖွဲ့ ဖြစ်သမျှအကြောင်း အကောင်းကြီးချည်းပဲလို့ ခံယူခဲ့သူ များပါတယ်။

လွတ်လပ်ရေးရရှိဖို့ မနေ့ကကိစ္စတွေကို ခွန်နဲ့အားနဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့ ဘိုးဘေးဘီဘင်တွေဟာ အနော်ရထာ၊ ကျန်စစ်သား စတဲ့ဘုရင်မင်းမြတ်နဲ့ ပုဂံခေတ်ပြည်သူတွေလို တာဝန်ကျေပွန်ခဲ့ပါတယ်။ သူတို့ရဲ့သာယာဝ ပြောမှုကို ရှေ့တန်းမတင်၊ အနစ်နာခံ၊ နေ့မအားညမနား အားထုတ်ခဲ့သူတွေ ဖြစ်ပါတယ်။ သူတို့ထားခဲ့တဲ့ အမွေအနှစ်အတွေ့အကြုံနဲ့ အသီးအပွင့်ဖြစ်တဲ့ လွတ်လပ်ရေးကို ကျွန်တော်တို့တစ်တွေ ခံစားရတာဖြစ်ပါတယ်။ မိဘ အဘိုးအဘွားတို့ရဲ့ခွန်အား အမြော်အမြင်နဲ့ စီမံပြုလုပ်ခဲ့တဲ့ အသီးအပွင့် အမွေအနှစ်တွေကို ခံစားကြသူတွေ ဖြစ်ပါတယ်။

ကောင်းမွေဆိုးမွေ

မနက်ဖြန်ကိစ္စတွေဟာ အနာဂတ်လူငယ်တွေနဲ့ ပြည်သူတွေပိုင်ဆိုင်ကြပါတယ်။ တာဝန်ယူကြရလိမ့်မယ်။ ကောင်းမွေဆိုးမွေတွေထဲက ဘယ်လိုကောင်းမွေတွေကို ခွဲခြားယူကြမလဲ ဆိုတာ သူတို့ဆုံးဖြတ်ကြရလိမ့်မယ်။ ကောင်းမွေတွေကို ယူတတ်ဖို့နဲ့ မကောင်းတာတွေ ပယ်တတ်တဲ့ အရည်အချင်းနဲ့ ဉာဏ်အမြော်အမြင်တွေရှိဖို့ ပြင်ဆင်ကြရပါလိမ့်မယ်။ “နိုင်ငံရေးနယ်ပယ်မှ ပါတီများဟာ တန်ဖိုးအသီးသီးရှိကြသည်ကို အဘက်ဘက်မှ ဝန်ခံရမယ်။ ကောင်းမွန်သော အခြေအနေကို ထင်ရှားစေပါသည်။ ပါတီစုံစနစ်တွင် ပါတီတွေများပြားလာပါက ဆရာများ သားသေ၊ ငါးသိုင်းများ ဟင်းဟုံသောအဖြစ်မျိုးနှင့် တူလေသည်” ဆိုသော ဦးသန့်၏ နိုင်ငံရေး အမြော်အမြင်အရ သုံးသပ်ချက်ဟာ မှန်နေပြီလော။

ယူကေဝန်ကြီးချုပ် ဂျွန်မေဂျာက ‘နိုင်ငံရေးဆိုသည် အတွေးအခေါ် ဝါဒ (ideology)ရဲ့ အခန်းကဏ္ဍ တစ်ခုတည်း မဟုတ်။ အဲဒီဝါဒရဲ့ လုပ်ငန်းစဉ်ကို လက်တွေ့ကျကျ သက်ဝင်လှုပ်ရှားပါဝင်ရမယ်။ နိုင်ငံရေးသမားတွေမှာ အာဏာရှိတဲ့အခါ၊ အစိုးရအဖွဲ့ထဲရောက်လာတဲ့အခါ၊ ရွေးချယ်မှုခံရတဲ့အခါ၊ တကယ်တမ်း ကြည့်ရှုစောင့်ရှောက်ရမှာက ထိုနိုင်ငံရဲ့ အကျိုးစီးပွားဖွံ့ဖြိုးရေးပဲ’ ဖြစ်တယ်လို့ ၁၉၉၈ ခုနှစ် မတ်လထုတ် Newsweek မဂ္ဂဇင်းမှာ ဖွင့်ဆိုထားတာကို တွေ့ရပါတယ်။

အရေးပါအရာရောက်ရမည်

ဦးသန့်သည် ဘယ်သောအခါမှ နိုင်ငံရေးပါတီသို့ ဝင်ရောက်ခြင်းမရှိ၊ ပါတီထောင်နိုင်သော လူသစ်တစ်ဦး ပေါ်လာတိုင်း ရင်ခုန်မိသည်။ တူညီဝတ်စုံနှင့် ပတ်သက်၍ ဦးသန့်က လွတ်လပ်မှုကို အားပေးသည်။ ဗိုလ်ချုပ်အောင်ဆန်းက အမိနိုင်ငံအတွက် ညီရင်းအစ်ကိုကဲ့သို့ တစ်စိတ်တစ်သဘောတည်း တညီတညွတ်တည်း ပူးတွဲ သစ္စာရှိမှုကို ညွှန်းသည်။ ပြည်တွင်းဖြစ် အထည်တွေကို ဝတ်ရမည်။ “အရေးပါအရာရောက်ရမည်” ဆိုသည့် ပင်ကိုစိတ်သဘောထား၊ “အမိနိုင်ငံ နိုင်ငံတော်အတွက်” “အရေးပါအရာရောက်ရမည်” စသည့် အမြော်အမြင်တို့ဟာ ထူးခြားတဲ့ အမျိုးသားရေးလက္ခဏာများပဲ ဖြစ်ပါတယ်။ “လွတ်လပ်မှုကို အားပေးသည်” ဟု ဦးသန့် ဆိုရာ၌ တစ်ရွာနှင့်တစ်ရွာ သီဆိုသော တေးသီချင်း၊ ရွတ်ဆိုသော ဂါထာ၊ ရိုးရာတိုင်းရင်းသားတို့ရဲ့ ထူးခြားလှပတဲ့ ဝတ်စုံဟာ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ် ဆန်းကိုဆန်းရမည်။ စွမ်းရည်အသီးသီးရှိကြသည်ကို အမြင့်ဆုံးသို့ ရောက်ရန် ညွှန်းခြင်းဖြစ်တယ်လို့ မြင်ပါတယ်။

ထိန်းကျောင်း တည့်မတ်ပေး

အမျိုးသားရေးကိစ္စတွေ တည်တံ့ရှင်သန်အောင်၊ ထွန်းကားအောင် စာပေတွေ၊ ဂီတအနုပညာ ပန်းချီကားချပ်ကြီးတွေ၊ ယဉ်ကျေးမှုအမွေအနှစ်တွေနဲ့ သဘာဝအလှအပတရားတွေက ထိန်းပေးနိုင်ပါတယ်။ အမြင့်ဆုံးထိန်းကျောင်း တည့်မတ်ပေးနိုင်တာကတော့ ပညာရေးပဲ။ ပညာရေးဟာ နိုင်ငံနဲ့ လူမျိုးရှင်သန်မှု ဖွံ့ဖြိုးတိုးတက်မှုနဲ့ လူ့ဘောင်ရဲ့ ညီညွတ်မှု၊ တည်ငြိမ်အေးချမ်းမှုရဲ့ အရင်းခံဖြစ်ပါတယ်။ ပညာရေးက အမြော်အမြင်နဲ့ ဉာဏ်ရည်ဉာဏ်သွေးမြင့်အောင် နှလုံးရည်မြင့်မားအောင်ထိ စွမ်းဆောင်နိုင်ပါတယ်။ နိုင်ငံနဲ့လူမျိုးရဲ့အသက်ဝိညာဉ်ဟာ ပညာရေးပဲဖြစ်ပါတယ်။

အမျိုးသားရေးလက္ခဏာတွေ ရှိတဲ့ နိုင်ငံတွေကို ထောက်ပြပါဆိုလျှင် လေ့လာဆည်းပူးမှုအရ ဂျာမနီနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနဲ့ ဂျပန်နိုင်ငံတို့ ဖြစ်ပါတယ်။ ဂျပန်ဟာ စစ်ရှုံးတော့ စစ်လျော်ကြေးပေးရတဲ့နိုင်ငံ၊ ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာမှာ ပြာပုံဘဝက ထခဲ့ရတယ်လို့ ခန့်မှန်းလို့ရပါတယ်။ ဂျပန်ဟာ တိုင်းပြည်ရဲ့ ၁၀ ရာခိုင်နှုန်းကို အရင်းရှင်စနစ်၊ ကျန် ၉၀ ရာခိုင်နှုန်းကို ဆိုရှယ်လစ်စီးပွားရေးစနစ်နဲ့ တိုင်းပြည်ကို ပြာပုံကထဖို့ နှစ်ပြိုင်စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့တာ အလုပ်ဖြစ်ခဲ့တယ်။ Made in Japan ဆိုတာ ‘အရည်အသွေးညံ့ လိုက်တာ’ဆိုတဲ့ ပြက်ရယ်ပြုတဲ့ စကားကို သည်းခံနိုင်စွမ်းရှိတယ်။

စာမျက်နှာ ၇ သို့

■ **ပညာရေးဟာ နိုင်ငံနဲ့ လူမျိုးရှင်သန်မှု ဖွံ့ဖြိုးတိုးတက်မှုနဲ့ လူ့ဘောင်ရဲ့ ညီညွတ် မှု၊ တည်ငြိမ်အေးချမ်းမှုရဲ့ အရင်းခံဖြစ် ပါတယ်။ ပညာရေးက အမြော်အမြင်နဲ့ ဉာဏ်ရည်ဉာဏ်သွေးမြင့်အောင် နှလုံးရည်မြင့်မားအောင်ထိ စွမ်းဆောင်နိုင်ပါတယ်။ နိုင်ငံနဲ့လူမျိုးရဲ့ အသက်ဝိညာဉ်ဟာ ပညာရေးပဲဖြစ်ပါတယ်**

၂၀၂၁ ခုနှစ်၊ (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး။
★ ပြည်ထောင်စုတစ်ဝန်းလုံး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာအဆင့် မြှင့်တင်ဆောင်ရွက်ရေး။
★ မျိုးချစ်စိတ်ဓာတ်ကို အရင်းခံသည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထက်မြက်ရေး။
★ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းစွာဖြင့် တိုင်းရင်းသားပေါင်းစုံ အတူတကွ ယှဉ်တွဲနေထိုင်ရေး။

၂၀၂၁ ခုနှစ်၊ (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

နိုင်ငံသာယာဝပြောဖို့၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စို့။

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက် (၂၈-၁၁-၂၀၂၁)

မြဝတီမြို့၌ (၁၀၁)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာအုပ်စာစောင်ပြပွဲကျင်းပ

မြဝတီ နိုဝင်ဘာ ၂၁

ကရင်ပြည်နယ် မြဝတီမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် (၁၀၁) နှစ်မြောက် အမျိုးသား

အောင်ပွဲနေ့ အထိမ်းအမှတ် စာအုပ်စာစောင်ပြပွဲကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါ စာအုပ်စာစောင် ပြပွဲသို့ မြဝတီမြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများ၊ စာပေဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးပြီး မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက စာအုပ်အမျိုးအစားနှင့် စာပေဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

အမျိုးသား အောင်ပွဲနေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်း၊ အမျိုးသားရေးစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် အသိပညာ ဗဟုသုတများ ရရှိစေရေးအတွက် စာအုပ် စာစောင်ပြပွဲကို ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း ကွင်းဆင်းဆောင်ရွက်ပေး

ကျောင်းကုန်း နိုဝင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ကျောင်းကုန်းမြို့နယ် လေ့ကွဲလဟာကျေးရွာတွင် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို ယနေ့ နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ပေးသည်။

ကျောင်းကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဝင်းရှိန်က နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးသည့် အသက်(၁၀)နှစ်ပြည့်၊ အသက်(၁၈)နှစ်ပြည့်ပြီးသူ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနေမှုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံးပျက်စီးသူ ပြည်သူများအား ပန်းခင်းစီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြန်လည်ထုတ်ပေးနေခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ဒုတိယလဝကမှူး ဒေါ်ခင်စန္ဒာစုက အိမ်ထောင်စုလူဦးရေစာရင်း ၈၀ နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၁၅ ကတ်ကို ကွင်းဆင်းဆောင်ရွက်ပေးသည်။

နိုင်ငံတစ်ဝန်း အသက် (၁၈) နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ် မရှိသေးသော ပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် (၁၈) လကြာ အချိန်ယူကာ ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းကုန်းမြို့နယ် အနေဖြင့် ရပ်ကွက်နှင့် ကျေးရွာများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး အခက်အခဲရှိသည့် ကျေးရွာများရှိ ဒေသခံပြည်သူများအား မြို့နယ်ဦးစီးမှူးရုံးသို့ ဖိတ်ခေါ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ဆောင်ရွက်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနေမှုကို ပြည်သူများက ပိုမိုသိရှိလာပြီး ဌာန၏ ဆောင်ရွက်ချက်များအပေါ် ပူးပေါင်းပါဝင်မှုတိုးတက်လာနိုင်ကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။

ဝင်းကြိုင်(ပြန်/ဆက်)

စာမျက်နှာ ၆ မှ

သင်ယူလိုစိတ်၊ အများတကာထက် နောက်ကျ ကျန်ရစ်မှာကို စိုးရိမ်တဲ့စိတ်တွေဟာ ဂျပန်တို့အတွက် ချမ်းသာခြင်းအကြောင်းတရားတွေပဲ။ အမျိုးကိုချစ်တဲ့စိတ် အမျိုးသားရေးစိတ်ဓာတ်မယိမ်းမယိုင် ခိုင်မာလို့ပဲလို့ သုံးသပ်ပါတယ်။ ၁၉၈၀ ပြည့်နှစ်များမှာ ဂျပန်ရဲ့ ဗျူရိုကရက်တစ် အရင်းရှင်စနစ်ဟာ အုံ့သြဖွယ်ကောင်းလောက်အောင် အောင်မြင်ခဲ့တာ တွေ့ရပါတယ်။ ၁၉၉၇ ခုနှစ်မှာ အဆင့်မြင့်ပညာရှင်တွေ နည်းပညာလုပ်သားပညာရှင် အင်အား ၆၇ ဒသမ ၉ သန်းထိ ရောက်ခဲ့ပါတယ်။ ဆိုရှယ်လစ်၊ အရင်းရှင်နိုင်ငံရေးအင်အားစုတောင့်တင်းသလို နည်းပညာရှင် အင်အားဟာလည်း အမျိုးသားရေး အင်အားစုပဲ။ မြင့်မားတဲ့ ဒီနည်းပညာစွမ်းပကားဟာ နှစ်သုံးရာကြာ ရပ်တည်နေမယ့် အာရှက နိုင်ငံတစ်နိုင်ငံ ဖြစ်တယ်လို့ ခန့်မှန်းကြပါတယ်။ နှစ်ခြမ်းကွဲခဲ့တဲ့ ဗီယက်နမ်၊ ဂျာမနီနိုင်ငံတို့ဟာ နိုင်ငံရေးအင်အားစုတွေ၊ ကာကွယ်ရေးအင်အားစုတွေ ကောင်းလို့၊ ကွဲပြားခြားနားတဲ့ နိုင်ငံရေးသဘောတရား (Ideology) အပေါ် သဘောထားကြီးနိုင်တဲ့ အမျိုးသားရေးအမြော်အမြင်၊ ဂျာမန်ဆိုတဲ့ အမျိုးသားရေးစိတ်ဓာတ်တွေက ပေါင်းစည်းပေးလိုက်တယ်လို့ ပြောရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ လူဦးရေထူပြောတဲ့ တရုတ်၊ အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ် နိုင်ငံကြားမှာရှိတယ်။ တိုင်းတစ်ပါးအောက် ရောက်ခဲ့ပြီဆိုကတည်းက မြန်မာတို့ ရုန်းကန်ကြီးထွားလာခဲ့ရပုံတွေဟာ အခြားသော နိုင်ငံတွေနဲ့မတူညီခဲ့တော့ပါဘူး။ အနီးစပ်ဆုံး ဥပမာကတော့ ထိုင်းနိုင်ငံပါပဲ။ ကိုလိုနီနိုင်ငံမဖြစ်ခဲ့ပါဘူး။ ဘုရင်စနစ်ဟာ ယနေ့တိုင် တည်မြဲလျက်ရှိနေပါတယ်။

မြန်မာ့နိုင်ငံရေး အကျပ်အတည်း

ပြန်ပြီးကောက်ရရင် လွတ်လပ်ရေးရခါစ၊ ရပြီးနောက်ပိုင်း ၁၀ နှစ်အတွင်းမှာ မြန်မာ့နိုင်ငံရေး အကျပ်အတည်းရှိခဲ့တာကို တွေ့ရပါတယ်။ လက်နက်စွဲကိုင်မှုတွေအထိ မြင်ခဲ့တော့ မြန်မာ့တပ်မတော်ဟာ အမိနိုင်ငံတော်အတွက် အမျိုးသားနိုင်ငံရေးထဲ ရောက်လာရပါတော့တယ်။ အမေရိကန်စတိုင် ဒီမိုကရေစီနည်းလမ်းနဲ့ ဖြေရှင်းပေးဖို့ အခြေအနေမပေးလေတော့ တပ်ကို တွန်းပို့လိုက်သကဲ့သို့ ဖြစ်ခဲ့တယ်လို့ သုံးသပ်ရမှာ ဖြစ်ပါတယ်။ တိုင်းရင်းသားညီအစ်ကိုတွေထိ အချင်းချင်း ထိပ်တိုက်ရင်ဆိုင်မှုတွေဟာ ပြင်းထန်လာခဲ့တယ်။ တစ်ဦးနဲ့တစ်ဦး တစ်ဖွဲ့နဲ့တစ်ဖွဲ့ ခါးသီးမှု၊ မုန်းတီးမှု ထိရောက်ခဲ့လာတော့ သယံဇာတ၊ လမ်းတံတားတွေ ဆုံးရှုံးတာ အဓိကမဟုတ်၊ အေးအတူပူအမျှ ငြိမ်းငြိမ်းချမ်းချမ်းနေလိုတဲ့ ဆန္ဒ၊ အမျိုးသား အကျိုးစီးပွားရှေးရှုတဲ့ဝိသေသ၊ နိုင်ငံတကာအလယ်မှာ ထည်ထည်ဝါဝါနဲ့နေနိုင်တဲ့ လက္ခဏာတွေကအဓိကဖြစ်လာတာ တွေ့ရပါတယ်။ ၂၀၀၀ ပြည့်နှစ်များမှာ အမျိုးသားရေး စရိုက်လက္ခဏာတွေ တည့်မတ်လာတာ တွေ့ရပါတယ်။ ပညာရေး လက်လှမ်းမီအောင် လူရှိတဲ့နေရာမှာ ကျောင်းဆောက်၊ အရည်အချင်း မြင့်သထက်မြင့်အောင်၊ ပညာတတ်သည်ထက် တတ်အောင်၊ ကျွမ်းကျင်မှု အရည်အသွေး မြင့်သည်ထက်မြင့်အောင်၊ တက္ကသိုလ်၊ ကောလိပ်တွေ တည်ထောင်ခဲ့တာ၊ အမျိုးသားရေး လူစွမ်းအားအရင်းအမြစ် မွေးထုတ် ဆောင်ကြဉ်းပေးခြင်းပဲဖြစ်တယ်။ စီးပွားရေးဖွံ့ဖြိုးလာအောင် တိုင်းရင်းသားလုပ်ငန်းရှင်တွေ ပေါ်ပေါက်နိုင်အောင်၊ တောင်ပေါ် မြေပြန့် ညီအစ်ကိုအချင်းချင်းတွေ နိုင်သွားနိုင်လာနိုင်အောင် အင်အားထည့်လုပ်ခဲ့တာတွေကိုလည်း အသိအမှတ်ပြုရ မှာဖြစ်ပါတယ်။ အနှစ်နှစ်အလလက ကြံစည်စိတ်ကူးခဲ့တဲ့ အဝေးပြေးလမ်းမကြီးနဲ့ နေပြည်တော်ကို အကောင်အထည်ဖော်တာ တွေ့ရမှာဖြစ်ပါတယ်။

လွတ်လပ်ရေးကိုထိန်းသိမ်း စောင့်ရှောက်

အနှစ်ချုပ်ကိုတင်ပြရရင် အမျိုးသားရေး ဝိသေသများဖြစ်တဲ့- နိုင်ငံလွတ်လပ်ရေးကို ထိန်းသိမ်း စောင့်ရှောက်ကြရလိမ့်မယ်။ နှစ်ပေါင်း ထောင်သောင်းမက အေးအတူပူအမျှ အတူတကွ နေထိုင်ခဲ့ကြတဲ့ တိုင်းရင်းသား ညီအစ်ကိုတစ်တွေနဲ့အတူ လက်တွဲကာ ရှေ့ခရီးကို အမျိုးသားနေ့မှသည် အနာဂတ်ဆီသို့ ပျော်ပျော်ပါးပါးနဲ့ လျှောက်လှမ်းကြရလိမ့်မယ်။ ယနေ့အချိန်အခါမှာ နိုင်ငံရေးတည်ငြိမ်မှု ရင့်ကျက်လာအောင် အကိုင်းအခက် အသီးအပွင့်တွေ ဝေဝေဆာဆာ ဖြစ်တဲ့ အရိပ်ရသစ်တောကြီးဖြစ်အောင် ရေးရှုကြရလိမ့်မယ်၊ စုပေါင်းအားနဲ့ အေးအေးဆေးဆေး ဖြည်းဖြည်းနဲ့မှန်မှန် တည်ထောင်ကြရပေဦးမည်။ “တောကောင်းသဖြင့် ကျားလုံ၊ ကျားရှိသဖြင့် တောလည်း လုံခြုံ” သကဲ့သို့ အချင်းချင်း အပြန်အလှန် အကျိုးပြုကြခြင်းဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံအဖြစ် ရပ်တည်နိုင်မှာ ဖြစ်ပါကြောင်း (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုရေးသားအပ်ပါသည်။ ။

ကျမ်းကိုး

- Myanmar, Facts and Figures March, 2000, Ministry of Information, Myanmar
- ဦးသန့်၏ဘဝအတွေ့အကြုံများ မောင်ရွှေခေတ်
- နှစ်ဆယ်ရာစု မြန်မာနိုင်ငံ၊ ရန်ကုန်တက္ကသိုလ် ပညာရေးဝန်ကြီးဌာန၊ ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်ဆောင်းပါး(၂) ပြန်ကြားရေးဝန်ကြီးဌာန၊ ၂၀၂၁ ခုနှစ်၊ ဇွန်လ
- Asia Pacific: Its Role in the new World Order, (Myanmar Burma) by MS Dobbs – Higginson, New Light of Myanmar (Month? 1998)

ပြည်သူလူထု၏ အဆုံးအဖြတ်ဖြင့် ...

မျိုးငြိမ်းငယ်

မြန်မာနိုင်ငံမှာ ဒီမိုကရေစီအတွက်လို့ ဆိုပြီး၊ ဓမ္မလို့ ဟစ်ကြွေးပြီး အဲဒါတွေနဲ့ဆန့်ကျင်ဘက် အဓမ္မမှု ကျူးလွန်နေသူတွေရဲ့ တော်လှန်ရေးဟာ လူထုအတွက် တစ်နေ့တခြား စိတ်ချောက်ချားဖွယ်ဖြစ်နေရပါတယ်။ သူတို့ကတော့ ဓမ္မလို့ ဆိုကြပေမယ့် လူထုအတွက်တော့ အဓမ္မတွေဖြစ်နေပါတယ်။ သူတို့ပြောတဲ့ ဓမ္မဆိုတာ ဘယ်ရှုထောင့်၊ ဘယ်လိုအမြင်၊ ဘယ်လိုခံယူချက်ဆိုတာတော့ တိတိကျကျ မပြောတတ်ပါဘူး။ နားလည်လက်ခံထားတဲ့ ဓမ္မဝါဒီဟာ နားလည်မှု၊ ကိုယ်ချင်းစာတရား၊ အပြန်အလှန်လေးစားမှု၊ တရားမျှတမှု စတဲ့ကျင့်ဝတ်တွေအပေါ် အခြေခံထားတာပါ။ တစ်ဖက်သတ်အမြင်၊ တစ်ဖက်သတ်လိုလားချက်၊ တစ်ဖက်သတ်ရှုထောင့်တော့ မဟုတ်တာ သေချာပါတယ်။ အရပ်စကားပြောရရင် ငါလိုချင်တာရရင် အားလုံးတရားတယ်၊ ငါလိုချင်တာမရရင် အားလုံးက မတရားဘူးဆိုတဲ့ အယူအဆကတော့ တရားမျှတမှုဆိုတာထက် အတ္တဝါဒီသဘော၊ တစ်ဖက်စွန်းသဘော သက်ရောက်နေပါတယ်။

ဒီတော့ ဓမ္မဆိုတာကို သူ့ဘက်၊ ကိုယ့်ဘက်၊ လူ့အသိုက်အဝန်းတစ်ခုလုံးဆိုတဲ့ အမြင်၊ ရှုထောင့်နဲ့ လုပ်ရပ်တွေနဲ့ တိုင်းတာဖို့ လိုလာပါတယ်။ လူ့အသိုက်အဝန်း၊ လူ့အဖွဲ့အစည်းမှာ လူမှုတရားမျှတမှုဖြစ်ဖို့ဆိုရင် အခုလို အကြမ်းဖက်လုပ်ရပ်တွေက အကျုံးဝင်ပါ့မလား။ တော်လှန်ရေးတစ်ရပ်မှာ အနစ်နာခံမှုတွေ၊ ပေးဆပ်မှုတွေ၊ ရင်းနှီးမှုတွေရှိရမယ်ဆိုပေမယ့် ဒီတော်လှန်ရေးဟာ ဘယ်သူ့အတွက်လဲ၊ ပြည်သူတွေအတွက်လား၊ အများကောင်းကျိုးအတွက်လားဆိုတာတော့ သိဖို့လိုမှာပါ။

ဘာကြောင့်လဲဆိုတော့ အခုတိုက်ခိုက်သတ်ဖြတ်ခံနေရတာတွေက လက်နက်မဲ့ ပြည်သူတွေအပြင် ဘုန်းတော်ကြီးတွေတောင်ပါနေပါပြီ။ ဒီလို သတ်ဖြတ်ခံနေရတဲ့သူတွေကရော ဒီနိုင်ငံရေးဖြစ်စဉ်တွေမှာ တိုက်ရိုက်သက်ဆိုင်နေကြလို့လား။ ကြွက်မနိုင် ကျီမီးနဲ့ရှို့ဆိုတာမျိုး မနိုင်နိုင်ရာလုပ်နေတာ၊ စိတ်ခံစားချက်နဲ့လုပ်နေတာကိုတော့ တရားမျှတမှုလို့ မခေါ်ထိုက်ပါဘူး။ အဖြူမဟုတ်ရင် အမည်းပဲဖြစ်ရမယ်ဆိုတဲ့ အတွေးလောက်နဲ့ ငါတို့ကို မထောက်ခံသူဟာ တစ်ဖက်ကို ထောက်ခံအားပေးသူ ဖြစ်ရမယ်ဆိုပြီး ရန်သူသတ်မှတ်တယ်။ ဘယ်ဘက်မှမပါဘဲနေသူကိုလည်း ငါတို့ကို မထောက်ခံလို့ဆိုပြီး ရန်သူသတ်မှတ်ပြန်ပါတယ်။ အဲဒီလိုအမြင်မတူတဲ့သူတွေ၊ သဘောထားမတူသူတွေကို ဒလန်လို့စွပ်စွဲ၊ ရန်သူလို့သတ်မှတ်နဲ့ အကြမ်းဖက်သတ်ဖြတ်နေကြတာ ဓမ္မလို့ ဆိုနိုင်မလား။ တရားမျှတမှုရော ဖြစ်နိုင်ပါ့မလား။

ဓမ္မအရေခြုံထား

ဒီလို အကြမ်းဖက်လုပ်ရပ်တွေကို လုပ်ဖို့ ဦးဆောင်နေတဲ့သူတွေက ဓမ္မအရေခြုံထားပြီး လူငယ်တွေကို အကြမ်းဖက်မှုတွေမှာ အသုံးချနေကြပါတယ်။ လူငယ်တွေကို အကြမ်းဖက်နိုင်ငံရေးမှာ ဆွဲသွင်းလာကြပါတယ်။ လူငယ်နဲ့နိုင်ငံရေးဆိုတာ မကင်းပါဘူး။ လူငယ်တွေ နိုင်ငံရေးအသိအမြင်တွေ ကြွယ်ဝဖို့၊ နိုင်ငံရေးဆိုင်ရာတွေမှာ ဆုံးဖြတ်နိုင်စွမ်းရှိဖို့ နိုင်ငံရေးသိပ္ပံလို ဘာသာရပ်တွေတောင် သင်ကြားပေးနေတာပါ။ ဒီတော့ လူငယ်တွေ နိုင်ငံရေးကို စိတ်ဝင်စားတာ၊ ကိုယ့်နိုင်ငံအရေးကို စိတ်ဝင်စားတာဟာ ကောင်းတဲ့လက္ခဏာဖြစ်ပါတယ်။ ဒါပေမယ့်လူငယ်တွေ နိုင်ငံရေးမှာ စိတ်ဝင်စားလာအောင် သင်ကြားတာ၊ အတွေ့အကြုံ မျှဝေပေးတာ၊ လက်တွဲခေါ်ယူတာဆိုရင်တော့ ကောင်းတဲ့ အကျိုးရလဒ်တွေ မျှော်မှန်းနိုင်ပေမယ့် အကြမ်းဖက်နိုင်ငံရေး လှည့်ကွက်တွေထဲမှာ လူငယ်တွေကို အသုံးချတာကတော့ နိုင်ငံရေးသမားကောင်းတို့ရဲ့ စိတ်ဓာတ်နဲ့လုပ်ရပ်မဟုတ်ပါဘူး။ ကျင့်ဝတ်မဲ့တဲ့ နိုင်ငံရေးပါပဲ။

> **✻ ဒီလို အကြမ်းဖက်လုပ်ရပ်တွေကိုလုပ်ဖို့ ဦးဆောင်နေတဲ့သူတွေက ဓမ္မအရေခြုံထားပြီး လူငယ်တွေကို အကြမ်းဖက်မှုတွေမှာ အသုံးချနေကြပါတယ်။ လူငယ်တွေကို အကြမ်းဖက်နိုင်ငံရေးမှာ ဆွဲသွင်းလာကြပါတယ်။ လူငယ်နဲ့နိုင်ငံရေးဆိုတာ မကင်းပါဘူး။ လူငယ်တွေ နိုင်ငံရေးအသိအမြင်တွေ ကြွယ်ဝဖို့၊ နိုင်ငံရေးဆိုင်ရာတွေမှာ ဆုံးဖြတ်နိုင်စွမ်းရှိဖို့ နိုင်ငံရေးသိပ္ပံလို ဘာသာရပ်တွေတောင် သင်ကြားပေးနေတာပါ။ ဒီတော့ လူငယ်တွေ နိုင်ငံရေးကို စိတ်ဝင်စားတာ၊ ကိုယ့်နိုင်ငံအရေးကို စိတ်ဝင်စားတာဟာ ကောင်းတဲ့လက္ခဏာဖြစ်ပါတယ်။ ဒါပေမယ့်လူငယ်တွေ နိုင်ငံရေးမှာ စိတ်ဝင်စားလာအောင် သင်ကြားတာ၊ အတွေ့အကြုံ မျှဝေပေးတာ၊ လက်တွဲခေါ်ယူတာဆိုရင်တော့ ကောင်းတဲ့ အကျိုးရလဒ်တွေ မျှော်မှန်းနိုင်ပေမယ့် အကြမ်းဖက်နိုင်ငံရေး လှည့်ကွက်တွေထဲမှာ လူငယ်တွေကို အသုံးချတာကတော့ နိုင်ငံရေးသမားကောင်းတို့ရဲ့ စိတ်ဓာတ်နဲ့လုပ်ရပ်မဟုတ်ပါဘူး။ ကျင့်ဝတ်မဲ့တဲ့ နိုင်ငံရေးပါပဲ**

ဖြူစင်ကြတဲ့လူငယ်တွေကို ဓမ္မအတွက်၊ တရားမျှတမှုအတွက်ဆိုပြီး အသုံးချနေတာကြောင့် လူငယ်တွေရဲ့ အနာဂတ်ဘဝအတွက် အမှားလမ်းပြပေးနေသလို လတ်တလော ကျောင်းသားလူငယ်တွေရဲ့ဘဝတွေ ထိခိုက်ပျက်စီးနေရပါတယ်။ တစ်ဖက်မှာဆိုရင်လည်း လက်နက်မဲ့ပြည်သူတွေ သတ်ဖြတ်ခံနေရပါပြီ။ ဘယ်ဘက်ကကြည့်ကြည့် ဆုံးရှုံးမှုတွေချည်းပဲတွေ့နေရပါတယ်။ အနာဂတ်နိုင်ငံရေးမှာလည်း ရရင်ရ မရရင်ချဆိုတဲ့ အစဉ်အဆက်မှားခဲ့တဲ့ အမှားသံသရာထဲ ဆွဲခေါ်နေပြန်ပါတယ်။ ရိုးသားတဲ့လူငယ်တွေ၊ နိုင်ငံရေးအတွေ့အကြုံ နည်းပါးသေးတဲ့ လူငယ်တွေကို ဓမ္မအရေခြုံပြီး အသုံးချနေကြတာကြောင့် မြန်မာ့နိုင်ငံရေးမှာတော့ ဆိုးရွားလွန်းတဲ့ ဖြစ်စဉ်ဖြစ်ရပ်ဖြစ်နေပါတယ်။

ကတိနှင့် လက်တွေ့

အဲဒီတော့ ဒီနေ့ဓမ္မလို့ဆိုနေသူတွေဟာ ပြီးခဲ့တဲ့ အစိုးရသက်တမ်းမှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးတွေမှာ ပါဝင်ခဲ့တဲ့သူတွေ အများစုပါ။ သူတို့အာဏာရစဉ်က၊ လုပ်ပိုင်ခွင့်ရစဉ်က ဘယ်လိုပြောခဲ့သလဲ၊ ဘာတွေ ကတိပေးခဲ့ကြသလဲ၊ ဘယ်လိုလုပ်ခဲ့သလဲဆိုတာ မမေ့နိုင်သေးပါဘူး။ ဓမ္မဖြစ်ခဲ့ကြပါသလားဆိုတာ အခုအချိန်ပြန်မေးရမှာပါ။ လူငယ်တွေဆိုတာ ခေါင်းထဲထားခဲ့သလား၊ နေရာပေးခဲ့ကြလားဆိုတာ ပြန်စဉ်းစားဖို့သင့်ပါတယ်။ အင့ားဗိုက်နဲ့ဓားထိုးခံသလို ဒုက္ခတွေပင်လယ်ဝေတဲ့အချိန်ကျမှ ပြည်သူတွေ၊ လူငယ်တွေကို ရှေ့တန်းတင်အသုံးချလာတာ တရားမျှတမှု ဖြစ်နိုင်/မဖြစ်နိုင် စဉ်းစားဖို့သင့်ပါတယ်။

ဒီတော့ NLD ကို အာဏာမရခင် အတိုက်အခံအဖြစ်နေစဉ်ကအပိုင်း၊ အာဏာရရှိစဉ်အပိုင်းနဲ့ အာဏာလက်လွတ်တဲ့အပိုင်းဆိုတဲ့ အပိုင်းတွေကို ဆက်စပ်လိုက်ရင် NLD ခေါင်းဆောင်ပိုင်းရဲ့ ရှုပ်လုံးကို မြင်သာနိုင်ပါတယ်။ ဒီလိုဆိုလို့ ပါတီတစ်ရပ်အပေါ်မှာ အလုံးစုံအဆိုးမြင်ဝါဒီအမြင်နဲ့ ကြည့်လိုခြင်း မဟုတ်ပါဘူး။ ဒါပေမယ့် လက်နက်မဲ့လူထုအပေါ်အကြမ်းဖက်တိုက်ခိုက်နေတဲ့၊ ဘုန်းတော်ကြီးတွေကို အပြိုးကြီးစွာ သတ်ဖြတ်နေတဲ့၊ ကျောင်းဆရာဆရာမတွေကို ရက်စက်စွာ သတ်ဖြတ်နေတဲ့သူတွေကို ဦးဆောင်နေသူအများစုဟာ NLD ကမ္မေးထုတ်ထားတာကြောင့်မို့လို့ပဲ ဖြစ်ပါတယ်။ ဒီနေ့ ဓမ္မသမားတွေ တွင်တွင်ကျယ်ကျယ်ပြောနေတဲ့ ဖက်ဒရယ်တွေ၊ ဒီမိုကရေစီဆိုတာတွေဟာ လွန်ခဲ့တဲ့အစိုးရသက်တမ်း ငါးနှစ်အတွင်းမှာ ပြန်ဆန်းစစ်ကြည့်လိုက်ရင် ပူပူနွေးနွေးအဖြေကို ရနိုင်ပါတယ်။ အချက်အလက်တွေ ခိုင်ခိုင်မာမာရှိနေဆဲပါ။ အနီးစပ်ဆုံး ဥပမာအနေနဲ့ထုတ်ပြရရင် ဖက်ဒရယ်ဆိုင်ရာမှာ၊ လွတ်တော်အတွင်းမှာ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးမှာ ဖက်ဒရယ်အရေးကိုဦးစားပေးခဲ့သလား၊ ပါတီအာဏာရရေး၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် အာဏာရရှိရေးကို ဦးစားပေးခဲ့သလား လွတ်တော်မှတ်တမ်းမှတ်ရာတွေကို ကြည့်ရင်သိနိုင်ပါတယ်။ တိုင်းရင်းသားတွေနဲ့ သက်ဆိုင်တဲ့ ပြင်ဆင်ချက်တွေကို NLD ပါတီက ခါးခါးသီးသီးပယ်ချခဲ့၊ ကန့်ကွက်ခဲ့ကြပါတယ်။

ဒီလိုလုပ်ရပ်တွေမှာ အသေးအမွှားထဲကဆိုချောင်းဆုံတံတားကိစ္စကို လူတိုင်းသိပြီးသားပါ။ တံတားနာမည်လေးကိုတောင် မလိုက်လျောနိုင်ခဲ့ပါဘူး။ မွန်ပြည်နယ်မှာရှိတဲ့ တံတားနာမည်ကို ဗိုလ်ချုပ်အောင်ဆန်းတံတားပေးတာဟာ ရိုးသားခဲ့ကြသလား။ ဗိုလ်ချုပ်အောင်ဆန်းဆိုတာ ယခင်ကတည်းက နိုင်ငံ့ခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဖခင်ကြီး၊ တပ်မတော်ရဲ့ဖခင်ကြီးဆိုတာ အားလုံးက အသိအမှတ်ပြု လက်ခံထားကြပြီးသားပါ။ ဒါပေမယ့် ဗိုလ်ချုပ်အောင်ဆန်းဟာ အမျိုးသားခေါင်းဆောင်ကြီးဖြစ်တဲ့အတွက် ဒါကို ပါတီတစ်ရပ်က ဗိုလ်ချုပ်အောင်ဆန်းရဲ့ပုံရိပ်ကိုအသုံးချဖို့ လုပ်ဆောင်တာ၊ တိုင်းရင်းသားတွေရဲ့ဆန္ဒကို မျက်ကွယ်ပြုတာတွေဟာ ဖက်ဒရယ်ကို လိုလားတယ်လို့ ပြောနိုင်မယ် မထင်ပါဘူး။ ပြီးခဲ့တဲ့ အစိုးရသက်တမ်းငါးနှစ်အတွင်းမှာ ဗိုလ်ချုပ်အောင်ဆန်းကို နိုင်ငံရေးအတွက် အသုံးချဖို့ကြိုးစားခဲ့တဲ့ထဲမှာ ဗိုလ်ချုပ်အောင်ဆန်းရုပ်တုတွေ စိုက်ထူခြင်းကလည်း တိုင်းရင်းသားတွေအကြားဒွိဟတွေဖြစ်စေခဲ့တာမှာ ကယားပြည်နယ်က လူသိအများဆုံးကိစ္စပါ။ ဒီတော့ မေးစရာရှိလာပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းရုပ်တုတွေကို တိုင်းရင်းသားတွေ ကန့်ကွက်တဲ့ကြားက လုပ်ဆောင်နေခြင်းဟာ ဖက်ဒရယ်အတွက်လား၊ ဒီမိုကရေစီအတွက်လား၊ ပါတီပုံရိပ်အတွက် အသုံးချနေခြင်းလားဆိုတာ အခုချိန်မှာမေးခွန်းထုတ်ကြရမှာပါ။

လွတ်တော်ပြင်ပအနေနဲ့ဆိုရင် တိုင်းရင်းသားအရေးတွေ၊ ဖက်ဒရယ်အရေးတွေ၊ ငြိမ်းချမ်းရေးတွေ အပြင် နောက်ဆုံးဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနဲ့ ဆက်စပ်ပတ်သက်နေတဲ့ ငြိမ်းချမ်းရေး လုပ်ဆောင်မှုတွေမှာတောင် တိုင်းရင်းသားတွေအခွင့်အရေးရခဲ့သလား၊ ညှိနှိုင်းခဲ့သလား၊ ပါတီတွေ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းတွေအတွက် အခွင့်အရေးမရခဲ့ပါဘူး။ ဒါကြောင့်လည်း လွန်ခဲ့တဲ့အစိုးရ ငါးနှစ်သက်တမ်းမှာ ငြိမ်းချမ်းရေးဆိုလို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နှစ်ဖွဲ့ NCA မှာ လက်မှတ်ရေးထိုးတာနဲ့ ပြည်ထောင်စုသဘောတူညီချက် ၅၁ ချက် သဘောတူနိုင်ခဲ့တာပဲ တွေ့ရပါတယ်။ ဒါတောင် NCA ဆိုတာ ဦးသိန်းစိန်အစိုးရအကောင်အထည်ဖော်ခဲ့တဲ့လမ်းကြောင်းပေါ် ခွေးပြီးခပ်ပြီး အသင့်ရယူခဲ့ရတာဖြစ်ပါတယ်။ ဒီလိုအခြေအနေမှာတောင် ငြိမ်းချမ်းရေးကို တိုးတက်အောင်မဆောင်ရွက်နိုင်ခဲ့တဲ့အပြင် စစ်ဘက်-အရပ်ဘက်ဆက်ဆံရေး ပိုမိုလျော့ကျခဲ့ပါတယ်။

> **"အကြောင်းတရားမရှိဘဲ အကျိုးတရားတွေဖြစ်မလာပါဘူး။ အခုလည်း NUG က အရင်နည်းလမ်းဟောင်းတွေအတိုင်း ဖက်ဒရယ်မျှော်လင့်ချက်၊ ဒီမိုကရေစီ မျှော်လင့်ချက်တွေပေးပြီး စည်းရုံးနေတာ စိတ်သဘောထား မှန်၊ မမှန်ဆိုတာ NLD အတွေ့အကြုံအရ ယုံကြည်ဖို့ခက်ခဲပါတယ်။ လူထုကိုသိမ်းသွင်းဖို့ နိုင်ငံရေးလှည့်ကွက်တွေ၊ တစ်ဖက်သတ်အကြောင်းအရာတွေ၊ စိတ်ခံစားမှုဖြစ်စေတဲ့ လှုံ့ဆော်မှုတွေနဲ့ လှည့်စားပြီး အချင်းချင်းသွေးခွဲ၊ လုပ်ကြံသတ်ဖြတ်ခိုင်းနေတာကိုက NUG ရဲ့ သဘောထားအမှန်လို့ ဆိုရပါလိမ့်မယ်။ ဒါဟာ အဖြေရှာတဲ့နည်းလမ်းလည်း မဟုတ်ပါဘူး။ အိမ်ကြက်ချင်း အိုးမဲသုတ် ခွပ်ခိုင်းနေတာပါ"**

စာမျက်နှာ ၉ သို့

အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ချက်

အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

❒ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

စာမျက်နှာ ၈ မှ

ဒါတွေကိုဖော်ပြရတာက အတိုက်အခံဘဝတုန်းက လူထုကိုပြောခဲ့တာ၊ မဲဆွယ်ခဲ့တာ၊ ရွေးကောက်ပွဲကတိပေးခဲ့တာတွေဟာ အာဏာရှိလာချိန်မှာတော့ မဆောင်ရွက်ပေးခဲ့ဘဲနဲ့ အခြေခံဥပဒေကိုပဲ အပြစ်ပုံချ၊ ရှေ့လူကို လွှဲချလုပ်ခဲ့တာပါ။ အထက်က ပြောခဲ့သလို ချောင်းဆုံတံတားကိစ္စ၊ ဗိုလ်ချုပ်ကြေးရုပ်ကိစ္စတွေဟာ အခြေခံဥပဒေနဲ့လည်းမပတ်သက်၊ စစ်တပ်နဲ့လည်း မပတ်သက်ပါဘူး၊ အုပ်ချုပ်ရေးကိစ္စသက်သက်ပဲ ဖြစ်ပါတယ်။ ဆိုလိုချင်တာ လုပ်ပေးချင်စိတ် မရှိတာကိုပါ။ ကတိတွေဆိုတာ အာဏာရရှိရေးအတွက်ပဲ အသုံးချခဲ့တာကိုပါ။

ပြည်သူတွေကိုအသုံးချခဲ့ကြ

ရွေးကောက်ပွဲမတိုင်မီက ရွေးကောက်ပွဲမှာ အနိုင်ရရှိရေး၊ အာဏာရရှိရေးအတွက် ဖက်ဒရယ်ကတိတွေ၊ ဒီမိုကရေစီကတိတွေနဲ့ ပြည်သူတွေကို လှည့်စားခဲ့ပါတယ်။ ပြည်သူတွေက ဖက်ဒရယ်နဲ့ ဒီမိုကရေစီလိုချင်မှန်းသိလို့ ပြည်သူတွေလိုချင်တဲ့ အရာတွေနဲ့ အယုံသွင်းခဲ့ပါတယ်။ အခုလာပြန်ပါပြီ။ အာဏာလက်လွတ်သွားတာနဲ့ ပြည်သူနဲ့တိုင်းရင်းသားတွေကို ဖက်ဒရယ်မက်လုံး၊ ဒီမိုကရေစီမက်လုံးတွေနဲ့ မှိုင်းတိုက်နေပြန်ပါပြီ။ အာဏာကို မတရားသိမ်းလို့ တရားမျှတမှုအတွက် တိုက်ပွဲဝင်ဖို့ မဲဆွယ်နေပါတယ်။

တရားမျှတမှုလို့ဆိုရင် တစ်ဖက်တည်းကို ကြည့်လို့မရပါဘူး။ ဘက်စုံထောင့်စုံကနေ ကြည့်ဖို့လိုပါတယ်။ မျှတတဲ့အမြင်၊ မျှတတဲ့သဘောထား မရှိဘဲ တစ်ဖက်တည်း သဘောထားတွေနဲ့ တရားမျှတမှုလို့ သတ်မှတ်လို့မရနိုင်ပါဘူး။ ၂၀၁၅ ရွေးကောက်ပွဲပြီးတော့ NLD ကို ကျေကျေနပ်နပ် အေးအေးချမ်းချမ်း အာဏာလွှဲပေးခဲ့တာ မှတ်မိကြဦးမယ်ထင်ပါတယ်။ အဲဒီအချိန်က အာဏာလွှဲပေးမှ ပေးပါ့မလားလို့ သံသယစိတ်တွေဝင်ခဲ့ကြပါသေးတယ်။ ဒါပေမယ့် အေးချမ်းစွာနဲ့အာဏာလွှဲပေးလို့ NLD ဟာ ၂၀၁၅ ကနေ ၂၀၂၀ အထိ ငါးနှစ်သက်တမ်းကို စိတ်တိုင်းကျ လုပ်နိုင်ခဲ့ပါတယ်။ အာဏာရတဲ့အချိန်မှာ ရွေးကောက်ပွဲကတိတွေကိုလည်း သတိမရတော့ပါဘူး။ တိုင်းရင်းသားတွေကိုလည်း မမြင်တော့ပါဘူး။ အခြေခံဥပဒေပြင်ဆင်ရေးကိုတောင်မှ ၂၀၂၀ ရွေးကောက်ပွဲနီးခါမှ မဲဆွယ်ကောင်းရုံ လုပ်ခဲ့တာပါ။ ဒီတော့ NLD ပြောတဲ့ ဖက်ဒရယ်နဲ့ဒီမိုကရေစီဆိုတာ ပြည်သူတွေကို အသုံးချဖို့သက်သက်ပဲဖြစ်ပါတယ်။

ဒီလိုပြောနေတာက ဒီနေ့နိုင်ငံရေး အကျပ်အတည်းတွေရဲ့ အခြေခံအကြောင်းတရားတွေကို မြင်အောင်ကြည့်မှ အကျပ်အတည်းကိုဖြေရှင်းနိုင်တဲ့ နည်းလမ်းကို ရှာနိုင်မှာမို့လို့ပါ။ အကြောင်းတရား မရှိဘဲ အကျိုးတရားတွေဖြစ်မလာပါဘူး။ အခုလည်း NUG က အရင်နည်းလမ်းဟောင်းတွေအတိုင်း ဖက်ဒရယ်မျှော်လင့်ချက်၊ ဒီမိုကရေစီမျှော်လင့်ချက်တွေပေးပြီး စည်းရုံးနေတာ စိတ်သဘောထား မှန်၊ မမှန်ဆိုတာ NLD အတွေ့အကြုံအရ ယုံကြည်ဖို့ ခက်ခဲပါတယ်။ လူထုကိုသိမ်းသွင်းဖို့ နိုင်ငံရေး လှည့်ကွက်တွေ၊ တစ်ဖက်သတ်အကြောင်းအရာတွေ၊ စိတ်ခံစားမှုဖြစ်စေတဲ့ လှုံ့ဆော်မှုတွေနဲ့ လှည့်စားပြီး အချင်းချင်းသွေးခွဲ၊ လုပ်ကြံသတ်ဖြတ်ခိုင်းနေတာကိုက NUG ရဲ့ သဘောထားအမှန်လို့ ဆိုရပါလိမ့်မယ်။ ဒါဟာ အဖြေရှာတဲ့နည်းလမ်းလည်း မဟုတ်ပါဘူး။ အိမ်ကြက်ချင်း အိုးမဲသုတ် ခွပ်ခိုင်းနေတာပါ။

ကိုယ်ကျိုးအတွက်တရားမျှတမှု

နိုဝင်ဘာလ ၁၈ ရက်နေ့က NUCC ရဲ့ သတင်းစာရှင်းလင်းပွဲမှာ မင်းကိုနိုင်ပြောဆိုတဲ့ **စကစဘက်က စေ့စပ်ဆွေးနွေးရေးကို ဦးတည်လာရင်တောင် လုံးဝ ပြန်သွားစရာမလိုသလို၊ နှစ်ဖက်လုံးရဲ့ အခင်းအကျင်းကလည်း စေ့စပ်ညှိနှိုင်းရေးကို သွားနေတာမဟုတ်ဘူးလို့ ပြောခဲ့တာဟာ** ၎င်းတို့အနေနဲ့ စေ့စပ်ဆွေးနွေးရေးထက် ထိပ်တိုက်ရင်ဆိုင်ရေးနဲ့ အလုံးစုံပျက်သုဉ်းရေးကို ဦးတည်နေတာ တွေ့ရပါလိမ့်မယ်။ ဒါကိုကြည့်ရင် NLD နဲ့ NLD ကနေပေါက်ပွားလာတဲ့ CRPH နဲ့ NUG တို့ဟာ ဘုံအကျိုးစီးပွားအတွက် စေ့စပ်ဆွေးနွေးတဲ့လမ်းကြောင်းကို ဘယ်တော့မှ လက်မခံဘူးဆိုတာ ပြောလိုက်တာနဲ့ အတူတူပါပဲ။ ၂၀၂၀ ရွေးကောက်ပွဲရလဒ် အကျပ်အတည်းကိစ္စမှာ လည်း ညှိနှိုင်းဖြေရှင်းရေးနည်းလမ်းကို လက်မခံဘဲ ထိပ်တိုက်ရင်ဆိုင်ရေးကို ရွေးချယ်ခဲ့ပါတယ်။ အဲဒီရဲ့ အကျိုးဆက်ကတော့ ဒီကနေ့ဖြစ်နေတဲ့ အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်ခဲ့ရခြင်း ဖြစ်ပါတယ်။ အာဏာပြန်လည်ရရှိရေး တစ်ခုတည်းအတွက် ပြည်သူတွေ၊ လူငယ်တွေရဲ့ ဘဝနဲ့ အနာဂတ်တွေကို ရင်းပြီး အသုံးချသွားဖို့ ဦးတည်ထားတယ်လို့ ကောက်ချက်ချနိုင်ပါတယ်။

သူတို့ အာဏာအလုံးစုံ ပြန်ရရှိဖို့အတွက် ဖက်ဒရယ်အရေး၊ ဒီမိုကရေစီအရေး၊ အာဏာရှင်စနစ် ချုပ်ငြိမ်းရေးဆိုတဲ့ ပေါ်ပြူလာစကားတွေနဲ့ လူငယ်တွေ၊ ပြည်သူတွေနဲ့ တိုင်းရင်းသားတွေကို ဆက်လက်အသုံးချနေဦးမှာပါ။

ပြည်သူလူထု၏ အဆုံးအဖြတ်

ပြည်သူလူထုဟာ ကိုယ့်နိုင်ငံရဲ့ ကောင်းမွေဆိုးမွေတွေကို ခံစားကြရပါတယ်။ ကိုယ့်နိုင်ငံ တိုးတက်လာရင်လည်း တိုးတက်လာတဲ့အလျောက်၊ ကိုယ့်နိုင်ငံဆင်းရဲရင်လည်း ဆင်းရဲတဲ့အလျောက်၊ အေးချမ်းရင်လည်း အေးချမ်းတဲ့အလျောက်၊မအေးချမ်းချင်ရင်လည်း မအေးချမ်းတဲ့အလျောက် အဲဒီအကျိုးတွေကို ခံစားကြရပါတယ်။ ဒီတော့ နိုင်ငံကို ဘယ်လိုပုံစံဖြစ်စေချင်သလဲ၊ အသွင်ကူးပြောင်းရေးကို ဆက်သွားမလား၊ ပျက်စီးရေးကိုဆက်သွားမလား ရွေးချယ်ကြရမှာပါ။

ဒီတော့ ကနေ့ဖြစ်နေတဲ့ အကြမ်းဖက်သတ်ဖြတ်မှုတွေဟာ တရားမျှတမှုအတွက်လားဆိုတာ ပြည်သူလူထုကိုယ်တိုင်က မှန်မှန်ကန်ကန်သုံးသပ်ဆုံးဖြတ်ကြရမှာပါ။ ကိုယ့်ဆုံးဖြတ်ချက်တွေရဲ့ အကျိုးဆက်တွေကို ကိုယ်တိုင်ရင်ဆိုင်ခံစားကြရပါလိမ့်မယ်။ အရပ်စကားတစ်ခွန်းလို တစ်ခါအလိမ်ခံရရင် လိမ်တဲ့သူရဲ့အပြစ်လို့ ဆိုပါတယ်၊ နှစ်ခါအလိမ်ခံရရင်တော့ အလိမ်ခံရသူရဲ့အပြစ်လို့ ပြောကြပါတယ်။ ထပ်ခါထပ်ခါ အလိမ်ခံနေရရင်တော့ ပြောဖွယ်မရှိတော့ပါဘူး။ ။

ညောင်ရွှေမြို့ရှိ စားသောက်ဆိုင်များ ကိုဗစ်ကာကွယ်ရေး စည်းကမ်းများနှင့်အညီ ရောင်းချမှု ရှိ မရှိ စစ်ဆေး

ညောင်ရွှေ နိုဝင်ဘာ ၂၁

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ ပါဆယ်စနစ်ဖြင့် ရောင်းချရေး ညွှန်ကြားထားမှုအပေါ် လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို နိုဝင်ဘာ ၂၀ ရက်က ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးတင့်ဝေ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ညောင်ရွှေမြို့တွင်းရှိ စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များ၌ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ရောင်းချမှု၊ ပါဆယ်စနစ် ရောင်းချမှု ရှိ/မရှိ၊ ဆိုင်ဝန်ထမ်းများ ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ခြင်း ရှိ မရှိ၊ သတ်မှတ်ချိန်အတွင်း ရောင်းချမှု ရှိ မရှိ တို့ကို ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

နေမျိုးသူရိန်

❖ *ကျောဖုံးမှ*

ထိုသို့ နိုင်ငံတော်နှင့် ပြည်သူများ၏ ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေးဆိုင်ရာများကို အစိုးရ၊ တပ်မတော်၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူများက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နေမှုများအပေါ် မလိုလားသည့် အကြမ်းဖက်အုပ်စုများဖြစ်သော CRPH ၊NUG၊ PDF စသည့်အဖွဲ့အစည်းများက နိုင်ငံ့အကျိုး တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများကို အကြောင်းမဲ့ ရက်စက်စွာ သတ်ဖြတ်ခဲ့ခြင်းများလုပ်ဆောင်ခဲ့ခြင်းကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ ကျန်းမာရေးဝန်ထမ်း ၃ ဦးသေဆုံးခဲ့ရပြီး ၈ ဦး ဒဏ်ရာရခဲ့မှုများကို ဖော်ပြပါအတိုင်းတွေ့ရှိရသည်-

ကျောက်တံခါးမြို့နယ် တောကျွဲအင်းတိုက်နယ်ဆေးရုံ၌ လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် ဆေးရုံမှ သန့်ရှင်းရေးဝန်ထမ်း အမျိုးသား ၁ ဦး ဒဏ်ရာရရှိမှု။

၁-၂-၂၀၂၁ ရက်မှ ၁၅-၁၁-၂၀၂၁ ရက်အထိ အကြမ်းဖက်သမားများ၏တိုက်ခိုက်မှုကြောင့် သေဆုံးသည့် ကျန်းမာရေးဝန်ထမ်းများစာရင်း

စဉ်	ရက်စွဲ	တိုင်း/ပြည်နယ်	မြို့နယ်	အမည်	အလုပ်အကိုင်	ဖြစ်စဉ်အကျဉ်း	မှတ်ချက်
၁။	၃၁-၅-၂၀၂၁	မကွေး	ဂန့်ဂေါ	ဒေါ်သီတာဝင်း	ဆေးရုံလုပ်သား သန့်ရှင်းရေး ဝန်ထမ်း မြောက်ခင်ရန်းတိုက်နယ်ဆေးရုံ	ဂန့်ဂေါမြို့နယ် ဂန့်ဂေါ-ကလေးကားလမ်း မိုင်တိုင်(၃၂)အနီး ရဲလှကျေးရွာလမ်းခွဲ၌ တူမီးသေနတ်ကိုင်ဆောင်ထားသည့် အကြမ်းဖက်သူများက မော်တော်ယာဉ်အားတားဆီး၍ ယာဉ်ပေါ်ပါလာသူများအား သေနတ်ဖြင့်ပစ်ခတ်ကာ မော်တော်ယာဉ်နှင့်အတူ မီးရှို့သတ်ဖြတ်ခံရမှု။	
၂။	၂-၁၁-၂၀၂၁	မကွေး	ဆော	ဒေါ်မိန်းမန်းကီးရောင် တောင့်တက်ကျေးရွာ၊ ဆောမြို့နယ်	သားဖွားဆရာမ တောင့်တက်ကျေးရွာ ကျေးလက် ကျန်းမာရေးဌာနခွဲ	တောင့်တက်ကျေးရွာနေ ကျေးလက်ကျန်းမာရေးဌာနခွဲမှ ကျန်းမာရေးဝန်ထမ်း ၂ ဦးအား အကြမ်းဖက်အုပ်စု PDF အဖွဲ့မှ ဖမ်းဆီးခေါ်ဆောင် သတ်ဖြတ်ပြီး ချောင်းအတွင်းသို့ မျှောချခဲ့မှု။	
၃။	၂-၁၁-၂၀၂၁	မကွေး	ဆော	ဒေါ်ဇင်လှလှယေ တောင့်တက်ကျေးရွာ၊ ဆောမြို့နယ်	သားဖွားဆရာမ တောင့်တက်ကျေးရွာ ကျေးလက် ကျန်းမာရေးဌာနခွဲ	တောင့်တက်ကျေးရွာနေ ကျေးလက် ကျန်းမာရေးဌာနခွဲမှ ကျန်းမာရေးဝန်ထမ်း ၂ ဦးအား အကြမ်းဖက်အုပ်စု PDF အဖွဲ့မှ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ပြီး ချောင်းအတွင်းသို့ မျှောချခဲ့မှု။	

၁-၂-၂၀၂၁ ရက်မှ ၁၅-၁၁-၂၀၂၁ ရက်ထိ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသည့် ကျန်းမာရေးဝန်ထမ်းများစာရင်း

စဉ်	ရက်စွဲ	တိုင်း/ပြည်နယ်	မြို့နယ်	အမည်	အလုပ်အကိုင်	ဖြစ်စဉ်အကျဉ်း	မှတ်ချက်
၁။	၃၁-၅-၂၀၂၁	ပဲခူး	ကျောက်တံခါး	ဦးဖိုးဝို	တောကျွဲအင်းမြို့တိုက်နယ်ဆေးရုံ သန့်ရှင်းရေးဝန်ထမ်း	ကျောက်တံခါးမြို့နယ် တောကျွဲအင်းမြို့ တိုက်နယ်ဆေးရုံ၌ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်း ၁ လုံး ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိမှု။	
၂။	၃၁-၅-၂၀၂၁	မကွေး	ဂန့်ဂေါ	သိန်းဇော်ဦး	ဟံသာဝတီတိုက်နယ်ဆေးရုံ အထွေထွေလုပ်သား	ဂန့်ဂေါမြို့နယ် ဟံသာဝတီ တိုက်နယ်ဆေးရုံ၌ အမှိုက်ပုံးအတွင်းမှ လက်လုပ်မိုင်း ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိမှု။	
၃။	၂၄-၆-၂၀၂၁	စစ်ကိုင်း	စစ်ကိုင်း	ဒေါ်မော်မော်သန်း	သူနာပြု	စစ်ကိုင်းမြို့နယ်၊ စာရေးကျေးရွာလမ်းခွဲအနီး၌ အကြမ်းဖက်သမားများက မော်တော်ဆိုင်ကယ်အားလုယူပြီး ဓားဖြင့်ခုတ်မှုကြောင့် ဒဏ်ရာရရှိမှု။	
၄။	၂၉.၈.၂၀၂၁	မန္တလေး	မတ္တရာ	ဦးကျော်သူဦး	ကပိုင်ကျေးရွာကျေးလက် ကျန်းမာရေးဆေးပေးခန်း ကျန်းမာရေးမှူး	ကန်ပိုင်ကျေးရွာ ကျေးလက်ကျန်းမာရေးဆေးပေးခန်း၌ အကြမ်းဖက်သူများက လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ထွက်ပြေးမှုကြောင့် ဒဏ်ရာရရှိမှု။	
၅။	၂၅-၁၀-၂၀၂၁	မွန်	ကျိုက်ထို	ဦးအောင်မြတ်ထွန်း	ဝါးဒက်ကွင်းကျေးရွာ ကျန်းမာရေးဆေးပေးခန်း ကျန်းမာရေးမှူး	အကြမ်းဖက်သမားများက လက်လုပ်မိုင်းဖြင့် ပစ်ပေါက်၍ လက်နက်ငယ်ဖြင့် ပစ်ခတ်ထွက်ပြေးမှုကြောင့် ဒဏ်ရာရရှိမှု။	
၆။	၄-၁၁-၂၀၂၁	ရန်ကုန်	မရမ်းကုန်း	ဒေါ်သိမ့်အောင်သူ	ဒေါက်တာ	မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ တေးနုယဉ်လမ်း အမှတ် (၂၆/အေ/G-1) နေအိမ်ရှေ့၌ အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးမှုကြောင့် ဒဏ်ရာရရှိမှု။	
၇။	၅-၁၁-၂၀၂၁	စစ်ကိုင်း	တမူး	ဦးမျိုးလွင်	တမူးပြည်သူ့ဆေးရုံ ကျန်းမာရေးမှူးအဆင့်(၄)	တမူးမြို့နယ်၊ ရန်လင်းဖိုင်ကျေးရွာထိပ်၌ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိမှု။	
၈။	၁၆-၁၁-၂၀၂၁	ရန်ကုန်	တိုက်ကြီး	သက်သက်မာ	(ဥက္ကံပြည်သူ့ဆေးရုံ၊ သန့်ရှင်းရေးဝန်ထမ်း)	တိုက်ကြီးမြို့နယ်၊ ဘုရင့်နောင်ရပ်ကွက်ရှိ ခရစ်ယာန်ကျောင်းရှေ့၌ ဆိုင်ကယ်မောင်းနှင်လာသော အကြမ်းဖက်သမား ၁ ဦးက သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးမှုကြောင့် ဒဏ်ရာရရှိမှု။	

၁-၂-၂၀၂၁ ရက်မှ ၁၅-၁၁-၂၀၂၁ ရက်အထိ တိုင်းဒေသကြီး/ပြည်နယ်အတွင်း အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရ/သေဆုံးခဲ့သည့် ကျန်းမာရေးဝန်ထမ်းစာရင်း

စဉ်	တိုင်း/ပြည်နယ်	ဒဏ်ရာရ					သေဆုံး			
		မြို့နယ်	ဆရာဝန်	ကျန်းမာရေးမှူး/သူနာပြု/သားဖွား	ဝန်ထမ်း	စုစုပေါင်း	မြို့နယ်	ကျန်းမာရေးမှူး/သူနာပြု/သားဖွား	ဝန်ထမ်း	စုစုပေါင်း
၁	စစ်ကိုင်း	၂		၂		၂				
၂	ပဲခူး	၁			၁	၁				
၃	မကွေး	၁			၁	၁	၂	၂	၁	၃
၄	မန္တလေး	၁		၁		၁				
၅	မွန်	၁		၁		၁				
၆	ရန်ကုန်	၂	၁		၁	၂				
စုစုပေါင်း		၈	၁	၄	၃	၈	၂	၂	၁	၃

စစ်ကိုင်းမြို့နယ်၊ စာရေးကျေးရွာလမ်းခွဲအနီး၌ အကြမ်းဖက်သူများက မော်တော်ဆိုင်ကယ်အား တားဆီး၍ မော်တော်ဆိုင်ကယ်နှင့် လက်ဝတ်ရတနာများလုယူကာ ဓားဖြင့်ခုတ်ခဲ့မှုကြောင့် စစ်ကိုင်းခရိုင်စီမံကိန်းဦးစီးဌာနမှ ဝန်ထမ်းဖြစ်သူ အမျိုးသမီး ၁ ဦး ဒဏ်ရာရရှိမှု။

တိုက်ကြီးမြို့နယ်၌ အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ဥက္ကံပြည်သူ့ဆေးရုံမှ သန့်ရှင်းရေးဝန်ထမ်း အမျိုးသမီး ၁ ဦး ဒဏ်ရာရရှိပြီး အမျိုးသား ၁ ဦး သေဆုံးမှု။

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ

အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံ့အကျိုးတာဝန်ထမ်းဆောင်နေသောဝန်ထမ်းကောင်းများကို ယခုကဲ့သို့ အကြမ်းဖက်သတ်ဖြတ်နေမှုများအပေါ် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းကာကွယ်သွားကြပါရန်နှင့် အကြမ်းဖက်သမားများ၏ လူပ်ရှားမှုသတင်းများကိုရရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့၍ အကြမ်းဖက်သမားများ ရပ်တည်မှုမရှိနိုင်သည်အထိ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံထားကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

၁-၂-၂၀၂၁ ရက်မှ ၁၅-၁၁-၂၀၂၁ ရက်ထိ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် သေဆုံးသည့် ပညာရေးဝန်ထမ်းများစာရင်း

စဉ်	ရက်စွဲ	တိုင်း/ပြည်နယ်	မြို့နယ်	အမည်	အလုပ်အကိုင်	ဖြစ်စဉ်အကျဉ်း	မှတ်ချက်
၁။	၃၁-၅-၂၀၂၁	မကွေး	ဂန့်ဂေါ	ဒေါ်ခင်မျိုးသက်	အလယ်တန်းပြ	ဂန့်ဂေါမြို့နယ် ဂန့်ဂေါ-ကလေးကားလမ်း မိုင်တိုင်(၃၂)အနီး ရဲလှကျေးရွာလမ်းခွဲ၌ အကြမ်းဖက်သမားများက မော်တော်ယာဉ်အား တားဆီး၍ သေနတ်ဖြင့်ပစ်ခတ် မီးရှို့သတ်ပစ်ခဲ့မှုကြောင့် သေဆုံး။	
၂။	၃-၁၀-၂၀၂၁	မန္တလေး	ငါန်းဇွန်	ဦးအောင်သီဟ	ကျောင်းဆရာ	ဆင်ဖြူကုန်းကျေးရွာ၌ အကြမ်းဖက်သမား ၃ ဦးက နေအိမ်အတွင်းသို့ ဝင်ရောက်ပြီး သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် သေဆုံး။	
၃။	၆-၁၀-၂၀၂၁	စစ်ကိုင်း	မင်းကင်း	ဦးရန်နိုင်စိုး	ပညာရေးဝန်ထမ်း (အထွေထွေလုပ်သား)	အင်ပင်လှကျေးရွာ၏ အနောက်ဘက် ၁ မိုင်ခန့်အကွာ ယုံသာ-မောက္ကတော်ကျေးရွာချင်းဆက်လမ်းဘေးတောစပ်၌ အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်ပြီး သတ်ဖြတ်မှုကြောင့် သေဆုံး။	
၄။	၆-၁၀-၂၀၂၁	မန္တလေး	ပြည်ကြီးတံခွန်	ဦးဇော်မင်း	အထက(၃၁) ကျောင်းစောင့်	မြဝတီလမ်းနှင့် ၅၉ လမ်းထောင့် (ဃ) ရပ်ကွက်လမ်းပေါ်၌ အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် သေဆုံး။	
၅။	၇-၁၀-၂၀၂၁	စစ်ကိုင်း	မင်းကင်း	ဒေါ်ခင်ဆွေမြင့်	ကျောင်းအကူ	မင်းကင်းမြို့ ပေါက်အိုင်ကျေးရွာ၌ အကြမ်းဖက်သမားများက နေအိမ်အတွင်းဝင်ရောက်၍ တူမီးသေနတ်ဖြင့်ပစ်ခတ်မှုကြောင့် သေဆုံး။	
၆။	၁၈-၁၀-၂၀၂၁	စစ်ကိုင်း	အရာတော်	ဦးကျော်ဖြိုး	ကျောင်းဆရာ (မူ/အုပ်)	မကျီးစုကျေးရွာ၊ ရေကျော်တံတားအနီး၌ အကြမ်းဖက်သူများက သတ်ဖြတ်မှုကြောင့် သေဆုံး။	
၇။	၁၈-၁၀-၂၀၂၁	စစ်ကိုင်း	ယင်းမာပင်	ဒေါ်သွဲ့သွဲ့ဝင်း	ကျောင်းဆရာမ (မူလွန်)	နဘူးတောကျေးရွာ၌ အကြမ်းဖက်သမားများက နေအိမ်အတွင်းဝင်ရောက်၍ တူမီးသေနတ်ဖြင့် ပစ်ခတ်မှုကြောင့် သေဆုံး။	
၈။	၁၈-၁၀-၂၀၂၁	ပဲခူး	ရေတာရှည်	ခင်မောင်ဦး	ဥယျာဉ်မှူးကျောင်း ညစောင့်	ဆွာမြို့ ဥယျာဉ်မှူးကျေးရွာ၏ အနောက်ဘက် ၁ မိုင်ခန့်အကွာရှိ လယ်ကွင်း၌ အကြမ်းဖက်သမား ၁ ဦးက သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် သေဆုံး။	
၉။	၂၁-၁၀-၂၀၂၁	မန္တလေး	မြင်းခြံ	ဦးကျော်မျိုး	မူလတန်းပြ	ထိန်ပင်ကျေးရွာ မူလတန်းကျောင်းဝင်းအတွင်း၌ အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်/ ဓားဖြင့်ခုတ်မှုကြောင့် သေဆုံး။	
၁၀။	၅-၁၁-၂၀၂၁	ရန်ကုန်	မြောက်ဥက္ကလာပ	ဒေါ်လှလှသန်း	ကျောင်းဆရာမ (အထက်တန်းပြ)	မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ သုမ္မာလမ်းနှင့် နွယ်နီလမ်းထိပ်တွင် (အထက-၂ ဒဂုံအရှေ့) မှ နေအိမ်မှ ကျောင်းသို့ TAXI ဖြင့် သွားရောက်စဉ် သုမ္မာလမ်း၊ SB BABY ကလေး ပစ္စည်းအရောင်းဆိုင်ရှေ့ လမ်းအပေါ်ကြောအရောက်၌ အကြမ်းဖက်သမားတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားခဲ့သဖြင့် သေဆုံးမှု။	
၁၁။	၁၁-၁၁-၂၀၂၁	မန္တလေး	ဝမ်းတွင်း	ဒေါ်စိန်ကြည်	ကျောင်းဆရာမ (မူအုပ်)	ဝမ်းတွင်းမြို့နယ် သုံးထောင့်အိုင် ကျေးရွာအုပ်စု ကျင်းကျေးရွာ၌ အကြမ်းဖက်သမားများကနေအိမ်အတွင်းသို့ ဝင်ရောက်၍ သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားမှုကြောင့် သေဆုံးမှု။	
၁၂။	၁၅-၁၁-၂၀၂၁	မကွေး	မြိုင်	ဒေါ်စန္ဒာရွှေ	အထက(မင်းကန်) ကျောင်းစာရေး	မြိုင်မြို့နယ် မင်းကန်ကျေးရွာ၌ အကြမ်းဖက်သမားများက နေအိမ်အတွင်းသို့ ဝင်ရောက်၍ သေနတ်ဖြင့် ပစ်ခတ်၊ ဓားဖြင့် ခုတ်မှုကြောင့် သေဆုံးမှု။	

၁-၂-၂၀၂၁ ရက်မှ ၁၅-၁၁-၂၀၂၁ ရက်ထိ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ပညာရေးဝန်ထမ်းများစာရင်း

စဉ်	ရက်စွဲ	တိုင်း/ပြည်နယ်	မြို့နယ်	အမည်	အလုပ်အကိုင်	ဖြစ်စဉ်အကျဉ်း	မှတ်ချက်
၁။	၇-၄-၂၀၂၁	မန္တလေး	ပုသိမ်ကြီး	ဦးဝင်းမင်းထွန်း	ဒုမြို့နယ် ပညာရေးမှူး	ပုသိမ်ကြီးမြို့နယ် အိုင်ကြီးကျေးရွာအနီး၌ အကြမ်းဖက်သမားများက ဆိုင်ကယ်အားလုယူပြီး ဓားဖြင့်ခုတ်မှုကြောင့် ဒဏ်ရာရရှိမှု။	
၂။	၃-၆-၂၀၂၁	ဧရာဝတီ	ပန်းတနော်	ဒေါ်မိုးမိုးဝင်း	မူလတန်းပြ	ပန်းတနော်မြို့နယ် ရေလဲကြီးကျေးရွာရှိ ကျောင်းအတွင်းသို့ အကြမ်းဖက်သမားတစ်ဦးက ဓားဖြင့် ဝင်ရောက်ရမ်းကားမှုအား တားဆီးခဲ့ရာမှ ဒဏ်ရာရရှိမှု။	
၃။	၄-၆-၂၀၂၁	ပဲခူး	နတ်တလင်း	ဦးဝဏ္ဏစည်သူ	ကျောင်းအုပ်	နတ်တလင်းမြို့နယ် စမ်းကြီးကျေးရွာရှိ အမက(မူလွန်) ကျောင်းဝင်းအတွင်း၌ အကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိမှု။	
၄။	၄-၆-၂၀၂၁	ပဲခူး	နတ်တလင်း	ဦးဇော်ဇော်	လယ်ပြ	နတ်တလင်းမြို့နယ် စမ်းကြီးကျေးရွာရှိ အမက(မူလွန်) ကျောင်းဝင်းအတွင်း၌ အကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိမှု။	
၅။	၄-၆-၂၀၂၁	ပဲခူး	နတ်တလင်း	ဒေါ်ချစ်ဒေဝီစံ	လယ်ပြ	နတ်တလင်းမြို့နယ် စမ်းကြီးကျေးရွာရှိ အမက(မူလွန်) ကျောင်းဝင်းအတွင်း၌ အကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် ဒဏ်ရာ ရရှိမှု။	
၆။	၄-၆-၂၀၂၁	ပဲခူး	နတ်တလင်း	ဦးအောင်ကျော်ဇင်	မူပြ	နတ်တလင်းမြို့နယ် စမ်းကြီးကျေးရွာရှိ အမက(မူလွန်) ကျောင်းဝင်းအတွင်း၌ အကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိမှု။	
၇။	၄-၆-၂၀၂၁	ပဲခူး	နတ်တလင်း	ဦးအေးမြတ်ကို	မူပြ	နတ်တလင်းမြို့နယ် စမ်းကြီးကျေးရွာရှိ အမက(မူလွန်) ကျောင်းဝင်းအတွင်း၌ အကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိမှု။	
၈။	၄-၆-၂၀၂၁	စစ်ကိုင်း	ခင်ဦး	ဒေါ်ဆွေဆွေသန်း	ကျောင်းဆရာမ	ခင်ဦးမြို့နယ် သရက်ကန်ကျေးရွာထိပ်တွင် အကြမ်းဖက်သမားများက တူမီးသေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိမှု။	
၉။	၂၂-၆-၂၀၂၁	ကချင်	မိုးမောက်	ဦးဇော်ဦး (ခ)မောင်ဦး	ကျောင်းသန့်ရှင်းရေး ဝန်ထမ်း	မိုးမောက်မြို့ ခါနန်ရပ်ကွက်ရှိ အထက (ခါနန်)၌ စာသင်ကြားနေစဉ် အကြမ်းဖက်သမားများ ထောင်ထားသည့် မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့မှုကြောင့် ဒဏ်ရာရရှိမှု။	
၁၀။	၂၄-၆-၂၀၂၁	မန္တလေး	ညောင်ဦး	ဒေါ်လွင်လွင်ဖြိုး	ကျောင်းအုပ်ဆရာမ	အကြမ်းဖက်သမား ၃ ဦးက ချွန်ထက်သောအရာဖြင့် ဝိုင်းဝန်းထိုးခဲ့သောကြောင့် ဒဏ်ရာရရှိမှု။	
၁၁။	၂၈-၈-၂၀၂၁	မန္တလေး	မတ္တရာ	ဒေါ်ဖြူဖြူသက်	လက်ထောက် ကထိက	မတ္တရာမြို့နယ် ကန်ပိုင်ကျေးရွာ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းရှေ့တွင် အကြမ်းဖက်သမားများပစ်ပေါက် ဖောက်ခွဲခဲ့သည့် လက်လုပ်မိုင်း ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိမှု။	
၁၂။	၂၈-၉-၂၀၂၁	စစ်ကိုင်း	ဆားလင်းကြီး	ဦးတင်စိုး	မူလတန်းပြ	ဆားလင်းကြီးမြို့နယ်၊ ဖောင်းကတာကျေးရွာ စာသင်ကျောင်းဝင်းအတွင်းရှိ နေအိမ်အတွင်းသို့ အကြမ်းဖက်သမားများက သေနတ်ဖြင့် ဝင်ရောက်ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိမှု။	
၁၃။	၃-၁၀-၂၀၂၁	မန္တလေး	ငါန်းဇွန်	ဒေါ်မြသန်းဌေး	ကျောင်းဆရာမ	ဆင်ဖြူကုန်းကျေးရွာရှိ နေအိမ်အတွင်းသို့ ဝင်ရောက်၍ သေနတ်ဖြင့် ပစ်ခတ်၊ ဓားဖြင့် ခုတ်၍ ဒဏ်ရာရရှိမှု။	
၁၄။	၃၀-၁၀-၂၀၂၁	မကွေး	ပေါက်	မနုဇြိမ်းဝေ	အထက(ခွဲ) (ဆင်ဆာ) (မူပြ)	ပေါက်မြို့နယ် အောင်ချမ်းသာရပ်ကွက် ရာအိမ်မှူး ဦးခင်မောင်ဟန်၏ နေအိမ်သို့ အကြမ်းဖက်သမားများက ပစ်ပေါက်ဖောက်ခွဲမှုကြောင့် ဒဏ်ရာရရှိခဲ့မှု။	
၁၅။	၁၃-၁၁-၂၀၂၁	စစ်ကိုင်း	မင်းကင်း	ဦးသန်းလင်း	မူလွန် (ကူလဲ အနောက်ကျေးရွာ)	မင်းကင်းမြို့နယ် ကူလဲအနောက်ကျေးရွာ၏ ကြက်ချောင်တော နွားစားကျက်၌ အကြမ်းဖက်သမားများက တူမီးသေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် ဒဏ်ရာရရှိခဲ့မှု။	

❒ *ကျောဖုံးမှ*

တရားခံ ဝင်းမြင့်လှိုင်နှင့်အတူ အကြမ်းဖက်တိုက်ခိုက်မှုနှင့် လုပ်ကြံသတ်ဖြတ်မှုများတွင် အသုံးပြုလျက်ရှိသည့် Sig Sauer P320 အမျိုးအစား ပစ္စတိုနှစ်လက်၊ ကျည်အိမ် လေးခု၊ ၉ မမ ကျည် ၁၁၆ တောင့် တို့ကို သိမ်းဆည်းရမိခဲ့သည်။

တရားခံ ဝင်းမြင့်လှိုင်၏ ထွက်ဆိုချက်အရ ၎င်းသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း တောင်တွင်းကြီးမြို့ပေါ်၌ ဆူပူဆန္ဒပြမှုများတွင် ဦးဆောင်ပါဝင်ခဲ့ကြောင်း၊ မေလအတွင်း KNU တပ်မဟာ(၂)နယ်မြေသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ပြီး တပ်မဟာ (၂) မှ MA-3 သေနတ် တစ်လက်နှင့် လက်ပစ်ဗုံး လေးလုံး အားယူဆောင်၍ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့သို့ ပြန်လာခဲ့ကြောင်း၊ အဆိုပါယူဆောင်လာသည့် လက်နက်ခဲယမ်းများအား တောင်တွင်းကြီး PDF အဖွဲ့ဝင်များဖြစ်သည့် ကျီးကန်း၊ ဇော်ရင် တို့ကို ပေးအပ်၍ တောင်တွင်းကြီးမြို့နယ် ပညာရေးမှူးရုံး၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ရဲစခန်းတို့အား ဖောက်ခွဲဖျက်ဆီးမှုများ လုပ်ဆောင်ခဲ့ကြောင်း။

ထို့ပြင် ဧရန်လအတွင်း KNU အဖွဲ့ဝင် ကိုကျော်နှင့် ချိတ်ဆက်၍ ပစ္စတို လေးလက်၊ ကျည်အိမ် ရှစ်ခု၊ ၉ မမ ကျည် ၂၁၆ တောင့်ကိုဝယ်ယူ၍ တောင်တွင်းကြီး PDF အဖွဲ့ဝင် ပါလေးထံသို့ လွှဲပြောင်းပေးခဲ့ကြောင်း။

တရားခံ ဝင်းမြင့်လှိုင်သည် ဧရိယာလတွင် တောင်တွင်းကြီးမြို့၊ မကွေးမြို့၊ မြို့သစ်မြို့၊ နတ်မောက်မြို့၊ ရေစကြိုမြို့၊ အောင်လံမြို့များတွင် တာဝန်ခံများခန့်အပ်၍ ဗိသုနိုးနယ်မြေ PDF အဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း၊ ထို့အပြင် တရားခံပြေး ဇော်ဝေစိုး၊ တရားခံပြေး ရည်မွန်တို့နှင့် ချိတ်ဆက်၍ ငွေကြေးများတောင်းခံခဲ့ပြီး လက်နက်ခဲယမ်းနှင့် ဖောက်ခွဲရေးပစ္စည်းများ ဝယ်ယူခဲ့ကြောင်း၊ ရရှိလာသည့် လက်နက်ခဲယမ်းနှင့် ဖောက်ခွဲရေးပစ္စည်းများကို အသုံးပြု၍ မကွေးတိုင်းဒေသကြီးအတွင်း ဖောက်ခွဲဖျက်ဆီးမှုနှင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့ကြောင်း သိရှိရသည်။

ဗိသုနိုးနယ်မြေ PDF အဖွဲ့သည် မကွေးတိုင်းဒေသကြီးအတွင်း လူသတ်၊ မီးရှို့၊ မိုင်းထောင်၊ ဗုံးခွဲစသည့်အကြမ်းဖက်လုပ်ရပ်များအား လုပ်ဆောင်ခဲ့ရာ ဗုံးခွဲတိုက်ခိုက်မှု ၂၆ ကြိမ်၊ လုပ်ကြံသတ်ဖြတ်မှု ၁၁ ကြိမ် စုစုပေါင်း ၃၇ ကြိမ်အား အောက်ပါအတိုင်း လုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်-

- တောင်တွင်းကြီးမြို့နယ်အတွင်း အပြစ်မဲ့အရပ်သားနေအိမ်များ၊ တပ်စခန်း အနီးနေရာများ၊ ရဲစခန်း၀နေ့ထမ်းအိမ်ရာများ၊ စျေးဆိုင်နှင့် ကွမ်းယာဆိုင်များ၊ စစ်ဆေးရေးဂိတ်စခန်းများ အား ဗုံးခွဲတိုက်ခိုက်မှု ခြောက်ကြိမ်နှင့် အပြစ်မဲ့အရပ်သား နှစ်ဦးအား လုပ်ကြံသတ်ဖြတ်ခြင်း နှစ်ကြိမ်။
- မကွေးမြို့နယ်အတွင်း လုံခြုံရေးအခြေစိုက်နေရာအနီးနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံးအနီး၊ လျှပ်စစ်ရုံးအနီး၊ ပညာရေးမှူးရုံး အနီးနှင့် Mytel တာဝါတိုင်တို့အား ဗုံးဖောက်ခွဲမှု ငါးကြိမ်။
- မြို့သစ်မြို့နယ်အတွင်း လျှပ်စစ်ရုံး၊ စည်ပင်သာယာရေးရုံး၊ ရဲစခန်း၊ ဆက်သွယ်ရေးကေဘယ်တိုင်တို့အား ဗုံးဖောက်ခွဲမှု လေးကြိမ်၊ အုပ်ချုပ်ရေးမှူး ငါးဦးအား လုပ်ကြံသတ်ဖြတ်မှု ငါးကြိမ်။
- ရေစကြိုမြို့နယ်အတွင်း ရဲစခန်းများ၊ စည်ပင်ဝန်ထမ်းနေအိမ်၊ အပြစ်မဲ့ အရပ်သားနေအိမ်တို့အား ဗုံးခွဲတိုက်ခိုက်မှု လေးကြိမ်။
- နတ်မောက်မြို့နယ်အတွင်း မြန်မာ့စီးပွားရေးဘဏ်၊ ကျေးရွာအုပ်ချုပ်ရေးမှူး နေအိမ်များ၊ Mytel တာဝါတိုင် နှစ်ခုတို့အား ဗုံးခွဲတိုက်ခိုက်မှု ငါးကြိမ်၊ အုပ်ချုပ်ရေးမှူး သုံးဦးအား လုပ်ကြံသတ်ဖြတ်မှု သုံးကြိမ်။
- နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်အတွင်းရှိ အမျိုးသမီးတစ်ဦးအား ဒလန်အဖြစ် စွပ်စွဲလုပ်ကြံသတ်ဖြတ်ခြင်း တစ်ကြိမ်။
- အောင်လံမြို့နယ်အတွင်း လဝကရုံးအား ဗုံးဖောက်ခွဲမှု တစ်ကြိမ်။
- ကျောက်ပန်းတောင်းမြို့နယ်အတွင်း ပညာရေးမှူးရုံးအား ဗုံးဖောက်ခွဲမှု တစ်ကြိမ်။

သို့ဖြစ်၍ မကွေးတိုင်းဒေသကြီးအတွင်း ဗိသုနိုးနယ်မြေ PDF အဖွဲ့ ဖွဲ့စည်း၍ အကြမ်းဖက်လုပ်ရပ်များအား ဦးဆောင်ပြုလုပ်ခဲ့သူ တရားခံ ဝင်းမြင့်လှိုင်အား ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိမ်းရှောင်ထွက်ပြေးနေသည့် အကြမ်းဖက်သမားများအား ဆက်လက်ဖမ်းဆီးရမိနိုင်ရေးအတွက် မိဘပြည်သူများမှ နီးစပ်ရာလုံခြုံရေးအဖွဲ့အစည်းများသို့ လျှို့ဝှက်စွာသတင်းပေးပို့တိုင်ကြားနိုင်ကြောင်း သက်ဆိုင်ရာက အသိပေးသတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

ဗိသုနိုးနယ်မြေ PDF အဖွဲ့တာဝန်ခံ ဝင်းမြင့်လှိုင်နှင့် ပတ်သက်ဆက်နွယ်သူများပြ Diagram



၁၁-၉-၂၀၂၁ ရက်နေ့တွင် မြို့သစ်မြို့နယ် ပုလင်းပြားကြီးကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူး ဗိုလ်ဝဲ၏ကားအား သေနတ်ဖြင့်ပစ်ခတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

၁၂-၉-၂၀၂၁ ရက်နေ့တွင် မကွေးမြို့ အောင်မင်္ဂလာရပ်ကွက် ရန်မျိုးနိုင်ရပ်ရှိ Mytel ဆက်သွယ်ရေးတာဝါတိုင်ရှိ Transfer ပုံးဖျက်ဆီးခံ ရသည့် မှတ်တမ်းဓာတ်ပုံ။

၄-၉-၂၀၂၁ ရက်နေ့တွင် မြို့သစ်မြို့နယ် ဘုရားကြီးရပ်ကွက် မြို့နယ်စည်ပင်သာယာရုံးသို့ လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ခဲ့ရာ ရုံးရှေ့ရှိ မော်တော်ယာဉ်ပျက်စီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

ဗီယက်နမ်နိုင်ငံ၌ နိုင်ငံခြားခရီးသွားများအတွက် အပန်းဖြေကျွန်း ပြန်လည်ဖွင့်လှစ်

ဟိုချီမင်း နိုဝင်ဘာ ၂၁

ဗီယက်နမ်နိုင်ငံသည် တောင်ပိုင်းအပန်းဖြေကျွန်းဖြစ်သည့် Phu Quoc ကျွန်းကို နိုင်ငံခြားခရီးသွားများအတွက် ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်ဟု သိရသည်။ ကပ်ရောဂါစတင်သည့်အချိန်မှစတင်ကာ ပထမဦးဆုံးအကြိမ်အဖြစ် အပန်းဖြေကျွန်းကို ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

နိုဝင်ဘာ ၂၀ ရက်က အဆိုပါကျွန်းသို့ တောင်ကိုရီးယား ခရီးသွားဧည့်သည် ၂၀၀ ကျော် လာရောက်ခဲ့ကြသည်။ နိုင်ငံခြားခရီးသွားများအနေဖြင့် ကာကွယ်ဆေးအပြည့်ထိုးထားရန် လိုအပ်ပြီး ကိုဗစ် -၁၉ ကင်းစင်ကြောင်း လက်မှတ်ပြသနိုင်ပါက အသွားအလာစောင့်ကြည့်ကန့်သတ်မှုကို ခြွင်းချက်ပေးမည်ဖြစ်သည်။

သတ်မှတ်ထားသည့် တည်းခိုနေရာများသို့ လာရောက်ရန်ခရီးသွားများသည် စင်းလုံးငှားလေယာဉ်ဖြင့် လာရောက်ရမည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံသည် နိုဝင်ဘာလလယ်မှစတင်ကာ နိုင်ငံ၏အချို့နေရာများ၌ နိုင်ငံခြားခရီးသွားများကို လက်ခံခဲ့သည်။

အစိုးရသည် အချို့သောနေရာများ၌ ကန့်သတ်ချက်များကို တဖြည်းဖြည်းချင်း ဖြေလျှော့ပေးသွားရန် အစီအစဉ်ရှိသည်။ လာမည့်နှစ် ဒုတိယနှစ်ဝက်ရောက်လျှင် နိုင်ငံခြားခရီးသွားများကို ခြွင်းချက်များမရှိဘဲ လက်ခံသွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် တင်းကျပ်သည့် ကိုဗစ်-၁၉ စည်းကမ်းများချမှတ်ထားရာ တိုင်းပြည်၏ စီးပွားရေးကို ထိခိုက်စေခဲ့သည်။ အောက်တိုဘာလအတွင်း အစိုးရသည် စားသောက်ဆိုင်များနှင့် စက်ရုံများကို ပြန်လည်ဖွင့်လှစ်ခွင့်ပေးခဲ့သည်။ ပြီးခဲ့သည့်လအတွင်း ဗီယက်နမ်နိုင်ငံ၏ နေ့စဉ်ကူးစက်မှုမှာ ၃၀၀၀ ရှိသည်။ သို့သော်လည်း နိုဝင်ဘာ ၁၈ ရက်တွင် နေ့စဉ်ကူးစက်မှုမှာ ၁၀၀၀၀ ထိရှိလာခဲ့သည်။

ဆင်ဟွာ

ဗီယက်နမ်နိုင်ငံ Phu Quoc ကျွန်းသို့ ရောက်ရှိလာသော ခရီးသည်များကို တွေ့ရစဉ်။

အစ္စရေးနိုင်ငံရှိ ကလေးများအတွက် ကိုဗစ်- ၁၉ ကာကွယ်ဆေး ပထမအသုတ်ရောက်ရှိ

ဂျေရုဆလင် နိုဝင်ဘာ ၂၁

အစ္စရေးနိုင်ငံရှိကလေးများအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအသုတ် နိုဝင်ဘာ ၂၀ ရက်က ရောက်ရှိခဲ့ကြောင်း သိရသည်။

အသက် ၅နှစ်မှ ၁၁ နှစ်ကြား ကလေးများကို ကာကွယ်ဆေးမထိုးပေးမီကာကွယ်ဆေးများ ကြိုတင်ရရှိခဲ့ခြင်းဖြစ်သည်ဟုနိုင်ငံပိုင်ရုပ်သံတွင် ဖော်ပြထားသည်။ ကာကွယ်ဆေးထိုးနှံ့မှုကိုနိုဝင်ဘာ ၂၃ ရက်တွင်စတင်မည်ဟု ဝန်ကြီးချုပ် နာ့ဖ်တလီဘန်းနက်က နိုဝင်ဘာ ၁၉ ရက်တွင် ကြေညာခဲ့သည်။

အစ္စရေးသို့ ရောက်ရှိလာသည့် ကိုဗစ် -၁၉ ကာကွယ်ဆေးများ။

ကလေးများအတွက် ဖိုက်ဇာကာကွယ်ဆေးအလုံးရေ တစ်သန်းကို တင်ဆောင်လာသည့်လေယာဉ်သည် ဂျာမနီနိုင်ငံမှ တဲအဗစ်မြို့အပြင်ဘက် ဘန်ဂူရီယန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါကာကွယ်ဆေးများကို တိုင်းပြည်တစ်ဝန်းရှိ ကျန်းမာရေးအဖွဲ့အစည်းများသို့ ဖြန့်ဝေပေးသွားမည်ဖြစ်သည်။

ကလေးများအား ကာကွယ်ဆေးထိုးပေးရန် ဆုံးဖြတ်ချက်ကို အစ္စရေးကျန်းမာရေးဝန်ကြီးဌာန ကျွမ်းကျင်သူများအဖွဲ့က ယခုလ အစောပိုင်းတွင် ထောက်ခံချက်ပေးခဲ့သည်။

နိုဝင်ဘာ ၂၁ ရက်တွင် ကိုဗစ် -၁၉ မှ ပြန်လည်နာလန်ထူလာသည့် ကလေးများကို ကာကွယ်ဆေးထိုးပေးသင့် မသင့် ဆွေးနွေးသွားမည်ဖြစ်သည်။ ထို့ပြင် အသက် ၁၂ နှစ်မှ ၁၅ နှစ်ကြား ကလေးများကို ကာကွယ်ဆေးထိုးပေးသင့် မသင့် ဆွေးနွေးသွားမည်ဟုလည်း သိရသည်။

ဆင်ဟွာ

လစ်ဗျားကမ်းရိုးတန်းတွင် တရားမဝင် ရွှေ့ပြောင်းနေထိုင်သူ ၇၅ ဦး ရေနစ် ၁၅ ဦးကို အသက်ရှင်လျက် ကယ်တင်နိုင်

ထရီပိုလီ နိုဝင်ဘာ ၂၁

လစ်ဗျားအနောက်ဘက်ကမ်းရိုးတန်းတွင် တရားမဝင် ရွှေ့ပြောင်းနေထိုင်သူ ၇၅ ဦးကျော်မှာ ရေနစ်ခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူများ အဖွဲ့အစည်း (အိုင်အိုအမ်)က နိုဝင်ဘာ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

ဥရောပသို့ ဝင်ရောက်ခွင့်ရရှိရေးအတွက် လစ်ဗျားနိုင်ငံမှ ထွက်ခွာစဉ် ရွှေ့ပြောင်းနေထိုင်သူ ၇၅ ဦးကျော်မှာ ရေနစ်ခဲ့ပြီး အသက်ရှင်ကျန်ရစ်သူ ၁၅ ဦးကို ကယ်တင်နိုင်ခဲ့သည်ဟု အိုင်အိုအမ်က ဖော်ပြထားသည်။

ယခုနှစ်အတွင်း မြေထဲပင်လယ်အတွင်း အသက်ဆုံးရှုံးရသူ ပေါင်း ၁၃၀၀ ကျော်ရှိလာပြီဖြစ်သည်။ လစ်ဗျားနိုင်ငံတွင် မူအမ်မာ ကဒါဖီကိုဖြုတ်ချခဲ့ပြီးနောက် နိုင်ငံအတွင်း ဖရိုဖရဲဖြစ်မှုများနှင့် လုံခြုံစိတ်ချရမှုမရှိခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ဆင်ဟွာ

နိုဝင်ဘာ ၂၀ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူ မရှိသည့်နေ့အဖြစ် စံချိန်တင်

ဒါကာ နိုဝင်ဘာ ၂၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ နိုဝင်ဘာ ၂၀ ရက်က တစ်နှစ်ခွဲအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ မရှိသည့် ပထမဦးဆုံးနေ့အဖြစ် စံချိန်တင်ခဲ့သည်ဟု သိရသည်။

၂၀၂၀ ပြည့်နှစ် ဧပြီ ၃ ရက်မှ စတင်ရေတွက်လျှင် ယခုနှစ် နိုဝင်ဘာ ၂၀ ရက်မှာ တိုင်းပြည်အတွင်း ကိုဗစ် -၁၉ ကြောင့် သေဆုံးသူမရှိသည့်နေ့ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံ့မှုများ အရှိန်အဟုန်ဖြင့် ပြုလုပ်ခဲ့သည့်အတွက် မကြာသေးမီ လများအတွင်း ကိုဗစ်- ၁၉ ကူးစက်မှုနှုန်းနှင့် သေဆုံးမှုနှုန်းမှာ သိသိသာသာ လျော့ကျလာခဲ့သည်။

ယခုနှစ် ဇန်နဝါရီလအတွင်း မှစတင်ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံ့မှုများ ပြုလုပ်ခဲ့သည်။ အိန္ဒိယနိုင်ငံမှ ကာကွယ်ဆေးအချိန်မီ ရရှိရန် မသေချာမှုများကြားတွင် ပြည်သူများကို အက်စထရာဇနီကာ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံ့ပေးမှုကို ရပ်နားထားခဲ့ရသည်။

ဒွန်လအတွင်း နိုင်ငံ၏အချို့သောနေရာများတွင် တရုတ်ပြည်မှ လျူဒါန်းသော ဆီနိုဖမ်းကာကွယ်ဆေးများ ရရှိခဲ့ပြီးနောက် ကာကွယ်ဆေးထိုးနှံ့မှု ပြန်လည်စတင်နိုင်ခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ လမ်းမထက်တွင် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ကာ သွားလာနေကြသူများကို တွေ့ရစဉ်။

လတ်တလောတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ် -၁၉ ကြောင့် သေဆုံးမှုနှုန်းမှာ ၁ ဒသမ ၇၈ ရာခိုင်နှုန်းရှိပြီး ပြန်လည်ကျန်းမာလာသည့်နှုန်းမှာ ၉၇ ဒသမ ၇၂ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။

ဆင်ဟွာ

အာဖရိကတွင် ကိုဗစ်-၁၉ ကူးစက်မှုပေါင်း ၈ ဒသမ ၅၇ သန်းရှိ

အဒစ္စအာဘာဘာ နိုဝင်ဘာ ၂၁

အာဖရိကရှိ ကိုဗစ်-၁၉ ကူးစက်ခံရသူစုစုပေါင်းမှာ နိုဝင်ဘာ ၂၀ ရက်တွင် ၈၅၇ဒသမ၉၉ ဦးရှိလာပြီဖြစ်သည်ဟု အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောသည်။

အာဖရိကတိုက်၌ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၂၂၁၄၉၇ ဦးရှိပြီး ပြန်လည်ကျန်းမာလာသူ ဦးရေမှာ ၈၀၂၁၈၆၁ ဦးရှိသည်။ တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှားနှင့် အီဆီယိုးပီယား နိုင်ငံတို့မှာ အာဖရိကတိုက်တွင် ကိုဗစ် -၁၉ ကူးစက်မှုအများဆုံး နိုင်ငံများဖြစ်သည်။

ဆင်ဟွာ

ပိုလန်-ဘီလာရုစ် နယ်စပ်အနီး စုပြုံနေသည့် ရွှေ့ပြောင်းနေထိုင်သူများ ပြဿနာ

နှင်းမိုးအိမ်

ပိုလန် – ဘီလာရုစ်နယ်စပ်တွင် စခန်းချနေကြသည့် ရွှေ့ပြောင်းနေထိုင်သူများ။

ဘီလာရုစ်နိုင်ငံသည် လက်ရှိတွင် ရွှေ့ပြောင်းနေထိုင်သူ ပြဿနာကြောင့် ဥရောပသမဂ္ဂ (အီးယူ)နှင့် အငြင်းပွားလျက်ရှိသည်။ အရှေ့အလယ်ပိုင်းမှ ရွှေ့ပြောင်းနေထိုင်သူများသည် ဥရောပသို့ဝင်ရောက်နိုင်ရေးအတွက် ဘီလာရုစ်နိုင်ငံကို ရောက်ရှိနေကြသည်။

စခန်းချနေထိုင်လျက်ရှိ

ဘီလာရုစ်နိုင်ငံအတွင်း ရောက်ရှိနေသည့် ရွှေ့ပြောင်းနေထိုင်သူဦးရေမှာ ၇၀၀၀ ဝန်းကျင်ရှိသည်ဟု နိုဝင်ဘာ ၁၈ ရက်တွင် ဘီလာရုစ်အစိုးရက ပြောသည်။ ၎င်းတို့ထဲမှ ၂၀၀၀ နီးပါးမှာ အီးယူအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့် ပိုလန်နိုင်ငံနယ်စပ်တွင် စခန်းချနေထိုင်ကြလျက်ရှိသည်။

အရှေ့အလယ်ပိုင်းဒေသမှ အများစုပါဝင်သော ထောင်နှင့်ချီသည့် ရွှေ့ပြောင်းနေထိုင်သူများမှာ အနောက်ဘက်နယ်စပ်တစ်လျှောက်တွင် စခန်းများချကာ နေထိုင်ကြလျက်ရှိသည်။

ဆွေးနွေးမှုများပြုလုပ်လျက်ရှိ

ဥရောပသမဂ္ဂသည် လူသားချင်းစာနာထောက်ထားမှုအဖြစ် ဒုက္ခသည် ၂၀၀၀ အတွက် စီစဉ်ပေးလျက်ရှိသည်။ မိမိသဘောဆန္ဒအလျောက် နေရပ်ပြန်လိုကြသည့် လူပေါင်း ၅၀၀၀ အတွက်လည်း ပြောဆိုဆွေးနွေးမှုများပြုလုပ်နေသည်ဟု ဘီလာရုစ်သမ္မတ အလက်ဇန္ဒြားလူကာရှန်ကို၏ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်အနေဖြင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ စကြီးတစ်ခုအဖြစ် ဖန်တီးပေးရန် ဥရောပသမဂ္ဂ (အီးယူ) နှင့် ဆွေးနွေးမှုများ ပြုလုပ်သွားလိမ့်မည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

> ❑ ဘီလာရုစ်နိုင်ငံသည် အီရတ်နိုင်ငံမှ ရွှေ့ပြောင်းနေထိုင်သူ ၂၀၀ နှင့် ၃၀၀ ကြားကို နေရပ်ပြန်ပို့နိုင်ရေးအတွက် ပြင်ဆင်လျက်ရှိသည်။ ထောင်နှင့်ချီသည့် ရွှေ့ပြောင်းနေထိုင်သူများသည် ဥရောပသမဂ္ဂနိုင်ငံများသို့ ဝင်ရောက်နိုင်ရေးအတွက် ပိုလန်-ဘီလာရုစ်နယ်စပ်တွင် စခန်းချနေထိုင်လျက်ရှိသည်။ အဆိုပါ ပြဿနာသည် နွေရာသီကာလမှ စတင်ခဲ့ခြင်း ဖြစ်သည်

အဆိုပါကိစ္စနှင့်ပတ်သက်၍ ဂျာမနီနိုင်ငံဘက်မှ မည်သည့်တုံ့ပြန်မှုမှ ပြောကြားခဲ့ခြင်း မရှိချေ။

ငြင်းဆိုထား

ရွှေ့ပြောင်းနေထိုင်သူများ ပိုလန်နယ်စပ်တွင် စုပြုံနေရခြင်းမှာ ဘီလာရုစ်သမ္မတ လူကာရှန်ကို၏ ခွင့်ပြုပေးမှုကြောင့် ဟူသော စွပ်စွဲချက်ကို လူကာရှန်ကိုက ငြင်းဆိုထားသည်။ ရွှေ့ပြောင်းနေထိုင်သူများကို ဥရောပသမဂ္ဂက လက်မခံသည့်အတွက်လည်း ဥရောပသမဂ္ဂကို စွပ်စွဲခဲ့သည်။

ယခုသီတင်းပတ်အတွင်း ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်နှင့် နှစ်ကြိမ်ဖုန်းပြောခဲ့ပြီး ပြီးခဲ့သည့်နှစ်မှ စတင်ကာ အနောက်နိုင်ငံမှ ခေါင်းဆောင်တစ်ဦးနှင့် လူကာရှန်ကိုတို့ ပထမဦးဆုံးအကြိမ် ဖုန်းပြောဆိုခဲ့ခြင်းဖြစ်သည်။

ညဘက်နယ်စပ်ဖြတ်ကျော်ရန် ကြိုးစား

အိန်ဂျလာမာကယ်နှင့် ဆွေးနွေးပြီးနောက် ဘီလာရုစ်နိုင်ငံနှင့် အီးယူတို့အကြား ဆွေးနွေးပွဲမှာ ဖြစ်နိုင်ခြေရှိသည်ဟု နိုဝင်ဘာ ၁၇ ရက်တွင် ပြောကြားခဲ့သည်။ သို့သော်လည်း တိုက်ရိုက်ဆွေးနွေးပွဲနှင့်ပတ်သက်၍ ဂျာမနီနိုင်ငံဘက်မှ မည်သည့် မှတ်ချက်မျှမပေးခဲ့ချေ။

ပိုလန်တပ်ဖွဲ့သည် နိုဝင်ဘာ ၁၈ ရက်က ဘီလာရုစ်နယ်စပ်ကို ကျော်ဖြတ်လာသည့်ရွှေ့ပြောင်းနေထိုင်သူ ၁၀၀ ခန့်ကို ထိန်းသိမ်းထားခဲ့ရကြောင်း ပြောသည်။ အဆိုပါ ရွှေ့ပြောင်းနေထိုင်သူများမှာ ညအချိန်တွင် နယ်စပ်ကို ကျော်ဖြတ်ရန် ကြိုးပမ်းကြခြင်းဖြစ်ကြောင်း၊ ဘီလာရုစ်တပ်ဖွဲ့သည် အဆိုပါ လှုပ်ရှားမှုကို ဦးဆောင်ကြသူများ ဖြစ်ကြောင်း ပိုလန်နိုင်ငံဘက်မှ စွပ်စွဲခဲ့သည်။

နေရပ်ပြန်ပို့နိုင်ရေးပြင်ဆင်လျက်ရှိ

ဘီလာရုစ်နိုင်ငံသည် အီရတ်နိုင်ငံမှ ရွှေ့ပြောင်းနေထိုင်သူ ၂၀၀ နှင့် ၃၀၀ ကြားကို နေရပ်ပြန်ပို့နိုင်ရေးအတွက် ပြင်ဆင်လျက်ရှိသည်။ ထောင်နှင့်ချီသည့် ရွှေ့ပြောင်းနေထိုင်သူများသည် ဥရောပသမဂ္ဂနိုင်ငံများသို့ ဝင်ရောက်နိုင်ရေးအတွက် ပိုလန်-ဘီလာရုစ်နယ်စပ်တွင် စခန်းချနေထိုင်လျက်ရှိသည်။ အဆိုပါပြဿနာသည် နွေရာသီကာလမှစတင်ခဲ့ခြင်းဖြစ်သည်။

ပိုလန်တပ်ဖွဲ့ဝင်များအား ကျောက်တုံးများဖြင့်ပစ်ပေါက်ရန် ရွှေ့ပြောင်းနေထိုင်သူများကို ဘီလာရုစ်တပ်ဖွဲ့ဝင်များက ဖိအားပေးခိုင်းစေသည်ဟု စွပ်စွဲထားကြသည်။

သဘောတူထား

ရွှေ့ပြောင်းနေထိုင်သူ ၁၀၀ နီးပါးပါဝင်သည့်အုပ်စုတစ်စုကို ထိန်းသိမ်းထားသည်ဟု သိရသည်။

ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်နှင့်ဘီလာရုစ်သမ္မတတို့ ဆွေးနွေးကြရာတွင် ယခုကြုံတွေ့နေရသည့် ရွှေ့ပြောင်းနေထိုင်သူပြဿနာကို အီးယူအဖွဲ့ကြီးနှင့်ဘီလာရုစ်နိုင်ငံတို့ ဆွေးနွေးသွားရန် သဘောတူထားကြောင်း လူကာရှန်ကို၏ သတင်းထုတ်ပြန်ရေးအဖွဲ့ကပြောသည်။

သေဆုံးသူ ၁၁ ဦးထက်မနည်းရှိ

နှစ်ဖက်စလုံးမှ သက်ဆိုင်ရာအရာရှိများသည် လက်ရှိဖြစ်ပေါ်နေသည့် ပြဿနာများကို ဖြေရှင်းရန်အတွက် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်သွားမည်ဟု ဘီလာရုစ်ဘက်မှ ပြောသည်။

ရွှေ့ပြောင်း နေထိုင်သူများအပေါ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရန်နှင့် မိမိသဘောဆန္ဒအလျောက် နေရပ်ပြန်လိုသူများရှိပါက နေရပ်ပြန်ပို့ပေးရန်တို့အတွက် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်က အလေးထားကြောင်း မာကယ်၏ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

နွေရာသီကာလ ရွှေ့ပြောင်းနေထိုင်သူများ ပြဿနာစတင်သည့်အချိန်မှ စတင်ကာ သေဆုံးသွားရသည့် ရွှေ့ပြောင်းနေထိုင်သူ ၁၁ ဦးထက်မနည်း ရှိသည်ဟု အကူအညီပေးရေးအုပ်စုများ ကပြောသည်။

လေယာဉ်ပြင်ဆင်ပေးထား

အဆိုပါပြဿနာနှင့် ပတ်သက်၍ လူသားချင်း စာနာထောက်ထားကြရန်လည်း လူ့အခွင့်အရေးအုပ်စုများက တောင်းဆိုထားသည်။ နယ်စပ်တစ်လျှောက် စခန်းချနေထိုင်သူ ရွှေ့ပြောင်းနေထိုင်သူ အရေအတွက်မှာ ၃၀၀၀ နှင့် ၄၀၀၀ ကြားရှိသည်ဟု ပိုလန်နိုင်ငံက ခန့်မှန်းထားသည်။

မိမိနေရပ် ပြန်လိုသူများအတွက် မင့်စ်ခ်မြို့မှ ဘဂ္ဂဒက်သို့ပျံသန်းမည့် လေယာဉ်လည်း ပြင်ဆင်ပေးထားကြောင်း ဘီလာရုစ်ဘက်မှပြောသည်။

အချိန်ယူရဦးမည်

ရွှေ့ပြောင်းနေထိုင်သူဖြစ်လာမည့်သူများကို ဘီလာရုစ်နိုင်ငံသို့ တင်ဆောင်လာခြင်းကို ရပ်တန့်သွားမည်ဟုလည်း လေကြောင်းလိုင်း အများအပြားက ပြောသည်။ သို့သော်လည်း အဆိုပါ ပြဿနာ ပြီးပြတ်သွားစေရန်အတွက်မူ အချိန်ယူရဦးမည်ဖြစ်ကြောင်း အာဏာပိုင်များက သတိပေးထားသည်။

ပိုလန် – ဘီလာရုစ်နယ်စပ်တွင် ဖြစ်ပေါ်နေသည့် အခြေအနေများမှာ လျင်လျင်မြန်မြန်ဖြေရှင်းရန် မဖြစ်နိုင်သည့်အတွက် ပြင်ဆင်မှုများပြုလုပ်ထားရမည်ဟု ပိုလန်ကာကွယ်ရေးဝန်ကြီး မာရီယု ဘလက်ချက်ဇ်က နိုဝင်ဘာ ၁၇ ရက်တွင် ပြောသည်။ ။

ကိုးကား – အေအက်ဖ်ပီ

နိုဝင်ဘာ ၂၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၅၂၇ ဦး တွေ့ရှိ

ထပ်မံသေဆုံးသူ ၁၄ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉၀၂၅ ဦးရှိ

(၂၁-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၀-၁၁-၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁-၁၁-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၀,၆၉၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၂၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၅၅) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၃၇၁,၈၁၀)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၁၇,၉၂၂) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၈၉၈)ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၉၀,၉၁၃)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၄)ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၀၂၅) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၀-၁၁-၂၀၂၁) ရက်နေ့အထိ လူဦးရေ စုစုပေါင်း (၁၅,၃၉၀,၈၇၃) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ် အပြည့် ထိုးနှံပြီးစီးသူ (၁၀,၄၇၈,၃၀၂) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၄,၉၁၂,၅၇၁) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၀-၁၁-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၂၅,၈၆၉,၁၇၅) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၁-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ဓာတ်ခွဲဌာနအမည်	စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း	ပိုးတွေ့ လူနာသစ်
ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ	(၅၆၄) ခု	(၄၀) ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ	(၁၆၀) ခု	(၂၆) ဦး
နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)	(၄၀) ခု	(၃) ဦး
စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀)	(၁၅) ခု	-
လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀)	(၁၈) ခု	(၁၈) ဦး
ပဉ္စလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ	(၅၆၁) ခု	(၇) ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ	(၈၈၂) ခု	(၂၅) ဦး
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ	(၁၈,၄၅၉) ခု	(၄၀၈) ဦး
စုစုပေါင်း	**(၂၀,၆၉၉) ခု**	**(၅၂၇) ဦး**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ (၂၀-၁၁-၂၀၂၁) ရက်နေ့

ကာကွယ်ဆေးထိုးနှံမှု	အရေအတွက်
ပထမအကြိမ်ထိုးနှံပြီး လူဦးရေ	(၄,၉၁၂,၅၇၁) ဦး
ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ	(၁၀,၄၇၈,၃၀၂) ဦး
ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း	(၁၅,၃၉၀,၈၇၃) ဦး
စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses)	(၂၅,၈၆၉,၁၇၅) ကြိမ်

- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အခြေအနေများအား ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုရေး ရက်သတ္တပတ်အလိုက် ဓာတ်ခွဲနမူနာရယူစစ်ဆေးမှု၊ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုနှုန်း အခြေအနေများအား စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ အပတ်စဉ်အလိုက် ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိမှုနှင့် ပျမ်းမျှရောဂါပိုး တွေ့ရှိမှုနှုန်းများမှာ (၅) ရာခိုင်နှုန်းအောက်သို့ လျော့နည်းကျဆင်းလာကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် ပြည်သူလူထုအကြား မြေပြင်ကွယ်နေသည့် ကိုဗစ်-၁၉ ရောဂါပိုးရှိနေသူများ (ဥပမာ-ရောဂါလက္ခဏာမပြသော်လည်း ရောဂါပိုးရှိနေသူများ၊ သံသယရောဂါလက္ခဏာများရှိ၍ ရောဂါပိုး ရှိနေနိုင်သော်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့ခြင်းမရှိသူများ) ထံမှ ရောဂါပိုးအဆင့်ဆင့် ဆက်လက်ကူးစက်၍ ရောဂါဖြစ်ပွားမှုများ ပြန်လည်မြင့်တက်လာခြင်းမရှိစေရန်နှင့် ရောဂါ ကူးစက်ဖြစ်ပွားမှု ဆက်လက်လျော့ကျလာစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့ကဏ္ဍအလိုက် ယခုထက်ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်၍ အောက်ပါအချက်များကို တိကျစွာ လိုက်နာကြပါရန် ဖြစ်ပါသည်။
  - အတတ်နိုင်ဆုံး မိမိတို့၏နေအိမ်များတွင်သာနေထိုင်ခြင်းနှင့် လူစုလူဝေးကို တတ်နိုင်သမျှ ရှောင်ကြဉ်ခြင်း၊
  - နေအိမ်ပြင်ပသို့ သွားရောက်ရန်နှင့် လူအများစုဝေးရာသို့ သွားရောက်ရန်များရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျတပ်ခြင်း၊
  - လက်ကိုမကြာခဏဆေးကြောခြင်း၊
  - တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ခြင်း၊
  - အလှည့်ကျရရှိလာသည့် ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့်မပျက်မကွက်ခံယူခြင်း၊
  - သံသယရောဂါလက္ခဏာ တစ်စုံတစ်ရာရှိပါက မိမိဘာသာကုသခြင်းမျိုး မဆောင်ရွက်ဘဲ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးဆက်သွယ်သတင်းပေးပို့၍ မိမိနှင့်အနီးကပ် ထိတွေ့သူများအား ကျန်းမာရေးဌာနက စုံစမ်းရှာဖွေဖော်ထုတ်ရာတွင် သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
  - ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ဆက်စပ်ခဲ့သူများသည်လည်း ကျန်းမာရေးဌာနသို့သတင်းပေးပို့၍ အသွားအလာကန့်သတ်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်း များကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

၂၁-၁၁ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

စဉ်	နိုင်ငံ	ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း	ရောဂါပိုး ကင်းစင်သွားသူ	သေဆုံးသူဦးရေ စုစုပေါင်း
၁။	အမေရိကန်	၄၈၅၅၈,၂၂၉	၃၈၄,၃၇၈,၅၅	၇၉,၃,၃,၃၉
၂။	အိန္ဒိယ	၃,၄,၁,၀,,,

ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် မူလတန်းကြိုပညာရေး တိုးတက်လာစေရန် ကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်

တောင်ငူ နိုဝင်ဘာ ၂၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်သည် ဒုတိယဝန်ကြီးဦးအောင်ထွန်းခိုင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ကျောင်းများ တိုးချဲ့ဖွင့်လှစ်ရေး

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရှေးဦးအရွယ်ကလေးသူငယ်ပြုစု ပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် မူလတန်းကြို ပညာရေး လွှမ်းခြုံမှုပိုမိုတိုးတက်လာစေရန် ကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ပံ့ပိုးကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဌာနအနေဖြင့် ပြုစုစောင့်ရှောက်ထားသော ကလေးများ၏ ရေရှည်အနာဂတ်ရင်သန်ရပ်တည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့အသုံးချနိုင်မည့် အသိပညာ အတတ်ပညာများ ရရှိရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် ဆက်စပ်ဌာနများနှင့် ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဦးစီးမှူးက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တောင်ငူခရိုင်ဦးစီးမှူးရုံးအနေဖြင့် ရုံးဖွင့်လှစ်ထားရှိမှုအခြေအနေ၊ ခရိုင်အတွင်း အများဆုံးဖြစ်ပွားသော ရေကြီးရေလျှံဘေး၊ လေပြင်းဘေး၊ မိုင်းဖြစ်စဉ်များအပေါ် ကယ်ဆယ်ထောက်ပံ့ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ ခရိုင်လူမှုဝန်ထမ်းဦးစီးမှူးက ခရိုင်အတွင်း လူမှုဝန်ထမ်းလုပ်ငန်းကြီး (၇) ရပ်အကောင်အထည်ဖော်ဆောင်ရွက်နေမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တောင်ငူမြို့အမှတ် (၁၈) ရပ်ကွက်ရှိ ကြာနီကန် ပရိယတ္တိစာသင်တိုက်သို့ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက ကျောင်းတိုက်ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယ ထံသို့ သက်နံ်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ အိမ်တွင်းမှ သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းသို့ရောက်ရှိရာ တာဝန်ခံကျောင်းအုပ်က တောင်ငူမြို့နယ်ကို Stay at Home အမိန့်ပယ်ဖျက်ပြီးသည့် အချိန်မှစ၍ သင်တန်းကျောင်း အနေဖြင့် ကျောင်းအခြေပြု သင်တန်းနှင့် ရပ်ရွာ အခြေပြုသင်တန်းများကို သင်တန်းကာလ တစ်လခွဲဖြင့် စက်ချုပ်သင်တန်းများ၊ မုန့်လုပ်ငန်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှုကို ရှင်းလင်းတင်ပြခဲ့ပြီး သင်တန်းများ ဖွင့်လှစ်ပေးနေမှုနှင့် တက်ရောက်သင်ယူနေမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသသည်။

ခေတ်မီနည်းစနစ်များလေ့လာ

ပြည်ထောင်စု ဝန်ကြီးက တက်ရောက်သင်ယူလျက်ရှိသည့် သင်တန်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးခဲ့ပြီး အလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများ ရရှိနိုင်ရေးအတွက် ပိုမိုခေတ်မီသော နည်းစနစ်များကို ဆင့်ပွားလေ့လာ ဆည်းပူးသွားကြရန်နှင့် ဈေးကွက်ဝင်သော ထုတ်ကုန်ပစ္စည်းများကို ပိုမိုထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။(ဝဲပုံ)

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ခရိုင်လူမှုဝန်ထမ်းရုံးကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် နိုဝင်ဘာ ၂၁

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည် ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများ အတွင်းရှိ ပြည်သူများ၊ အသက် ၁၂နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း အဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နှင့် နောင်ချိုမြို့တို့၌ ဒေသခံပြည်သူ ၁၅၃၅ ဦး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် လေးမြို့နယ်၌ ဒေသခံပြည်သူ ၈၂၆ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် အတွင်းရှိ မြို့နယ် ၁၆မြို့နယ်တို့၌ သံဃာတော်များနှင့် ဒေသခံပြည်သူ ၂၂၇၉၄ ဦး၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်၌ ဒေသခံပြည်သူ ၃၁၉၄ ဦး၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၂၈၅၉၈ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် အတွင်းရှိမြို့နယ် လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၄၁၇၈ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၈၃၅၀တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ် မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၄၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၄၀၊ ရခိုင်ပြည်နယ် ရသေ့တောင်မြို့နှင့် ချင်းပြည်နယ် ပလက်ဝမြို့တို့၌ ကျောင်းသား ကျောင်းသူ ၁၀၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ် အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၁

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ် အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၂၇၁ ဦး၊ အမျိုးသမီး ၂၂၆ ဦး စုစုပေါင်း ၄၉၇ ဦးတို့ကို လက်ခံကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများကို သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

(၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ မြန်မာဖူဆယ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် နိုဝင်ဘာ ၂၁

၂၀၂၂ ခုနှစ် မေလတွင် ပြန်လည်ကျင်းပမည့် (၃၁) ကြိမ်မြောက် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်အမျိုးသား နှင့် အမျိုးသမီးဖူဆယ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မကြာမီလေ့ကျင့်ပြင်ဆင်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းများ ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး နည်းပြခန့်အပ်ရန်၊ ကစားသမားများ ရွေးချယ်ရန်နှင့် ပြိုင်ပွဲအကြိုပြင်ဆင်မှုများအတွက် လုပ်ဆောင်သွားရမည် ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားနှင့် အမျိုးသမီးအသင်းသည် လာမည့်ဆီးဂိမ်းပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး လာမည့်နှစ်ဆန်းပိုင်းတွင် စတင်လေ့ကျင့်ဖွယ် ရှိနေသည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းနည်းပြ ချုပ်အဖြစ် ထိုင်းနိုင်ငံသား ဘန်လက်ချာယိုဝန်ကို ခန့်အပ်ထားပြီး အမျိုးသားအသင်းသာ နည်းပြချုပ်ခန့်အပ်ရန် ကျန်ရှိနေခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားနှင့် အမျိုးသမီး အသင်းများသည် နိုင်ငံတကာ ပြိုင်ပွဲများနှင့် ကာလအတန်ကြာ ဝေးကွာနေပြီး လာမည့်ဆီးဂိမ်း ပြိုင်ပွဲမှာ ပထမဆုံးပြန်လည် ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲလည်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ် အသင်းသည် ၂၀၁၉ အာဆီယံ ဖူဆယ်ပြိုင်ပွဲတွင် နောက်ဆုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာ အမျိုးသမီး ဖူဆယ်အသင်းမှာမူ ၂၀၁၇ဆီးဂိမ်းပြိုင်ပွဲတွင် နောက်ဆုံး ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲတွင် ဖူဆယ် အားကစားနည်းကို ၂၀၀၇ ခုနှစ်တွင် စတင်ပါဝင်ခဲ့ပြီး ၂၀၀၇၊ ၂၀၁၁၊ ၂၀၁၃ နှင့် ၂၀၁၇ ခုနှစ် လေးကြိမ်သာ ပါဝင်ခဲ့ကာလာမည့် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲတွင် ငါးကြိမ်မြောက် ပါဝင်ခြင်းဖြစ်သည်။ ယင်းလေးကြိမ်တွင် မြန်မာ့ဖူဆယ် အမျိုးသားအသင်းမှာ ဆုတံဆိပ်ရယူနိုင်ခြင်းမရှိသေးဘဲ အမျိုးသမီးအသင်းမှာမူ ၂၀၁၁ အင်ဒိုနီးရှား ဆီးဂိမ်းပြိုင်ပွဲတွင် ကြေးတံဆိပ်ရရှိထားသည်။

ရဲရင့်လွင်

နေရာ ကွက်ကျား မိုးထစ်ချုန်း ရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၂၁

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/၈လ

ကာတွန်းဆရာကြီး ဦးဘကျမ်း၏ ခေတ်အမြင် ကာတွန်း

▼ *ကျော်ဖုံးမှ*

လေးဂိုး-နှစ်ဂိုး၊ လီဗာပူးအသင်းကို ငါးဂိုး-ဂိုးမရှိ၊ မန်စီးတီးအသင်းကို နှစ်ဂိုး-ဂိုးမရှိ အပါအဝင် ငါးပွဲအထိ ရှုံးနိမ့်ထားသည်။ ထို့အပြင် မန်ယူအသင်းသည် ပွဲစဉ် (၁၂) အပြီး အမှတ်ပေးဇယားတွင်လည်း ဦးဆောင်သူချယ်ဆီးအသင်းနှင့် ၁၂ မှတ် ကွာဟလျက်ရှိနေသည်။

ဆိုးလ်ရှား (၄စနှစ်)သည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ဂျို့စ်မော်ရင်ဟိုဇ်၏ နေရာကို အစားထိုးခန့်အပ်ခံခဲ့ရသည့် နည်းပြဖြစ်ပြီး မန်ယူအသင်းကို ၁ဖေ၈ ပွဲ တာဝန်ယူကိုင်တွယ်ခဲ့ပြီး ၉၁ ပွဲနိုင်၊ ၃၇ ပွဲသရေ၊ ပွဲ ၄၀ အထိ ရှုံးနိမ့်ထားသည်။ ၎င်းသည် ၂၀၂၀-၂၁ ရာသီတွင် မန်ယူအသင်းကို ယူအီးအက်ဖ်အေ ယူရိုပါလီဂ်ပြိုင်ပွဲ ဗိုလ်လုပွဲသို့ ရောက်ရှိအောင် ကူညီပေးထားနိုင်သည်။

မန်ယူအသင်းသည် နိုဝင်ဘာ ၂၄ ရက်တွင် ချန်ပီယံလီဂ်ပြိုင်ပွဲ၌ ဗီလာရီးရဲ၊ နိုဝင်ဘာ ၂၈ ရက်တွင် ပရီမီယာလီဂ် ပြိုင်ပွဲ၌ အမှတ်ပေးဇယားဦးဆောင်သူ ချယ်ဆီး၊ ဒီဇင်ဘာ ၃ ရက်တွင် အာဆင်နယ်စသည့် အသင်းကြီးများနှင့် ဆက်တိုက်ကစားသွား ရမည်ဖြစ်သည်။

အောင်ဇော်

ဝက်ဖို့ဒ်နှင့် မန်ယူ ပွဲအပြီး ပရိသတ်များကို နှုတ်ဆက်နေသော မန်ယူ နည်းပြ ဆိုးလ်ရှား

❍ *ကျော်ဖုံးမှ*

ယခုပွဲစဉ်တွင် လီဗာပူးအသင်းရော အာဆင်နယ်အသင်းပါ အားထားရသည့် ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ပြီး အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်မှုများဖြင့် ပရိသတ်အကြိုက်ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ သို့သော်လည်း ပွဲကစားချိန် ကြာလာသည်နှင့်အမျှ အာဆင်နယ်အသင်း ကစားအားကျလာပြီး လီဗာပူးအသင်း၏ ဖိအားပေးမှုကို ခံခဲ့ရသည်။ ပွဲချိန် ၃၉ မိနစ်တွင် လီဗာပူးအသင်း အဖွင့်ဂိုး ရရှိခဲ့ပြီး မာနေးက သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင်လည်း လီဗာပူးအသင်းက ဂိုးအသာ၊ ခြေအသာဖြင့် ပွဲကို ထိန်းချုပ်ကစားနိုင်ခဲ့သည်။ ပွဲချိန် ၅၂ မိနစ်တွင် လီဗာပူးအသင်း ဒုတိယဂိုးရရှိခဲ့ပြီး ဂျိုတာက သွင်းယူပေးခဲ့သည်။

ထို့နောက်တွင် အာဆင်နယ်အသင်း ကစားအားကျလာသည့် လာကာဇက်၊ လိုကွန်ဂါတို့ကို အနားပေးကာ အိုဒီဂတ်၊ မစ်လန်းနေးလ်တို့ကို ထည့်သွင်းအသုံးပြုခဲ့သည်။ သို့သော်လည်း လိုအပ်နေသည့် ချေပဂိုးများကို သွင်းယူနိုင်ခြင်း မရှိဘဲ တိုက်စစ်ထက်မြက်နေသည့် လီဗာပူးအသင်းက သွင်းဂိုးများ ရရှိခဲ့သည်။ လီဗာပူးအသင်းအတွက် တတိယဂိုးကို ပွဲချိန် ၇၃ မိနစ်တွင် ဆာလာက သွင်းယူပေးပြီး စတုတ္ထဂိုးကို ပွဲချိန် ၇၇ မိနစ်တွင် မီနာမီနိုက သွင်းယူပေးခဲ့သည်။ ထို့နောက် ပွဲချိန်ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် လီဗာပူးအသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် ယခုပွဲစဉ်အနိုင်ရရှိမှုကြောင့် အာဆင်နယ်အသင်း၏ ပြိုင်ပွဲစုံ ၁၀ ပွဲဆက်ရှုံးပွဲမရှိ မှတ်တမ်းကို အန်းဖီးလ်ဒ် ရပ်တန့်နိုင်ခဲ့သည်။ ထို့အပြင် အသင်းအတွက် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သော မာနေးသည် အန်းဖီးလ်ဒ် ပြိုင်ပွဲအရပ်ရပ် ငါးပွဲဆက်ဂိုးသွင်းယူနိုင်သည့် မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။ လီဗာပူးအသင်းသည် ယခုနိုင်ပွဲကြောင့် အမှတ်ပေးဇယားဦးဆောင်သူ ချယ်ဆီးအသင်းနှင့် လေးမှတ်အကွာသို့ ရောက်ရှိလာခဲ့ပြီး အာဆင်နယ်အသင်းက ရမှတ် ၂၀ ဖြင့် အဆင့် (၅) နေရာတွင်သာ ဆက်လက်ရပ်တည်နိုင်ခဲ့သည်။

လီဗာပူးတိုက်စစ်ကစားသမား ဆာလာသည် ယခုပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပရီမီယာလီဂ်ပွဲစဉ် (၁၂) အပြီးတွင် သွင်းဂိုးအများဆုံးကစားသမားစာရင်း၌ ၁၁ ဂိုးဖြင့် ဦးဆောင်လျက်ရှိသည်။ လီဗာပူးအသင်းသည် ဂိုးကန်သွင်းမှု ၁၉ ကြိမ်တွင် ဂိုးပေါက်တည့်မတ်မှု ကိုးကြိမ်အထိ ရှိခဲ့သည်။ ပြိုင်ဘက် အာဆင်နယ်အသင်းက ဂိုးကန်သွင်းမှု ငါးကြိမ်တွင် ဂိုးပေါက်တည့်မတ်မှု သုံးကြိမ်သာရှိခဲ့သည်။

လီဗာပူးအသင်းသည် လာမည့်ပွဲစဉ်အဖြစ် ချန်ပီယံလီဂ်ပြိုင်ပွဲ၌ ပေါ်တိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အာဆင်နယ်အသင်းက ပရီမီယာလီဂ်ပြိုင်ပွဲ၌ နယူးကာဆယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အောင်ဇော်



ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ

တနလင်္ဂါ၊ နိုဝင်ဘာ ၂၂၊ ၂၀၂၁

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်မှာလည်း အရင်အပတ်က ဖော်ပြခဲ့တဲ့ဝါကျမှာ မလိုအပ်ဘဲ စကားလုံးတွေထပ်ကာ မသုံးမိစေဖို့ နာမ်စား (pronoun) တွေအကြောင်းဆက်ပြီး ဖော်ပြပေးလိုက်ပါတယ်။ အထူးသဖြင့် ဒီတစ်ပတ်မှာအရင်အပတ်က အဆက်ဖြစ်တဲ့ Indefinite Pronouns (မတိကျသော နာမ်စား) အသုံးပြုပုံတွေကို အဓိပ္ပာယ်ရှင်းလင်းချက်များ၊ နမူနာဝါကျများနဲ့ ဆက်လက်ဖော်ပြပေးလိုက်ရုံသာမက ပိုမိုကျွမ်းကျင်သဘောပေါက်စေရန် လေ့ကျင့်ခန်းများနဲ့လည်း အားဖြည့်ပေးလိုက်ပါတယ်။ ဒုံအပြင် စကားပြောခန်းမှာလည်း “Shortest way to talk about orders–1” ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary အခန်းမှာလည်း နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်ဆန့်ကျင်ဘက် စကားလုံးတွေကို မြန်မာလို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။ ကပ်ကြီးသုံးပါး ကျော်လွှားနိုင်ကြပါစေ။

GRAMMAR

Basic to Intermediate

(ယခင်အပတ်မှအဆက်)

၄။ Nobody ၊ No one နှင့် Nothing တို့ပါသော ဝါကျ (ပိုင်း)တွင် နောက်ထပ်အငြင်းပုံစံ ထပ်မသုံးရပါ။ ဥပမာ–

- Nobody swam. (NOT ~~Nobody didn't swim~~.)
- Nothing happened. (NOT ~~Nothing didn't happen~~.)

၅။ Indefinite Pronouns (မတိကျသော နာမ်စား)များကို ပိုင်ဆိုင်မှု (possessive) ပြုလုပ်လိုပါက 's ပေါင်းထည့်နိုင်သည်။ ဥပမာ–

- They were staying in somebody's house.
- Is this anybody's coat?

၆။ တခြားလူပုဂ္ဂိုလ် သို့မဟုတ် တခြားအရာဝတ္ထုများကို ရည်ညွှန်းလိုပါက Indefinite Pronouns (မတိကျသော နာမ်စား)များနောက်တွင် else ထည့်ပြီးအသုံးပြုနိုင်သည်။ ဥပမာ–

- All the family came, but no one else.
- If Win Win can't come, we'll ask somebody else.
- I think this is somebody else's coat.

၇။ any၊ anyone၊ anybody၊ anything တို့ကို အမေးဝါကျများနှင့် အငြင်းဝါကျများတွင်အသုံးပြုကြသည်။ Some၊ Someone၊ Somebody၊ Something တို့ကို ရိုးရိုး (အဆို) ဝါကျများတွင် အသုံးပြုသည်။ ဥပမာ–

- I don't have any money. Do you have any?
- She has some money. She will lend us some.
- Is there anyone in this house? I do not see anyone/ anybody.



Indefinite Pronouns

Singular			Plural	Singular or Plural
Another	Everyone	Nothing	Both	All
Anybody	Everything	One	Few	Any
Anyone	Little	Other	Many	More
Anything	Much	Somebody	Others	Most
Each	Neither	Someone	Several	None
Either	Nobody	Something		Some
Everybody	No one			Such

- Someone/Somebody wants to see you.
- Is there anything I can do for you?
- I do not want anything. Everything is all right.
- Please say something. Something is better than nothing.
- Anyone may go.
- Anybody may try it.
- Anything will do.

၈။ ဝါကျတစ်ခုထဲတွင် နာမ်စားနှစ်ခုရှိပါက တစ်ခုနှင့်တစ်ခု ကိုက်ညီရမည်။ ဥပမာ–

- One should take care of one's health. (NOT his health)
- One must not praise one's self. (NOT himself)
- Everyone likes to have his own way. (NOT one's)

Exercise (1)

Choose the right pronouns to complete the following sentences.

1. (All, Any) the boys went home.
2. Does (someone, anyone) want a cigarette?
3. I have almost used up my sugar. Only (a few, a little) is left.
4. A (few, little) of the boys are absent today.
5. Here's some salt. Don't use (much, many). Use (a little, a few).
6. Did you see (anybody, somebody) at the station?
7. (Someone, Anyone) is calling you. Go and see (one, him).
8. You carry the light boxes. I'll carry this heavy (one, ones).
9. Don't buy those bad bananas. Buy these good (one, ones).
10. Is there (something, anything) in that box?
11. Do you want (something, anything) to eat?
12. I do not like this one. Give me (another, others).

VOCABULARY (ANTONYMS)

1. bold (ရဲရင့်သော)	≠	timid (ကြောက်တတ်သော)
2. bow (ဦးညွှတ်ဂါရဝပြုခြင်း)	≠	stern (ခက်ထန်ခြင်း)
3. bravery (ရဲစွမ်းသတ္တိရှိခြင်း)	≠	cowardice (သူရဲဘောကြောင်ခြင်း)
4. bright (တောက်ပသော၊ ထက်မြက်သော)	≠	dull (ပျင်းစရာကောင်းသော၊ ဦးနှေ့ဖွယ်ကောင်းသော)
5. broad (ကျယ်ဝန်းသော)	≠	narrow (ကျဉ်းမြောင်းသော)
6. build (တည်ဆောက်သည်)	≠	demolish (ဖျက်သိမ်းသည်)
7. busy (အလုပ်များသော)	≠	idle (အလုပ်မရှိသော)

(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနလင်္ဂနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)

CONVERSATION

Shortest way to talk about orders – 1

တစ်စုံတစ်ယောက်ကို ဟိုဟာလုပ်၊ ဒီဟာလုပ် စသည်ဖြင့် အမိန့်ပေးတာ၊ ကွပ်ကဲတာ၊ ညွှန်ကြားတာတွေကို ပြောတဲ့အခါ ဘယ်လိုပြောရမလဲဆိုတဲ့ အသုံးအနှုန်းတွေကို ဒီတစ်ပတ်မှာ **shortest way to talk about orders–1** ဆိုပြီးဖော်ပြပေးလိုက်ပါတယ်။

Turn …
Come …
Stand …
Leave …
Take …
Give …
Stop …
Bring …
Don't throw …
Don't do …
Don't pay …
Imperative + please …
Imperative + will you?
Imperative + wont' you?

၁။ တစ်စုံတစ်ယောက်ကို ဟိုဟာလုပ်၊ ဒီဟာလုပ် စသည်ဖြင့် အမိန့်ပေး၊ ကွပ်ကဲ၊ ညွှန်ကြားတဲ့အခါမှာ imperative mood လို့ခေါ်တဲ့ စေခိုင်းဝိဘတ်ကို သုံးပါတယ်။ အဲဒါကို အာဏာတ္တိဝိဘတ်လို့လည်း ခေါ်နိုင်ပါတယ်။ ဥပမာ။

- Turn left at the junction!
- Come over here!
- *Stand* in a straight line!
- *Leave* the parcel on the table!
- *Take* a seat!
- *Give* me that!
- *Stop* doing that!
- *Bring* in the furniture

ဘာသာစကားရှုထောင့်

ဟိုဟာမလုပ်နဲ့၊ ဒီဟာမလုပ်နဲ့ဆိုပြီး အငြင်းပုံစံနဲ့ ပြောရင်တော့ Don't ထည့်ပြီး ပြောနိုင်ပါတယ်။ ဥပမာ။

- *Don't throw* that away!
- *Don't do* that!
- *Don't pay* any attention to him!

၂။ အမိန့်ပေးတာတွေဟာ အမိန့်သံစွက်နေတဲ့ အတွက် သို့မဟုတ် အမိန့်သံပါနေတဲ့အတွက် စကားအရာမှာ ပြေပြစ်မှုတော့သိပ်မရှိပါဘူး။ နည်းနည်းလေး မာရေကျောရေရှိလှပါတယ်။ ရုတ်တရက် နှုတ်ကထွက်လာတဲ့ စိတ်ဆိုးမာန်ဆိုးနဲ့ ပြောလိုက်တဲ့စကားလုံးတွေလိုပါပဲ။ ဆောင့်ဆောင့်အောင့်အောင့် ဖြစ်နေတတ်ပါတယ်။ အဲဒီလိုအသုံးအနှုန်းတွေကို imperative mood နဲ့ပြောနိုင်ပါတယ်။ အဲဒီလိုပဲ တစ်ခါတစ်ရံ ညွှန်ကြားပြောဆိုတဲ့အခါမှာလည်း imperative mood ကိုသုံးနိုင်ပါတယ်။ အမိန့်သံစွက်နေတာကို ယဉ်ကျေးစေချင်တဲ့အခါမှာသော်လည်းကောင်း ညွှန်ကြားပြောဆိုတာကို ယဉ်ကျေးစေချင်တဲ့အခါမှာသော် လည်းကောင်း please ဆိုတဲ့ စကားလုံးကိုပေါင်းထည့်ပြီး ပြောနိုင်ပါတယ်။ please "ကျေးဇူးပြု၍"ဆိုတဲ့စကားလုံးကို ဝါကျရဲ့ ရှေ့မှာသော်လည်းကောင်း ဝါကျရဲ့နောက်မှာသော်လည်းကောင်း ထားပြီးပြောနိုင်ပါတယ်။ ဥပမာ။

- *Come* this way, *please*.
- *Stand* over there, *please*.
- *Bring* the sofa over here, *please*.
- *Please leave* now!
- *Please carry* this bag for me!

၃။ အမေးနာမဝိသေသန ပုဒ်စုလို့ခေါ်တဲ့ tag question လိုမျိုး *will you?* ကို imperative နဲ့ တွဲပြီးအသုံးပြုနိုင်ပါတယ်။ ဆိုလိုတဲ့သဘောကတော့ "လုပ်/ယူ/ခေါ် မယ်မဟုတ်လား" ဆိုတဲ့သဘောနဲ့ ခပ်ဆင်ဆင်ပါပဲ။ အဲလိုသုံးလိုက်ခြင်းအားဖြင့် အမိန့်ပေးသံကို ပျော့ပြောင်းစေပါတယ်။ ပိုပြီးတော့ လည်း အရပ်သဘောဆန်ဆန်ပြောတဲ့ပုံစံဖြစ်လာပါတယ်။ ဥပမာ။

- *Take* this, *will you*, Mary?
- *Hold* the torch, *will you*, Bob?
- *Call* your Dad, *will you*, Tom?

ဘာသာစကားရှုထောင့်

Imperative နဲ့ will you? တွဲပြီးသုံးထားတဲ့ ဝါကျကို ပိုပြီးယဉ်ကျေးစေချင်တဲ့အခါမှာတော့ please "ကျေးဇူးပြု၍" ဆိုတဲ့ စကားလုံးကို ထပ်ထည့်ပြီး သုံးနိုင်ပါတယ်။ ဥပမာ။

- *Pass* me the salt, *will you, please*?
- *Get* me a coffee, *will you, please,* Jane?
- *Answer* the phone, *will you, please*?

၄။ imperative + won't you ဆိုတဲ့အသုံးကိုတော့ ပိုပြီးအရပ်သဘောဆန်ဆန်ပြောတဲ့အခါမှာသုံးနိုင်ပါတယ်။ အမိန့်ပေး၊ ညွှန်ကြားတဲ့လေသံကိုလည်း ပိုပြီးတော့ ပျော့စေပါတယ်။ "လုပ်ပေးနိုင်မယ် မဟုတ်လား" ဆိုတဲ့ သဘောပါပဲ။ ဥပမာ။

- *Take care of* the children while I'm away, *won't you*?
- *Get* to the airport in plenty of time, *won't you*?
- *Save* me some cake, *won't you*?

Conversation

Illegal parking

Lucy: Don't park here, Mum! That sign says No Parking! We'll have to find a car park.
Mum: I just need to hand in this parcel. I won't be long. Stay in the car, dear, won't you? Explain to the traffic warden if one comes along!
Lucy: Hurry up, then, Mum!
Mum: Don't fuss, Lucy! I'll be back as soon as possible. I'll just get the percel from the boot.
Lucy: You mustn't waste any more time! A parking warden could come along any minute!
Mum: I'm just off. I'll be as quick as I can.

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကိုဗစ်စင်တာများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၁ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၉၅ ဦးနှင့် အမျိုးသမီး ၈၃ ဦး စုစုပေါင်း ၁၇၈ ဦးတို့ကို လက်ခံထားရှိကြောင်း သိရသည်။

အဆိုပါစောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေး အဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁ - ၁၁ - ၂၀၂၁

ရွှေ

ရန်ကုန်	၁၆ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၁၈၀၅၀၀၀
ရန်ကုန်	၁၅ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၁၆၉၈၈၀၀
မန္တလေး	၁၆ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၁၈၀၅၀၀၀
မန္တလေး	၁၅ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၁၆၉၈၈၀၀

(အောင်သမာဓိမှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)		လက်လီဈေး(မန္တလေး)	
ဒီဇယ်(တစ်လီတာ)	၁၃၀၅/၁၃၄၅	ကျပ်	၁၃၃၀/၁၃၈၅	ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၁၃၁၅/၁၃၆၅	ကျပ်	၁၃၄၅/၁၄၀၀	ကျပ်
အောက်တိန်း ၉၂	၁၃၅၀/၁၃၈၅	ကျပ်	၁၄၀၀/၁၄၅၇	ကျပ်
အောက်တိန်း ၉၅	၁၄၀၀/၁၄၃၅	ကျပ်	၁၅၁၀/၁၅၄၀	ကျပ်

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၇၇၁ . ၈
ဥရောပ	တစ်ယူရို	ကျပ်	၂၀၁၅ . ၄
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၃၀၈ . ၈
ထိုင်း	တစ်ဘတ်	ကျပ်	၅၄ . ၁၆၇
ဂျပန်	ယန်း ၁၀၀	ကျပ်	၁၅၅၁ . ၀
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၄၂၅ . ၄၅
တရုတ်	တစ်ယွမ်	ကျပ်	၂၇၇ . ၈၂
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၃ . ၈၂၈

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရွယ်ယာစောင်ရေ	ရွယ်ယာတန်ဖိုး (ကျပ်)
FMI	၈၇၀၀	၈၇၀၀	၂	၁၇၄၀၀
MTSH	၃၃၀၀	၃၂၀၀	၇၄၆	၂၃၉၁၀၀၀
MCB	၈၀၀၀	၈၀၀၀	၂၀	၁၆၀၀၀၀
FPB	၂၀၀၀၀	၂၀၀၀၀	၆	၁၂၀၀၀၀
TMH	၂၇၅၀	၂၇၅၀	၃၀	၈၂၅၀၀
EFR	၂၈၅၀	၂၈၅၀	၂၁	၅၉၈၅၀
AHP	၅၀၀၀	၅၀၀၀	၁၀၀	၅၀၀၀၀၀

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	-	မြင့်စိုး
သတင်းထောက်မှူး	-	ခင်ရတနာ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း	-	ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ	-	ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ	-	နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံ သတင်းထောက်	-	တင်စိုး
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းဖြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ဌေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE
www.mdn.gov.mm

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၁၁-၂၀၂၁ တနလင်္ဂနေ့

MRTV HD

- ၀၆:၀၀ ဖေတ္တသုတ်၊ရတနာသုတ်၊ဗောဇ္ဈင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ဇေယျာရွှေမြေမှ လက်မှုထုတ်ကုန် ဂျုံရိုး ဦးထုပ်
- ၀၉:၁၀ မွေးမြူရေးရာအကြောင်း
- ၁၀:၃၀ ရာဇဝင်ထဲကသမိုင်းအနုပညာ
- ၁၁:၂၅ ဘဝနှင့်အနုပညာ
- ၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့ လျှို့ဝှက်ချက်'** (အပိုင်း-၃၀)
- ၁၃:၀၀ အကွေ့နဲ့အရွှေ့သမိုင်းဖြစ်ရပ်မှန် (အပိုင်း-၃)
- ၁၃:၄၅ MRTV National News
- ၁၅:၀၀ Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'ဘောဂဗေဒဘာသာရပ်'
- ၁၆:၅၅ အင်ဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
- ၁၇:၀၅ This Week's Special Interest
- ၁၇:၃၀ ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာအစီအစဉ်
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဟယာမျက်နှာဖုံး'** (အပိုင်း-၁၅)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း ဗိုလ်လေဝယ်အခြေအနေ
- ၂၁:၀၀ အကွေ့နဲ့အရွှေ့သမိုင်းဖြစ်ရပ်မှန် (အပိုင်း-၄)
- ၂၁:၄၀ သံစဉ်ဝေဖြာစတီရီယိုတေးဂီတမှာ
- ၂၂:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဝဏ္ဏညီသောဝေတ္တာများ'** (အပိုင်း-၃၁)

ဆောကြားနေ့ ဘုတိုင်းတွင် တေးဂီတရေးရေးပြေး စိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

mtv

- 07:01 News
- 07:26 Global Partnership for Brighter Future: Guyana Pavilion at Expo 2020 Dubai
- 07:34 Myanmar Paper Toys
- 07:40 Conflict & Solution Between Man & Elephant
- 08:01 Myanmar Masterclass: Artist Win Pe Myint
- 08:14 Mobile House
- 08:25 Myanma Thanakha
- 08:41 The Hills Of Phowintaung And Shwebataung
- 09:01 Ecotourism: The world Famous Novelist George Orwell's House
- 09:19 Chef Life - Phyo Arbidans
- 09:27 Inlay Traditional Cotton Clothes
- 09:35 Yathe Taung Township In A Nut-Shell
- 10:01 Dances of Myanmar (Pre Kayaw Traditional Dance)

MRTV NRC

- **ကဃား (၀၆:၀၀ မှ ၀၈:၀၀)** မြတ်နိုးဗွယ်ရာ ဝါးလက်မှုပညာ
- **ဝေကကရင် (၀၈:၀၀ မှ ၀၉:၀၀)** သံတောင်ဒေသလက်ဖက်စိုနှင့်လက်ဖက်ခြောက် ပြုလုပ်ခြင်း
- **အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)** ကရင်ပြုရှာကလေးရဲ့ခေါင်ရည်ချို
- **အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)** အုံ့ညြွတ်ယ်ရာ ပဒုံရုမှာ
- **ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)** တောင်ဇလပ်ရဲ့ရိုးရာအလှ(အပိုင်း-၁)
- **ချင်း (ချီး) (၁၂:၀၀ မှ ၁၃:၀၀)** နွားနောက်သားဆန်ပြုတ်
- **မွန် (၁၃:၀၀ မှ ၁၅:၀၀)** မွန်စာပေသင်ကြားရအောင်(အပိုင်း-၄)
- **ရခိုင် (၁၅:၀၀ မှ ၁၆:၀၀)** ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၄)
- **ရှမ်း (၁၆:၀၀ မှ ၁၇:၀၀)** ပင်လောင်းသို့ခရီးသွားခြင်း(အပိုင်း-၃)
- **၀ (၁၇:၀၀ မှ ၂၁:၀၀)** ကန့်လန့်ကာနောက်ကွယ်ကအသဲလိုင်းများ
- **ကချင် (၂၁:၀၀ မှ ၂၂:၀၀)** ဒေသထုတ်ကုန်ပြခန်း

MRTV PARLIAMENT

- ၀၇:၀၀ အဖွင့်၊အလံ
- ၁၀:၀၀ ပြည်ထောင်စုလွှတ်တော်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၇)
- ၁၁:၀၀ ဥပဒေရေးရာအကြောင်းဇာတ်လမ်းတို 'ပေမာ့ဝင်းချယ်မှူ'
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၇)

MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀۷:၀၀ Sports News
- ၀۷:၃၀ Soccer View/ Weekly Sports Info
- ၀۷:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀۸:၀၀ ပြန်လည်ခံစား မြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS ကို နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို ဝေးတနင်္ဂနေ့မှအပ နံနက်(၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးသွားကာရှိပါသည်၊

ပြုပြင်ပြောင်းလဲဆောင်ရွက်နေတဲ့ သမဝါယမ

ခန့်ဇော်(ကျေးလက်)

သမဝါယမကို အဓိပ္ပာယ်ဖွင့်ကြည့်ရင် "သမ" ဆိုတာ မျှတတာ၊ "ဝါယမ"ဆိုတာက အားစိုက်ဆောင်ရွက်တာ၊ ပြည့်စုံတဲ့အဓိပ္ပာယ်ဆိုရင်တော့ စိတ်တူကိုယ်တူရှိတဲ့သူတွေကို မျှမျှတတပူးပေါင်းထားပြီး အားစိုက်ဆောင်ရွက်ခြင်းလို့ နားလည်ပါတယ်။ သမဝါယမဆိုတာ စုပေါင်းဆောင်ရွက်ခြင်းလို့လည်း ပြောလို့ရပါတယ်။

ဘယ်လိုလူတွေ စိတ်တူကိုယ်တူဖြစ်ဖို့လိုတာလဲ။ ဘာကြောင့် စိတ်တူကိုယ်တူဖြစ်ရန် လိုတာလဲ မေးစရာရှိပါတယ်။ စုပေါင်းပြီး စီးပွားရေးလုပ်တာဆိုတော့ စိတ်တူကိုယ်တူဖြစ်မှ တိုင်ပင်ဆွေးနွေးညှိနှိုင်းလို့ရမှာဖြစ်တယ်။ သို့မဟုတ်ပါက တစ်ယောက်တစ်ပေါက်နဲ့ အလုပ်မဖြစ်နိုင်ပါ။ ထို့ကြောင့် တကယ်လုပ်မယ့် စိတ်တူကိုယ်တူ အဖွဲ့တွေ စုဖွဲ့ဆောင်ရွက်ဖို့ လိုပါတယ်။ ဖွဲ့တာတွေ ဟုတ်ပါပြီ "ဝါယမ" အားစိုက်ဆောင်ရွက်မှုမရှိ၊ ကြိုးစားအားထုတ်မှုမရှိ၊ ချေးငွေရရုံသက်သက် အနှစ်သာရကို နားမလည်ရင် ဖွဲ့တာပဲရှိမယ်၊ ဘာမှ ဖြစ်လာမှာမဟုတ်၊ လုပ်ချင်တဲ့ စီးပွားရေးလုပ်ငန်းကို အသင်းသားတွေရော အမှုဆောင်တွေရော အားတက်သရောနဲ့ စီးပွားရေးဆန်ဆန် ကိုယ့်စီးပွားရေးလို၊ ကိုယ့်အလုပ်လို အားစိုက်ဆောင်ရွက်မှသာ အောင်မြင်မှာဖြစ်ပါတယ်။ သမဝါယမဖွဲ့စည်းဆောင်ရွက်ခြင်းက ဘာအကျိုးကျေးဇူးတွေ ရမှာလဲဆိုရင် စုပေါင်းလိုက်တဲ့အတွက် (၁) အင်အားဖြစ်စေပါတယ်၊ (၂) ကုန်ကြမ်းစုစည်းနိုင်မယ်၊ (၃) ဈေးကွက်စုစည်းနိုင်မယ်၊ (၄) သွင်းအားစုအတွက် ဈေးနှုန်းနှင့် အရည်အသွေး အာမခံနိုင်မယ်၊ (၅) ငွေကြေးအရင်းအနှီးရနိုင်မယ်၊ ဒါတွေကတော့ တစ်ဦးချင်းထက် အသင်းအနေဖြင့်ရနိုင်မယ့် အကျိုးကျေးဇူးတွေ ဖြစ်ပြီး သမဝါယမဥပဒေ၊ ဘောင်အတွင်းမှ စည်းကမ်းတကျ ဆောင်ရွက်နိုင်သလို ဥပဒေအရ ရပိုင်ခွင့်နဲ့ အကာအကွယ်တွေကိုလည်း ရနိုင်မှာ ဖြစ်ပါတယ်။

ဈေးကွက်ကိစ္စပြောရရင် တောင်သူ/ထုတ်လုပ်သူ တစ်ယောက်တစ်မျိုးစီ စိုက်ပျိုးထုတ်လုပ်မယ်ဆိုရင် အရင်းအနှီးမလုံလောက်မှု၊ ကုန်ကြမ်းမလုံလောက်မှု၊ သွင်းအားစု မရရှိမှု/ မလုံလောက်မှု ဈေးကွက်ချိတ်နိုင်မှုမရှိခြင်း၊ ယှဉ်ပြိုင်မှုတွေဟာ တစ်ဦးတစ်ယောက်ချင်းစီမှာ တွေ့ရတဲ့ အခက်အခဲတွေဖြစ်ပါတယ်။ ထုတ်လုပ်ရောင်းချမှု Supply Chain တစ်ခုလုံးကို ခြုံငုံစဉ်းစားရင် သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်ခြင်းဟာ ပိုကောင်း၊ ပိုအကျိုးများတာ ဖြစ်ပါတယ်။ တကယ်လုပ်မယ့်သူတွေဖွဲ့ပြီး တကယ်လုပ်ကြဖို့တော့ လိုပါတယ်။

၂၀၁၆ ခုနှစ်မှာ သမဝါယမဝန်ကြီးဌာနရယ်၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရယ်၊ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ပေါင်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဖွဲ့ပါတယ်။ ဝန်ကြီးဌာနတစ်ခုတည်း ဖြစ်လာချိန်မှာ သမဝါယမအကြောင်းပိုသိခွင့်ရလာခဲ့ပါတယ်။ ငါးနှစ်တာကာလအတွင်း အတူတကွ ဆောင်ရွက်ကြရင်း သိလာရတာက ယခင်ကြားထားတဲ့ သတင်းအချက်အလက်တွေ၊ အပြင်မှာ ပြောနေကြတာတွေက အားလုံးမမှန်ပါဘူး။ လုပ်နည်းကိုင်နည်းတွေနဲ့ စနစ်ပုံစံတွေ ပြောင်းလာပါတယ်။ စနစ်ရယ်၊ လုပ်ထုံးလုပ်နည်းတွေရယ်၊ လမ်းညွှန်ချက်တွေ အားလုံးကောင်းပါတယ်။ လိုက်လုပ်တဲ့အသင်းတွေ၊ အသင်းစုချုပ်တွေနဲ့ စီမံခန့်ခွဲသူတွေအပေါ် မူတည်ပြီး အားနည်းချက်၊ အားသာချက်ရှိပါတယ်။ ဝန်ကြီးရဲ့လမ်းညွှန်ချက်နဲ့ ပိုမိုအားကောင်းပြီး အလားအလာရှိတဲ့ သမဝါယမအသင်း၊ ကုန်ထုတ်လုပ်မှုအသင်း စံပြ Model တွေ အကောင်အထည်ပေါ်လာတာ တွေ့ရပါတယ်။ စိုက်ပျိုး၊ မွေးမြူ၊ ထုတ်လုပ်မှုတွေမှာ သမဝါယမအသင်းတွေ တကယ်လုပ်တာကို တွေ့ခဲ့ရပါတယ်။ ဥပမာ – စပါးစျေးကျချိန်မှာ သမဝါယမအသင်းတွေ၊ အသင်းစုချုပ်တွေ၊ ဗဟိုသမဝါယမအသင်းတို့က ဝန်ကြီးဌာန၊ ဦးစီးဌာနရဲ့ လမ်းညွှန်ချက်နဲ့အညီ No Profit, No Loss အစီအစဉ်နဲ့ သင့်တင့်တဲ့စျေးနဲ့ ဝင်ရောက်ဝယ်ယူ ထိန်းသိမ်းပေးလို့ စျေးကို ထိန်းညှိပေးနိုင်ခဲ့တာ တွေ့ရပါတယ်။

ချင်းပြည်နယ်အတွင်း သမဝါယမစနစ်ဖြင့် ကော်ဖီများ ထုတ်လုပ်နေမှုကို တွေ့ရစဉ်။

စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများအနေဖြင့် အသင်းပိုင်/အသင်းသားပိုင် လယ်ယာမြေ ၁၇၄၈၂ ဒသမ ၀၆၁ ဧကမှ သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့လိုအပ်သော စိုက်ပျိုးစရိတ်ချေးငွေကျပ် ၃၃၁ ဒသမ ၉၇၂ ဘီလီယံကို ထုတ်ချေးထားတာ တွေ့ရှိရ

ကိုဗစ်တာလအတွင်းက ဒေသအလိုက်ထွက်ကုန်တွေ Logistic အခက်အခဲအရ ဈေးကွက်မရ ဖြစ်နေချိန်မှာ ဒေသအလိုက် သမဝါယမအသင်း၊ အသင်းစုများမှ အပြန်အလှန် စိုက်ပျိုးရေးထွက်ကုန်များကို ပေးပို့ဖြန့်ဖြူးနိုင်တဲ့အတွက် ဈေးကွက်ရသလို အမြတ်များမယူဘဲ ကုန်ကျစရိတ်ကာမိရုံသာ ဆောင်ရွက်ခဲ့တဲ့အတွက် ပြည်သူတွေ အဆင်ပြေခဲ့ပါတယ်။ ယခု Third Wave အတွင်း တနသ်ာရီတိုင်းဒေသကြီးရဲ့ ဆန်မဖူလုံမှုနဲ့ ဆန်စျေးကြီးမှုကို အဆင်ပြေစေဖို့ ဧရာဝတီတိုင်းအသင်းစုချုပ်နဲ့ တနသ်ာရီတိုင်းအသင်းစုချုပ်တို့ ပူးပေါင်းပြီး ဧရာဝတီမှ ဆန်ကို တနသ်ာရီပို့တယ်။ ၎င်းတို့ရဲ့ ရန်ပုံငွေနဲ့ အသုံးပြုခဲ့ကြတာဖြစ်တယ်။ အမှန်ကုန်ကျငွေ ကာမိရုံသာ၊ ရေတပ်ကလည်း သင်္ဘောကူညီခဲ့တဲ့အတွက် ဆန်စျေးသက်သာစေခဲ့ပါတယ်။

ရည်မှန်းချက် (Mission)

သမဝါယမဦးစီးဌာန၏ ရည်မှန်းချက် (Mission) မှာ စိတ်ဆန္ဒတူသူများဖြင့် ဖွဲ့စည်းထားသော ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှု သမဝါယမအသင်းများက မိမိတို့အသင်း၏ စီးပွားရေးလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုဆောင်ရွက်ရန်ဖြစ်လို့ တကယ့်စိတ်တူကိုယ်တူတွေနဲ့ ဖွဲ့စည်းဆောင်ရွက်ဖို့ လိုပါတယ်။

Action Plan (၈) ရပ်

သမဝါယမလုပ်ငန်းများနှင့် သမဝါယမစနစ် ဖွံ့ဖြိုးရေးအတွက် သမဝါယမဦးစီးဌာနအနေနဲ့ Plan **(၈) ရပ်** ဖြစ်တဲ့ သမဝါယမအသင်းများ ဖွဲ့စည်းခြင်းလုပ်ငန်း၊ အသေးစားအရင်းအနှီးချေးငွေ ထုတ်ချေးခြင်းလုပ်ငန်း၊ စက်ကိရိယာများ အရစ်ကျငွေချေစနစ် (Hire Purchase System) ဖြင့် ရောင်းချပေးခြင်းလုပ်ငန်း၊ စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင်ရေးအတွက် မြေယာပြုပြင်ခြင်းလုပ်ငန်း၊ လယ်ယာအထောက်အကူပြုဝန်ဆောင်မှု သမဝါယမအသင်းများ ပေါ်ပေါက်လာရေးနှင့် လယ်ယာသွင်းအားစုများ ဖြန့်ဖြူးပေးနိုင်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှု သမဝါယမအသင်းများ အား အဆင့်မြှင့်တင်ပေးခြင်းလုပ်ငန်း၊ အကူအညီ အထောက်အပံ့နှင့် ငွေကြေးအရင်းအနှီး ရယူဆောင်ရွက်ခြင်းလုပ်ငန်း၊ သမဝါယမပညာပေးရေး ဆောင်ရွက်ခြင်းလုပ်ငန်း (Capacity Building) တို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

သမဝါယမဦးစီးဌာနအနေဖြင့် ယနေ့အထိ သမဝါယမအသင်းပေါင်း ၃၉၃၉၉ သင်း ဖွဲ့စည်းထားရှိပြီး အဆိုပါအသင်းများမှာ ကုန်ထုတ်လုပ်မှုအသင်း ၈၁ ရာခိုင်နှုန်း၊ ကုန်သွယ်မှုအသင်း ၈ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုအသင်း ၁၁ ရာခိုင်နှုန်း ပါဝင်ဖွဲ့စည်းလျက်ရှိကြောင်း တွေ့ရှိရပါတယ်။

ကုန်ထုတ်လုပ်မှုအသင်းများတွင် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း ၂၃၀၈၉ သင်း၊ မွေးမြူရေးကုန်ထုတ်သမဝါယမအသင်း ၃၅၅ သင်း၊ လယ်ယာအထောက်အကူပြု သမဝါယမအသင်း ၄၉ သင်းနှင့် မြို့နယ်စုလုပ်ငန်းခွဲ ၁၁၃ သင်း၊ ပေါင်း ၁၆၂ သင်း၊ မျိုးစေ့ထုတ်သမဝါယမအသင်း ၁၈၇ သင်း ပါဝင်ဖွဲ့စည်းထားမှု တွေ့ရှိရပါတယ်။ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများအနေဖြင့် အသင်းပိုင်/အသင်းသားပိုင် လယ်ယာမြေ ၁၇၄၈၂ ဒသမ ၀၆၁ ဧကမှ သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့လိုအပ်သော စိုက်ပျိုးစရိတ်ချေးငွေကျပ် ၃၃၁ ဒသမ ၉၇၂ ဘီလီယံကို ထုတ်ချေးထားတာ တွေ့ရှိရပါတယ်။

ဖွဲ့စည်းပြီး လယ်ယာကုန်ထုတ်လုပ်မှု သမဝါယမအသင်းများအနေနဲ့ စနစ်တကျ ဖွဲ့စည်းထူထောင်ထားတဲ့ ဖွဲ့စည်းမှုခိုင်မာသောအသင်းများ ဖြစ်လာစေရေးနဲ့ စုပေါင်းစွမ်းအားကို အခြေပြုတဲ့ ရောင်းလိုအားတစ်ရပ် ဖြစ်ပေါ်လာခဲ့ရင် ရောင်းသူ ဈေးကွက် (Bargaining Power) ရရှိမှာဖြစ်သလို မိမိတို့ ကုန်ထုတ်လုပ်ငန်းအတွက် လိုအပ်တဲ့ သွင်းအားစုများကိုလည်း စုပေါင်းဝယ်ယူခြင်းဖြင့် သမဝါယမအသင်းဘက်က ဈေးနှုန်းသက်သာစွာ ဝယ်ယူရရှိစေတဲ့ ဝယ်လိုအားတစ်ရပ် ဖြစ်ပေါ်လာနိုင်တဲ့ အသင်းများအဖြစ် ဖွဲ့စည်းဆောင်ရွက်သွားကြရမှာပဲ ဖြစ်ပါတယ်။

သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ မြေပြင်တွင် စိုက်ပျိုးသီးနှံအလိုက် အစုအဖွဲ့၊ အသင်းအဖွဲ့အဖြစ် တည်ရှိနေမှုများအား တောင်သူများရဲ့ လိုအပ်ချက်ကို အခြေခံပြီး သမဝါယမအသင်း ဖွဲ့စည်းခြင်း၏ အကျိုးကျေးဇူး၊ သမဝါယမသဘောတရား၊ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ သမဝါယမ လုပ်ငန်းစနစ်နှင့် စည်းမျဉ်းစည်းကမ်းများကို တောင်သူများ နားလည်သဘောပေါက်အောင် ရှင်းလင်းဆွေးနွေးပြီး သမဝါယမအသင်းများအဖြစ် ဖွဲ့စည်းဆောင်ရွက်သွားကြရန် အရေးကြီးပါတယ်။

ကိုဗစ် – ၁၉ နှင့် သမဝါယမဆောင်ရွက်ချက်များ

ကိုဗစ်ကာလအတွင်း အများပြည်သူများ ဈေးနှုန်းသက်သာစွာ စားသုံးနိုင်ရေးနှင့် ကုန်ဈေးနှုန်း တည်ငြိမ်ရေးတို့အတွက် သမဝါယမမှ ပြည်သူအကျိုးကို ဆောင်ရွက်ပေးတဲ့အနေနဲ့ တနသ်ာရီတိုင်းအသင်းစုချုပ်မှ မကွေး၊ မွန်၊ ရှမ်းနှင့် ဧရာဝတီအသင်းစုချုပ်တို့နဲ့ ချိတ်ဆက်ပြီး အခြေခံစားကုန်များကို အောက်ပါအတိုင်း ရောင်းချပေးနိုင်ခဲ့ပါတယ် –

(က) မကွေးတိုင်း သမဝါယမအသင်းစုချုပ်နှင့် ချိတ်ဆက်ပြီး ကြက်သွန်နီပိသာ ၇၅၀၀ ဖြန့်ဖြူးဆောင်ရွက်နိုင်ခဲ့ပါတယ်။

(ခ) မွန်ပြည်နယ် အသင်းစုချုပ်နှင့် ချိတ်ဆက်ပြီး ပုဇွန် (၂) ကောင် ဆီ တစ်လီတာ တစ်ဘူးလျှင် ငွေကျပ် ၁၀၀ နှင့် ပုဇွန် (၂) ကောင်ဆီ နှစ် လီတာ တစ်ဘူးလျှင် ငွေကျပ် ၃၀၀ သက်သာအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

(ဂ) ရှမ်းပြည်နယ် အသင်းစုချုပ်နှင့် ချိတ်ဆက်ပြီး အာလူးပိသာ ၇၅၀၀ နှင့် ကြက်သွန်နီပိသာ ၂၂၅၀ ဖြန့်ဖြူးဆောင်ရွက်နိုင်ခဲ့ပါတယ်။

(ဃ) ဧရာဝတီတိုင်း အသင်းစုချုပ်နှင့် ချိတ်ဆက်ပြီး ပေါ်ဆန်းဆန် ၂၄ ပြည် အိတ် ၂၀၀ အား ဖြန့်ဖြူးပေးနိုင်ခဲ့ခြင်း၊ ဇီယာဆန် ၂၄ ပြည် တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀ သက်သာစေ ပြီး ဇီယာဆန် ၂၄ ပြည် အိတ် ၅၄၀ အတွက် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း၊ ပဲဆီ တစ်လီတာဘူး တစ်ဘူးလျှင် ငွေကျပ် ၇၀၀ သက်သာစေခြင်း နှင့် ပဲဆီ နှစ်လီတာ ဘူး တစ်ဘူးလျှင် ငွေကျပ် ၁၅၀၀ သက်သာအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

စာမျက်နှာ ၂၁ သို့

မိတ္ထီလာမြို့ကို တစ်ရက် ရေဂါလန် ၆၉၀၀၀၀ ပေးဝေနိုင်ရေးဆောင်ရွက်

မိတ္ထီလာ နိုဝင်ဘာ ၂၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်သည် ယမန်နေ့က မိတ္ထီလာမြို့ ဝန်ဇင်းရပ်ကွက် မိတ္ထီလာမြောက်ကန်တွင် တည်ဆောက်လျက်ရှိသည့် တစ်ရက် ရေဂါလန် ၆၉၀၀၀၀ ပေးဝေနိုင်မည့် မိတ္ထီလာမြို့ ရေပေးရေးလုပ်ငန်းသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ရှေးဦးစွာ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က မြို့ရေပေးရေးစီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ရှိသူများနှင့် တွေ့ဆုံရာ မြို့ရေပေးရေးလုပ်ငန်းစီမံကိန်းကို သတ်မှတ်ကာလအတွင်းပြီးစီးနိုင်ရေးအတွက် ကျန်ရှိသော မီတာတပ်ဆင်ခြင်း လုပ်ငန်းများ အမြန် ဆောင်ရွက်သွားရန်နှင့် ရေပေးချိန်တွင် သန့်စင်သည့် ရေများ ပေးဝေနိုင်ရေးစက်များ စမ်းသပ်မောင်းနှင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်တို့ကို ပြောကြားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်နှင့် တာဝန်ရှိသူများ၊ ကုမ္ဂဏီမှ တာဝန်ခံတို့က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ အမြဲတမ်းအတွင်းဝန်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပြီး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မိတ္ထီလာမြို့ ရေပေးရေးစီမံကိန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စည်ပင်သာယာရေး အဖွဲ့တို့ ပူးပေါင်း၍ ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်က Modern World Construction Co;Ltd and Sanli Environmental Myanmar Co;Ltd တို့က တာဝန်ယူပြီး ၂၀၁၉ ခုနှစ် မေ ၁၆ ရက်က စတင်တည်ဆောက်လျက်ရှိရာ ယခုဆိုလျှင် ၉၆ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပြီး ယင်းလုပ်ငန်းကို ဒီဇင်ဘာလကုန်တွင် အပြီးတည်ဆောက်မည်ဖြစ်သည်။ ယင်းမြို့ ရေပေးရေးစီမံကိန်းပြီးစီးပါက တစ်ရက်လျှင် ရေဂါလန် ၆၉၀၀၀၀ ကို ပေးဝေနိုင်မည်ဖြစ်၍ လူဦးရေ ၃၄၅၀၀ ကို အကျိုးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

သိန္နီမြို့နယ်အတွင်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၁၉၈ ခုဆောင်ရွက်ပြီးစီး

သိန္နီ နိုဝင်ဘာ ၂၁

ရှမ်းပြည်နယ် သိန္နီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ မြို့နယ်အတွင်း ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့စဉ် ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါပန်းခင်းစီမံချက်ဖြင့် ၃-၅-၂၀၂၁မှ ၃-၁၁-၂၀၂၂ အထိ ၁၈ လတာကာလ သတ်မှတ်ဆောင်ရွက်ပေးလျက်ရှိရာ သိန္နီမြို့နယ်တွင် နိုဝင်ဘာလတတိယပတ်အထိ အိမ်ထောင်စုလူဦးရေစာရင်း ၄၁၀၊ အသက် ၁၆ နှစ်မှ ၁၈ နှစ်ကြား နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်သူ ၂၆၂ ဦး၊ အသက် ၁၈ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်သူ ၅၂၆ ဦး စုစုပေါင်း ၁၁၉၈ ကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးမီးရယ်ထံမှ သိရသည်။

ချစ်လှ

အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

စာမျက်နှာ ၂၀ မှ

(c) တနင်္သာရီတိုင်းဒေသကြီး အတွင်းကြက်ဥ အလုံးပေါင်း ၁၀၀၀၀၀ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

သီးနှံများ ရောင်းချခြင်း

ကိုဗစ်ကာလအတွင်း ဂေါ်ဖီ၊အာလူး၊ကြက်သွန်များ လေလွင့်ဆုံးရှုံးပျက်စီးမှုများ မဖြစ်စေရန် ပြည်နယ်/ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်များမှ ကွန်ရက်ချိတ်ဆက်ပြီး စီစဉ်ဆောင်ရွက်၍ အောက်ပါအတိုင်း ပြည်သူ့အကျိုးပြု ဆောင်ရွက်နိုင်ခဲ့ပါတယ် -

(က) ရှမ်းပြည်နယ်မှ ထွက်သည့် ဂေါ်ဖီထုပ် ၁၀၀၅၅၀ ထုပ်ကို တိုင်းဒေသကြီး/ ပြည်နယ် ၁၁ ခု၊ မြို့နယ် ၅၆ မြို့နယ်သို့ ဒေသပေါက်စျေး ထက်ဝက်ခန့် လျှော့၍ ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။

(ခ) မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးမှ ထွက်သည့် ကြက်သွန်နီပိသာ ၁၂၆၇၉၀ ကို တိုင်းဒေသကြီး/ ပြည်နယ် ၁၀ ခု၊ မြို့နယ် ၁၃၆ မြို့နယ်သို့ ဒေသပေါက်စျေး ထက်ဝက်ခန့် လျှော့၍ ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။

(ဂ) ရှမ်းပြည်နယ်မှ ထွက်သည့် ကြက်သွန်ဖြူ တစ်လုံး ပိသာ ၂၅၂၀ နှင့် ကြက်သွန်ဖြူအမြွှာ ၁၉၆၈၄၄ ပိသာကို တိုင်းဒေသကြီး/ ပြည်နယ် ရှစ်ခု၊ မြို့နယ် ၈၂ မြို့နယ်သို့ ဒေသပေါက်စျေးထက် သက်သာသောနှုန်းဖြင့် ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။

(ဃ) ရှမ်းပြည်နယ်မှ ထွက်သည့် အာလူး ၄၅၅၃၃၉ ပိသာကို တိုင်းဒေသကြီး/ ပြည်နယ် ကိုးခုရှိ၊ မြို့နယ် ၁၁၁ မြို့နယ်သို့ ဒေသပေါက်စျေးထက် သက်သာသော နှုန်းဖြင့် ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။

စပါးရောင်းချခြင်း

သမဝါယမကဏ္ဍမှ အသင်းသားတောင်သူများ၏ စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အကျိုးဖြစ်ထွန်းစေရန်၊ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ စပါးစျေးသင့်တင့်မျှတသည့် စျေးနှုန်းဖြစ်ပေါ်စေရန်တို့အတွက် ဆန်းစပါးဝယ်ယူရောင်းချရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိ၍ အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲကင်းစင်ပြီး အရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် တစ်တင်း ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ ၏ အခြေခံရည်ညွှန်းစပါး စျေးနှုန်းသတ်မှတ်ချက်၊ ဒေသနှင့်သင့်လျော်သည့် စျေးနှုန်းအတိုင်း စပါးဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်းများကို လုပ်ငန်းကော်မတီများ၊ မြို့နယ်နဲ့ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းပြီး စပါးမပေါ်မီ ကြိုတင်ငွေပေးသည့်နည်းလမ်းနှင့် စပါးကို ကာလပေါက်စျေး ဝယ်ယူသည့် နည်းလမ်းများဖြင့် အရှုံးမရှိအောင် တိုင်းဒေသကြီး/ ပြည်နယ်အသင်းစုချုပ်အချင်းချင်း ကွန်ရက်ချိတ်ဆက်၍ စပါးစျေးမကျအောင်၊ အနှိမ်မခံရအောင် နှစ်အလိုက် စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့သဖြင့် စပါးစျေးနှုန်းများ ပြန်လည်မြင့်တက်လာခဲ့ပါတယ်။

၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်မှ အခြေခံရည်ညွှန်းစပါးစျေးနှုန်းတင်း ၁၀၀ လျှင် ငွေကျပ် ၅၀၀၀၀၀ သတ်မှတ်ထားသော်လည်း ပုဂ္ဂလိကများမှ လိုက်လံဝယ်ယူသည့်အခါ စပါးစျေးနှုန်းများ အဆမတန် မြင့်တက်နေချိန်တွင် သမဝါယမကဏ္ဍမှ ပဲခူးတိုင်းဒေသကြီး မြို့နယ်လေးမြို့နယ်တွင် စပါးစျေးနှုန်းတည်ငြိမ်မှု ရရှိစေရန် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်မှ အခြေခံရည်ညွှန်းစပါးစျေးနှုန်းတင်း ၁၀၀ လျှင် ငွေကျပ် ၅၂၀၀၀၀ သတ်မှတ်ထားသော်လည်း ပုဂ္ဂလိကများမှ လိုက်လံဝယ်ယူသည့်အခါ စပါးစျေးနှုန်းများ အဆမတန် မြင့်တက်နေချိန်တွင် သမဝါယမကဏ္ဍမှ စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ရှမ်း၊ ဧရာဝတီနှင့် နေပြည်တော် စသည့် တိုင်းဒေသကြီး/ ပြည်နယ် ရှစ်ခု၊ မြို့နယ် ၆၁ မြို့နယ်တွင် စပါးစျေးနှုန်း တည်ငြိမ်မှုရရှိစေရန် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၉၂ နိုင်ငံမှာ နိုင်ငံအားလုံးနီးပါး သမဝါယမစနစ် သမဝါယမလုပ်ငန်းများ ရှိနေပြီး အမေရိကန်ပြည်ထောင်စုရဲ့ ၄၀ ရာခိုင်နှုန်းသော နိုင်ငံသားများက သမဝါယမအသင်းသားများဖြစ်ကာ ကမ္ဘာတွင် သမဝါယမအသင်းနှင့် အသင်းသား အများဆုံးရှိသော နိုင်ငံဖြစ်ပါတယ်။ ဒုတိယအသင်းသားအများဆုံးနိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်ပြီး အသင်းသားပေါင်း ၉၃ ဒသမ ၇ သန်းရှိပါတယ်။ ဂျပန်နိုင်ငံဟာ အသင်းသားပေါင်း ၇၇ သန်းရှိပြီး ကမ္ဘာတွင် တတိယမြောက် အသင်းသား အများဆုံး နိုင်ငံဖြစ်ပါတယ်။

ကင်ညာနိုင်ငံ GDP ၏ ၄၅ ရာခိုင်နှုန်း၊ နယူးဇီလန်နိုင်ငံ GDP ၏ ၂၂ ရာခိုင်နှုန်းသည် သမဝါယမအသင်းများက ထုတ်လုပ်သော ကုန်ပစ္စည်းတန်ဖိုးများဖြစ်ပြီး ဆွစ်ဇာလန်နိုင်ငံ၏ ၉၀ ရာခိုင်နှုန်းသော ကုန်သွယ်မှုကို သမဝါယမအသင်းများက ဆောင်ရွက်ကြပါတယ်။ ထို့အတူ ကိုလံဘီယာနိုင်ငံ ၏ ၂၄ ရာခိုင်နှုန်းသော ကျန်းမာရေးဝန်ဆောင်မှုကို သမဝါယမအသင်းများက တာဝန်ယူထားပါတယ်။ ကမ္ဘာတွင် သမဝါယမအသင်းသား ပြည်သူသန်း ၁၀၀၀ ကျော်ရှိပြီး ကမ္ဘာ့လူဦးရေရဲ့ ခုနစ်ပုံ တစ်ပုံ ရှိကာ အလုပ်အကိုင် သန်း ၁၀၀ ကို သမဝါယမများက ဖော်ဆောင်ပေးနိုင်ပြီး အလုပ်အကိုင် အခွင့်အလမ်း (Job Opportunity) ဖော်ဆောင်ပေးနိုင်မှုမှာ ပုဂ္ဂလိကလုပ်ငန်းကြီးများက ဖော်ဆောင်ပေးမှုထက် ၂၀ ရာခိုင်နှုန်း ပိုမိုများပြားတာကို လေ့လာတွေ့ရှိရပါတယ်။

အထက်ပါအတိုင်း ကမ္ဘာပေါ်ရှိနိုင်ငံတော်တော်များများမှာ သမဝါယမစနစ်က အောင်မြင်နေပြီး မြန်မာနိုင်ငံမှာ ဘာကြောင့်မအောင်မြင်ရသလဲ။ မြန်မာနိုင်ငံရှိ သမဝါယမစနစ် အောင်မြင်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာန၊ ဗဟိုသမအသင်း၊ အသင်းစုချုပ်၊ အသင်းစု၊ သမဝါယမအသင်းများအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရန် အလွန်အရေးကြီးပြီး အားလုံးပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါတယ်။

ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုများ

အားနည်းချက်တွေလည်းရှိတာ မငြင်းပါဘူး။ အဓိကအားနည်းချက်များက Monitoring and Evaluation စနစ် ထူထောင်ထားမှု မရှိခြင်း၊ ပုံမှန်နှစ်စဉ် စစ်ဆေးသုံးသပ်မှု အားနည်းခြင်း၊ မြေပြင်အခြေအနေထိ ကွင်းဆင်းကြီးကြပ်မှုအားနည်းခြင်း၊ အုပ်ချုပ်ထောက်ပံ့မှု လိုအပ်ချက်ရှိခြင်းတို့ ဖြစ်ပြီး ဦးစီးဌာနကလည်း ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်နေပါတယ်။ ဘယ်ဌာန၊ ဘယ်အဖွဲ့ အစည်းမှတော့ စင်းလုံးချော မကောင်းနိုင်ပါဘူး။ အသင်းသား၊ အသင်း၊ အသင်းစု၊ အသင်းစုချုပ်၊ ဗဟိုသမအသင်းဆိုပြီး အဆင့်ဆင့် ရှိကြတယ်။ လူသားတွေနဲ့ ဖွဲ့စည်းထားတာဖြစ်တဲ့အတွက် လိုအပ်ချက်ရှိတာ လက်ခံပါတယ်။ ဒါပေမယ့် ဝန်ကြီးဌာနနဲ့ ဦးစီးဌာနမှ ပိုကောင်းအောင်လုပ်မယ်၊ မကောင်းတဲ့ကိစ္စတွေကို ပြင်မယ်ဆိုတဲ့ စိတ်ဓာတ်ခံယူချက်နဲ့ လုပ်နေတာကို တွေ့ရပါတယ်။ ယခုကာလမှာလည်း နိုင်ငံတော်အဆင့် အသိအမှတ်ပြုပြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို ဖွဲ့စည်းပြီး သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် SMEs နဲ့ သမဝါယမလုပ်ငန်းများကို ဖော်ဆောင်ရန် မူဝါဒလမ်းညွှန်ပေးထားပါတယ်။ ပြည်ထောင်စုဝန်ကြီးက အားပေးပြီး အမှန်တကယ် လုပ်မယ့်သူတွေနဲ့ တကယ်ဖွဲ့စည်းရန်၊ မလုပ်တဲ့ အသင်းတွေ ပညာပေးဆောင်ရွက်ရန်၊ မလုပ်နိုင်ပါက စာရင်းရှင်းလင်းဖျက်သိမ်းရန် ဥပဒေနှင့်အညီ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ အရေးကြီးတာက စိတ်ဓာတ်ပဲဖြစ်ပါတယ်။ လုပ်မယ်ဆိုတဲ့စိတ်၊ လုပ်ရင်ဖြစ်တယ်ဆိုတဲ့စိတ်နဲ့ မှားတာရှိရင် လက်ခံပြီး ပြင်ချင်တဲ့စိတ်က အရေးကြီးပါတယ်။

အဓိကဆောင်ရွက်ရမည့် ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရန် လိုအပ်မှုတွေက လက်ရှိ အခြေအနေများကို ပြန်လည်သုံးသပ်ရန်၊ သုံးသပ်ချက်အရ ပြုပြင်ဆောင်ရွက်ရန်များကို ဖော်ထုတ်ဆောင်ရွက်ရန်၊ အခြေခံအသင်းသား ဖွဲ့စည်းမှုများကို တကယ်လုပ်မည့်သူများဖြင့် ပြန်လည်ဖွဲ့စည်းရန်၊ Monitoring and Evaluation စနစ်ထူထောင် ပုံမှန်ကြီးကြပ်ဆောင်ရွက်ရန်၊ လိုအပ်တဲ့ အုပ်ချုပ်ထောက်ပံ့မှုပံ့ပိုးရန်၊ ဥပဒေအရအသင်းက ဆောင်ရွက်ရမည့်ကိစ္စနှင့် ဖွဲ့စည်းပုံတာဝန်အရ ဦးစီးဌာနက လုပ်ရမည့်ကိစ္စ ကွဲကွဲပြားပြားဖြင့် ဥပဒေနှင့်အညီ ဖွဲ့စည်းပုံတာဝန်နှင့်အညီ ဆောင်ရွက်ကြရန်၊ အောင်မြင်နေတဲ့ အသင်းတွေကို မြို့နယ်အလိုက် စံပြနမူနာဖြင့် ဆောင်ရွက်ရန် ကျန်အသင်းများမှ အောင်မြင်အောင် လိုက်ပါဆောင်ရွက်ရေး ပညာပေးဆောင်ရွက်ရန် အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။ ။

မဟာကရုဏာမုဒြာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသုံးဆူအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်

ရန်ကုန် နိုဝင်ဘာ ၂၁

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ငွေ့တော်လှုံ အပူဇော်ခံလျက်ရှိကြကုန်သော ဥာဏ်တော် ခြောက်ပေရှိ မဟာကရုဏာမုဒြာဗုဒ္ဓရုပ်ပွားတော် သုံးဆူအား ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာ အခမ်းအနားကို ယနေ့ နံနက်က လေးဆူဓာတ်ပုံရွှေတိဂုံစေတီမြတ်ကြီး အရှေ့ဘက်ယာဉ်ရပ်နားဝင်း၌ ကျင်းပသည်။

ရှေးဦးစွာ သာကေတမြို့နယ် တိပိဋကာလင်္ကာရ ကျောင်း ဦးစီးပဓာနနာယက ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ အဂ္ဂသာမိ အရှင်သူမြတ်အမှူးပြုသော ပင့်သံဃာကိုးပါးတို့က ဗုဒ္ဓါဘိသေက အနေကဇာတင်ကြသည်။ ယင်းနောက် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုး အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါး သီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး တိုင်းဒေသကြီးသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ထံမှ အနုမောဒနာတရားနာယူကာ ရေစက်သွန်းချအမျှပေးဝေကြသည်။**(ယာပုံ)**

ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး သုံးဆူအနက် တစ်ဆူမှာ ဗိုလ်တထောင်စေတီတော်မြတ်တွင် ကိန်းဝပ်စံပယ်ပူဇော်ခံမည်ဖြစ်ပြီး နှစ်ဆူမှာ မကွေးတိုင်းဒေသကြီးအတွင်း၌ တည်ထားကိုးကွယ် ပူဇော်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသုံးဆူကို သဃ်နိုးကျွန်းမြို့နယ် မေခအိမ်ရာနေ မိခင်ကြီး ဒေါ်သန်းသန်းမြင့်အား အမှူးထား၍ ဒေါ်လွင်လွင်အောင် MA LWIN GROUP Co . , Ltd

သမီး ဒေါက်တာခင်သီရိခေတ်၊ သား မောင်အောင်ကျော်ဇေယျာ မိသားစုတို့က လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆန်းကျော်ဦး (ပြန် /ဆက်)

ရွှေဘိုမြို့နယ်အတွင်း မိုးစပါးစိုက်ဧက တစ်သိန်းကျော်အနက် မျိုးသန့်မျိုးပွားမျိုးစေ့ စိုက်ဧက ၁၀၄၀ စိုက်ပျိုးနိုင်ခဲ့

ရွှေဘို နိုဝင်ဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ချီပါမျိုးသန့်ခြံရှိ လုပ်ငန်းဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက

ယနေ့နံနက် ၉ နာရီက ကွင်းဆင်းကြည့်ရှုသည်။ **(အောက်ပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ချီပါမျိုးသန့်ခြံရှိ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ချီပါမျိုးသန့် ခြံတာဝန်ခံ ဦးမင်းဆွေက ချီပါမျိုးသန့်ခြံရှိ မျိုးသန့်စပါးစိုက်ပျိုး ထုတ်လုပ်မှုများနှင့် မျိုးဖြန့်ဖြူး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ၂၀၂၀-၂၀၂၁ မိုးသီးနှံ၌ ချီပါမျိုးသန့်ခြံမှ ပေါ်ဆန်းရင် မျိုးကောင်းမျိုးသန့် ဧက ၅၀ နှင့် ဇရာမင်း မျိုးကောင်းမျိုးသန့် ဧက ၂၀ မျိုးသန့်ပွားများ စိုက်ပျိုးထုတ်လုပ်ခဲ့ပြီး ရရှိလာသော မျိုးသန့်မျိုးပွားမျိုးစေ့ တင်းပေါင်း ၄၂၃၀ ကို မျိုးဖြန့်ဖြူးနိုင်ခဲ့ကြောင်း ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချီပါမျိုးသန့်ခြံရှိ မျိုးသန့်ပွားများ စိုက်ပျိုးလျက်ရှိသော စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုသည်။ ယခုနှစ် မိုးစပါးရာသီ၌ ရွှေဘိုမြို့နယ်တွင် သဖန်းဆိပ်ဆည်ရေသောက် ဧရိယာဖြစ်သော SMC တူးမြောင်း၊ OMC တူးမြောင်းမှ လည်းကောင်း၊ ကံဖြူရေဟန့်ဆည်မှ လည်းကောင်း၊ ကြိုးကြာဆည်၊ ကိုးပင်ဆည်နှင့် အခြားဆည်များမှ လည်းကောင်း၊ စက်ရေတင်၊ မြေအောက်ရေနှင့် မိုးကောင်းသောက်မှ လည်းကောင်း စိုက်ပျိုးရေများဖြင့် ဧရိုလိုင်လမှ စတင်၍ ပျိုးထောင်စိုက်ပျိုးခဲ့ရာ ရွှေဘိုပေါ်ဆန်း ၉၇၂၈၄ ဧက၊ ဇရာမင်း ဧက ၃၁၈၀၊ မနော်ဟာရီ ၁၂၉၉၆ ဧက၊ ရွှေသွယ်ရင် ၁၄၄၅ ဧက၊ ဆင်းသုခ ၁၈၇ ဧက စိုက်ပျိုးနိုင်ခဲ့သည်။ ယင်းစိုက်ဧကထဲမှ မျိုးသန့်မျိုးပွား မျိုးစေ့စိုက်ဧက ၁၀၄၀ ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်ဇာဇာမင်းထံမှ သိရသည်။

ခရိုင်(ပြန်/ဆက်)

လိမ္မော်မျိုးများနှင့် ရှောက်မျိုးရင်းဝင် သစ်သီးပင်များ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် ရှောက်၊ လိမ္မော်ပြပွဲ၊ ပြိုင်ပွဲကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၂၁

စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စီမံကိန်းဦးစီးဌာနနှင့် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်တို့ ပူးပေါင်းကာ လိမ္မော်မျိုးများနှင့် ရှောက်မျိုးရင်းဝင် သစ်သီးပင်များ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် ကွင်းပြပွဲ၊ ပြိုင်ပွဲနှင့် နီးနှောဖလှယ်ပွဲကို နိုဝင်ဘာ ၂၇ ရက်တွင် ဧရယျာသီရိမြို့နယ် စိုက်ပျိုးရေးသုတေသနဦးစီးဌာန (ရေဆင်း)တွင် ကျင်းပမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ထုတ်ပြန် ကြေညာထားသည်။

အဆိုပါ ကွင်းပြပွဲ၊ ပြိုင်ပွဲနှင့် နီးနှောဖလှယ်ပွဲကို လိမ္မော်မျိုးများ အပါအဝင် ရှောက်မျိုးရင်းဝင် သစ်သီးပင်များနှင့် ပတ်သက်၍ မျိုးကောင်းမျိုးသန့်များ ရရှိရေး၊ အထွက်နှုန်းနှင့် အရည်အသွေးများ တိုးတက်ရေး၊ စားသုံးမှုလုံခြုံစိတ်ချရသည့် ထွက်ကုန်ပစ္စည်းများရရှိစေရေးနှင့် ပြည်ပပို့ကုန်များ တိုးမြှင့်စေရေး၊ စျေးကွက်ခိုင်မာစွာရရှိပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို လျော့နည်းသက်သာစေမည့် စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာများ၊ ပိုးမွှားရောဂါများဆိုင်ရာ ပြဿနာများနှင့် သွင်းအားစုရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခက်အခဲများကို ပြေလည်စေရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲတွင် ပြခန်းများ အနေဖြင့် ကျွဲကောအုပ်စုပြခန်း၊ လိမ္မော်အုပ်စုပြခန်းနှင့် ရှောက်သံပရာအုပ်စု ပြခန်းဟူ၍ ပြခန်းကြီးသုံးခန်း အဓိကထားပြသထားမည်ဖြစ်ပြီး မြန်မာတစ်နိုင်ငံလုံးမှ ရှောက်လိမ္မော် မျိုးကွဲမျိုးစုံများ၊ သံပရာ၊ ကျွဲကောနှင့် ကမ္မလာသီး၊ ဂရိတ်ဖရုသီးစသည့် သစ်သီးမျိုးစုံကို ပြသထားမည်ဖြစ်သည်။ ပြပွဲတွင် တောင်သူများ ကြုံတွေ့နေရသည့် မျိုး၊ သွင်းအားစု၊ စျေးကွက်၊ စိုက်စနစ်၊ ရေ၊ မြေ စသည့်စိုက်ရေးပျိုးရေးပြဿနာများကို ဖြေရှင်းပေးရန် စိုက်ပျိုးရေးပညာရှင်များက ဆွေးနွေး အဖြေရှာကြမည်ဖြစ်သည်။

ထို့ပြင် ပညာပေးပြခန်းများတွင် Plant Clinic ပြခန်း၊ ကိုင်းကူးကိုင်းဆက် နည်းပညာလက်တွေ့ ပြသခြင်း၊ စျေးကွက်သတင်းအချက်အလက် အသိပညာပေးပြခန်းများနှင့် ပုဂ္ဂလိကပြခန်းများ အနေဖြင့် စိုက်ပျိုးရေး သွင်းအားစုပြခန်းများဖြစ်သည့် ဓာတ်မြေသြဇာနှင့် အပင်အာဟာရ သွင်းအားစုများပြခန်း၊ ပိုး/မှိုသတ်ဆေးများ ပြခန်း၊ လုပ်ငန်းသုံးစက်ပစ္စည်း/ ကိရိယာများ ပြခန်းတို့ကို ပြသထားမည်ဖြစ်ကြောင်း သိရသည်။

စကားပိုင်း ဆွေးနွေးပွဲတွင် သက်ဆိုင်ရာ ပညာရှင်ငါးဦးတို့က မြန်မာနိုင်ငံရှိ လိမ္မော်စိုက်ပျိုးထုတ်လုပ်မှု အခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်သူများအကြား အတွေ့အကြုံများ ဖလှယ်ခြင်း၊ လိမ္မော် စိုက်ပျိုးထုတ်လုပ်မှု ဆိုင်ရာ မြေပြင်အခက်အခဲနှင့် ပြဿနာများကို ဝိုင်းဝန်းဆွေးနွေး အဖြေရှာခြင်း၊ ပြည်ပမှ လိမ္မော်သီးနှံသွင်းကုန် အစားထိုးခြင်း (သို့မဟုတ်) လျှော့ချနိုင်မည့် အစီအစဉ်များ အဆိုပြု ဖော်ထုတ်ကြရန်နှင့် လိမ္မော်စိုက်ပျိုး ထုတ်လုပ်သူများနှင့် သက်ဆိုင်ရာ ပညာရှင်များအကြား ပူးပေါင်းဆောင်ရွက်မှုကွန်ရက်တိုးချဲ့ တည်ဆောက်ရန် စသည့် ၎င်းတို့၏ အတွေ့အကြုံများကို ဆွေးနွေး ဖလှယ်ကြမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်သူများအတွက်လည်း သစ်သီးအုပ်စုများဖြစ်သည့် ကျွဲကောအုပ်စု၊ လိမ္မော်အုပ်စုနှင့် ရှောက်သံပရာ အုပ်စုဟူ၍ သတ်မှတ်ထားရှိပြီး ပထမဆု၊ ဒုတိယဆု၊ အထူးဆု၊ နှစ်သိမ့်ဆုများ ချီးမြှင့်ပေးမည်ဖြစ်သည်။

ယခုကဲ့သို့ ပြပွဲ၊ ပြိုင်ပွဲနှင့် ဆွေးနွေးပွဲများ ကျင်းပခြင်းဖြင့် စိုက်ပျိုးသူတောင်သူများ ကြုံတွေ့နေရသော ပြဿနာနှင့် အခက်အခဲများကို ပူးပေါင်းဖြေရှင်းပေးနိုင်မည်ဖြစ်သည့်အပြင် အနာဂတ်ကာလ လိမ္မော်စိုက်ပျိုးထုတ်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဖော်ဆောင်နိုင်ရန် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ထို့အတူ လိမ္မော်မျိုးများနှင့် ရှောက်မျိုးရင်းဝင်သစ်သီးပင်များ စိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်တွင် ပါဝင်ပတ်သက်နေသည့် စိုက်ပျိုးထုတ်လုပ်သူများ၊ ရောင်းဝယ်ဖောက်ကားနေသူများ၊ စားသုံးသူများအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာများကို ယခုပြပွဲတွင် လေ့လာသိရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

သီဟစည်သူ
ဓာတ်ပုံ -နေမျိုးသူရိန်

အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

နေပြည်တော် နိုဝင်ဘာ ၁၈

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာ ရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရိ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံ တို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေ့၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများ အနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

နတ်မောက်မြို့ ယာယီဈေး အမြန်ဆုံးဖွင့်လှစ်နိုင်ရေးဆောင်ရွက်

နတ်မောက် နိုဝင်ဘာ ၂၁

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ ယာယီဈေး အမြန်ဆုံးဖွင့်လှစ်နိုင်ရေးအတွက် ယမန်နေ့နံနက် ပိုင်းက မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများက ယာယီဈေးဆောက်လုပ်နေမှုကို ကွင်းဆင်းကြည့်ရှုသည်။

ကွင်းဆင်းကြည့်ရှုရာတွင် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်၊ မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးထင်အောင်၊ ဒုတိယအင်ဂျင်နီယာမှူး ဦးဝင်းမိုးထိုက်တို့က ဈေးရပ်ကွက်ရှိ မြို့မစည်ပင်သာယာရေး ဈေးအတွင်း မီးလောင်မှုဖြစ်ပေါ်ခဲ့သည့် အခြေအနေနှင့် ဈေးပြန်လည်တည်ဆောက်မည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးနှင့် အဖွဲ့သည် နတ်မောက်မြို့ ဆုတောင်းပြည့်ဘုရားကြီး တောင်ဘက်ကွင်းပြင်တွင် ယာယီဈေးဆိုင်ခန်းများ တည်ဆောက်နေမှုကို ကြည့်ရှုပြီး တိုင်းဒေသကြီးဝန်ကြီးက ဈေးသူဈေးသားများ ယာယီဈေးသို့ အမြန်ဆုံးရောင်းချနိုင်ရေး ကြီးကြပ်ဆောင်ရွက်ရေးနှင့် ဈေးကြီးပြန်လည်တည်ဆောက်နိုင်ရေးကိစ္စရပ်များ နှင့်စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားဆောင်ရွက်ကြောင်း သိရသည်။

လှဝင်း

တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများက နတ်မောက်ယာယီဈေး တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးစဉ်။

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလထုတ် သုတပဒေသာစာစောင် ထွက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၁

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် အထူးပြုရေးသားသည့် "လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်" မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာစာစောင် (နိုဝင်ဘာလ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

နိုဝင်ဘာလထုတ် သုတပဒေသာစာစောင်တွင် ဒေါက်တာခင်မောင်ညို၊ ဒေါက်တာ ခိုင်ခိုင်ဝင်း တို့၏ "လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်" မျက်နှာဖုံးဆောင်းပါးများ၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ မောင်ပေါ်ထွန်း၊ တွဲဖက်ပါမောက္ခ ဦးလွင်မြင့်၊ အောင်မြတ်စည်သူ တို့၏ အတွေးအခေါ်နှင့် တက်ကျွမ်းဆိုင်ရာဆောင်းပါးများ၊ စိုးစိုး (ပန်းတောင်း)၊ ညီမော်သိမ်း၊ ကျော်ရှင်းတို့၏ နိုင်ငံတကာ ဆိုင်ရာ ဆောင်းပါးများ၊ စောနိုင် (အသုံးချဘောဂဇေဒ)၊ ပါမောက္ခ ကိုကိုအောင် (သိပ္ပံစာရေးဆရာ

ကိုကိုအောင်) တို့၏ စီးပွားရေးဆိုင်ရာဆောင်းပါးများ၊ အေးထွန်းမင်း၊ ထီလာစိုးမြင့်ထယ်တို့၏ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဆောင်းပါးများ၊ ကိုဇော်ဌေး (ယဉ်ကျေးမှု)၊ မိုမိုကိုတို့၏ အမုန်းစကားနှင့် ကလေးအလုပ်သမားဆိုင်ရာ ဆောင်းပါးများ၊ မြသိန်း၊ ရဲထက်ဇော်၊ လွဲလွဲဝင်း (သတ္တဗေဒ) တို့၏ သဘာဝ ပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာဆောင်းပါးများ၊ ဒေါက်တာမြင့်သန်း (သန္ဓေသား)၊ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)တို့၏ ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ ဆောင်းဝင်းလတ်၊ ခိုင်ဇော် (ဒဿန)၊ ခြယ်မှုန်းသီ၊ နိုင်သောင်းထွဋ်၊ သန့်ဝင့်သော်၊ ကျော်ဝင်းဟိန်း (ပခုက္ကူ)၊ မော်(သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်၊ ဝတ္ထုတိုနှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်၊ ဖုန်း ၀၆၇-၃၄၁၄ ၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၂- ၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူ ရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁- ၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

"နွေးထွေးစွာ အတူတူရှုန်းကြရအောင်" အတွေးအမြင် နိုင်ငံရေး ဆောင်းပါးများစာအုပ်ထွက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၁

အဆိုပါ စာအုပ်ကို စာရေးသူ လွင်သူဦးက ရေးသားထားခြင်းဖြစ်ပြီးစာအုပ်တွင် ဆောင်းပါးအမှတ်ရေ ၃၁ မှတ် ပါရှိသည်။

ယင်းစာအုပ်ကို (၅၉) လမ်းသိပ္ပံလမ်းတောင်ဘက် B လမ်းနှင့် အနော်ရထာလမ်းကြား မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည် မြို့နယ်ရှိ "လင်းသန့်" အော့ဖ်ဆက် (၀၀၃၁၀) မှပုံနှိပ်ပြီး ထွန်းဦးစာပေ၊ နဂါးစာပေ၊ ညိုစာပေ၊ စိတ်ကူးချိုချိုစာပေတို့မှ တစ်အုပ်လျှင် ငွေကျပ် ၃၅၀၀ နှုန်းဖြင့် ဖြန့်ချိလျက်ရှိသည်။

သတင်းစဉ်

၂၀၂၀ ပြည့်အတွက် စာပေဗိမာန်စာမူဆုရှင်တို့၏ ရင်တွင်းစကားသံများ

ရန်ကုန် နိုဝင်ဘာ ၂၁

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ကြီးမှူးကျင်းပသည့် ၂၀၂၀ ပြည့်နှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိသောစာမူများနှင့် စာရေးဆရာများ၏အမည်စာရင်းကို စာပေဗိမာန်စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့က ထုတ်ပြန်ကြေညာခဲ့ ရာဆုရရှိသော စာရေးဆရာကြီး၊ ဆရာမကြီးများအား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။

အောင်စိုး(စိုက်ပျိုးရေး၊ ၁၀၇)
သုတပဒေသာ(ရိုးရိုးသိပ္ပံ၊အသုံးချသိပ္ပံ)ပထမဆု

ဦးအောင်စိုး(အောင်စိုး-စိုက်ပျိုးရေး၊ ၁၀၇)က "ကျွန်တော်က ၁၉၄၈ ခုနှစ်မှာ ဘွဲ့ယူခဲ့တာပါ။ ကျွန်တော့်အထက်မှာ ၁၀၆ ယောက် ဘွဲ့ရခဲ့တာရှိတော့ ကျွန်တော်က ၁၀၇ ယောက်မြောက်မို့လို့ ၁၀၇ ထည့်တာပါ။ ဒီ "အရိပ်ရပင်များနှင့် ပန်းအလှပင်များ တစ်ပိုင်တစ်နိုင်စိုက်ပျိုး၍ စီးပွားဖြစ်လုပ်ကိုင်နိုင်မည့်နည်းလမ်းများ" စာအုပ်ကို ရေးဖြစ်တယ်ဆိုတာက စာအုပ်ထဲမှာပါတဲ့ စိုက်ပျိုးနည်းလမ်းပေါင်း ၅၀ ထဲက တစ်မျိုးမျိုးကို ဇောက်ချလုပ်ကိုင်မယ်ဆိုရင် စီးပွားဖြစ်လုပ်ကိုင်နိုင်တယ်လို့ ပြောတာပါ။ အရင်းအနှီး မများပါဘူး၊ ကိုယ့်အိမ်မှာရှိတဲ့ ဒသမ ၁ ဧကလောက်ဖြစ်ဖြစ် အပင် တစ်မျိုးမျိုးကို ဇောက်ချလုပ်ရင် ကိုယ်လုပ်တဲ့အပင်က အမျိုးအစားလည်း စုံတယ်၊ အရေအတွက်လည်းများတယ်၊ အပင်ရဲ့ အရည်အချင်းလည်းပြည့်စုံတယ်ဆိုရင် ဘယ်နေရာမှာပဲလုပ်လုပ် အပင်ဝယ်ယူမယ့်သူက မရှားပါဘူး။ စာအုပ်ထဲမှာ ဟင်းသီးဟင်းရွက်အမျိုးအစား ၁၀ မျိုးနဲ့ သစ်သီးဝလံ ၁၀ မျိုး ရေးထားပါတယ်"ဟု ပြောကြားသည်။

အောင်စိုး(စိုက်ပျိုးရေး၊ ၁၀၇)
သုတပဒေသာ(ရိုးရိုးသိပ္ပံ၊အသုံးချသိပ္ပံ)ပထမဆု

ဝတ်ရည်ခင်(ပဲခူး)
ကလေးစာပေပထမဆု

ဆရာသည် စာပေဗိမာန်ဆုပြိုင်ပွဲ၌ ၁၉၉၈ ခုနှစ်က "သုတပဒေသာ(သိပ္ပံနှင့် အသုံးချပညာရပ်)" တွင် "သန်းရှစ်ဆယ်ဖြစ်လာခဲ့လျှင်" စာမူဖြင့် ပထမ၊ ၂၀၀၆ ခုနှစ်တွင် "သုတပဒေသာ(သိပ္ပံနှင့် အသုံးချပညာရပ်)"၌ "ထိပ်ဆုံးသို့အမြန်ရောက်ဖို့ စိုက်ပျိုးရေးနှင့်လှမ်းတက်စို့"စာမူဖြင့် ပထမ၊ ၂၀၀၇ ခုနှစ်တွင် "သုတပဒေသာ(အသုံးချပညာရပ်)"၌ "ပို့စ်ဟာဗက် ဆွတ်ခူးပြီးနောက်ပိုင်းဝယ်"စာမူဖြင့် ပထမ၊ ၂၀၀၈ ခုနှစ်တွင် "ဖွံ့ဖြိုးဝေဆာ ခေတ်သစ်စိုက်ပျိုးရေးရာ" စာအုပ်ဖြင့် သုတပဒေသာ(သိပ္ပံနှင့် အသုံးချသိပ္ပံ) ဘာသာရပ်တွင် အမျိုးသားစာပေဆု၊ ၂၀၀၉ ခုနှစ်တွင် "သိပ္ပံနည်းကျ လက်တွေ့အသုံးချ စပျစ်စိုက်ပျိုးရေးနည်းပညာ"စာမူဖြင့် ဒုတိယဆု၊ ၂၀၁၀ ပြည့်နှစ်တွင် အထက်ပါဘာသာရပ်၌ပင် "အရေးကြီးသီးနှံများတွင် တွေ့ရှိသော အာဟာရချို့တဲ့မှုနှင့် ယင်းတို့အား ကုစားနည်း" စာမူဖြင့် ဒုတိယဆု၊ ၂၀၁၂ ခုနှစ်တွင် "သက်ရှည်ကျန်းမာချမ်းသာရေးအတွက် လူတိုင်းနေ့စဉ်စားသုံးရမည့် သစ်သီး (၃)မျိုး၊ ဖရဲသီး၊ သခွားမွေး၊ နဂါးမောက်" စာမူဖြင့် ဒုတိယဆုများကိုလည်း ရရှိခဲ့သည်။

ဆရာ အောင်စိုး (စိုက်ပျိုးရေး၊ ၁၀၇) အား ၁၉၃၉ ခုနှစ် ဇွန် ၂၅ ရက်တွင် အဘဦးရွှေ(မြန်မာ့ဆေးဆရာ)၊ အမိဒေါ်မုန်းတို့က တောင်တွင်းကြီးမြို့နယ် ညောင်ပင်လှကျေးရွာတွင် မွေးဖွားပြီး ညီအစ်ကို မောင်နှမသုံးဦးအနက် ဒုတိယဖြစ်သည်။ ၁၉၈၈ ခုနှစ်မှ ၁၉၈၉ အထိ နိုင်ငံအချင်းချင်းအထောက်အပံ့ဖြင့် ပြင်သစ်ပြည်တွင် စပျစ်စိုက်ပျိုးရေးနှင့် စပျစ်ခိုင်ထုတ်လုပ်ရေးလုပ်ငန်းများကို သွားရောက်သင်ကြားခဲ့သည်။ ၁၉၈၅ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ ကျောက်ပန်းတောင်း၊ ညောင်ဦး၊ မိတ္ထီလာ စပျစ်ခြံများ၏ ဇုန်မန်နေဂျာအဖြစ်လည်းကောင်း၊ အထက်မြန်မာပြည် ဥယျာဉ်ခြံသီးနှံများ၏ တာဝန်ခံအဖြစ် လည်းကောင်း ထမ်းဆောင်ခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရုံးချုပ် ဥယျာဉ်ခြံသီးနှံဌာနသို့ ပြောင်းရွှေ့ပြီး ဥယျာဉ်ခြံသီးနှံရုံးလက်ထောက်အဖြစ်လည်းကောင်း ထမ်းဆောင်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် အငြိမ်းစားယူခဲ့ပြီး ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိသည်။

ဝတ်ရည်ခင်(ပဲခူး)
ကလေးစာပေပထမဆု

"မြန်မာ့မေတ္တာစွမ်း ကမ္ဘာကိုလွှမ်းစေရမည်" စာအုပ်ဖြင့် ကလေးစာပေ ပထမဆုရ ဒေါ်ခင်ဝတ်ရည် (ဝတ်ရည်ခင်-ပဲခူး) က "ဒီဆုရရှိတဲ့အပေါ် အလွန်ဝမ်းသာကြည်နူးမိပါတယ်။ ကလေးအရွယ်ဆိုတာ အသိဉာဏ်ဖွံ့ဖြိုးမှု အားအကောင်းဆုံးအရွယ်ဖြစ်ပါတယ်။ အဲဒီအရွယ်လေးတွေအတွက် အသိပညာစာပေလေးတွေ မျှဝေပေးချင်မိတာ ရင်ထဲက ဆန္ဒတစ်ခုပါ။ ကလေးစာပေလေးတွေက ရေးရင်းနဲ့ ကို ကုသိုလ်ရနေတဲ့ စာပေပါ။ အရင်နှစ်က ကလေးစာပေဝတ္ထုတို ဒုတိယတစ်ခါ ရထားပါတယ်။ ကလေးစာပေတွေကို ဆက်လက်ရေးသွားပါ့မယ်။ စာပေလောကကို ၂၀၀၆ ခုနှစ်က စတင်ဝင်ရောက်ခဲ့ပါတယ်။ မင်္ဂလာမောင်မယ်မှာ ထူးချွန်တဲ့လူငယ် ကလေးတွေအကြောင်း ရေးသားရင်းနဲ့စတင်ပြီး စာတွေ ရေးသားခဲ့တာပါ။ စာပေဗိမာန်ဆု၊ လူငယ်ဆု၊ ကလေးစာပေဆု၊ ပြဇာတ်စာပေဆုတွေ ရရှိထားပြီး ပါပြီ။ ဆက်လက်ပြီး စဉ်ဆက်မပြတ် ရေးသားနေမှာပါ။ စာဖတ်ပရိသတ်ကို ပြောချင်တာ ကတော့ စိတ်ကောင်းထားရင် စာကောင်းထွက်ပါတယ်ဆိုတဲ့အတိုင်း စာကောင်းပေမွန်လေးတွေကို အသက်ရှင်နေထိုင်နိုင်တဲ့အချိန်အထိ ရေးသားသွားမှာပါ။ ကလေးဝတ္ထုလေးတွေကို အသိပညာဗဟုသုတများကို လက်တွေ့ကျကျ ရေးသားထားပါတယ်။ ယနေ့ ခေတ်ကလေးတွေက အသိဉာဏ်ပညာကြွယ်ဝမှုက ရှိရမယ့် ဦးနှောက်အသိထက်ပိုတော်နေကြတာ များသောအားဖြင့် တွေ့ကြရတယ်။ ဆရာမတို့က သူတို့တော်နေ ထက်နေတာကို စာဖတ်ခြင်းဖြင့် ပိုပြီး လင်းလက်တောက်ပစေချင်တာပါ" ဟု ပြောကြားသည်။

ယနေ့ ခေတ်ကလေးတွေက အသိဉာဏ်ပညာကြွယ်ဝမှုက ရှိရမယ့် ဦးနှောက်အသိထက် ပိုတော်နေကြတာ များသော အားဖြင့် တွေ့ကြရတယ်။ ဆရာမတို့က သူတို့တော်နေ ထက်နေတာကို စာဖတ်ခြင်းဖြင့် ပိုပြီးလင်းလက်တောက်ပ စေချင်တာပါ

တင်စိုး၊ ဓာတ်ပုံ - အာကာစိုး

မွေးမြူရေးဒီပလိုမာသင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းများ သင်ကြားမှုအဆင့်မြှင့်တင်ရေး ဆောင်ရွက်လျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၁

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းမွန်လာစေရန်နှင့် စိုက်ပျိုးမွေးမြူရေး အသက်မွေးဝမ်းကျောင်းလုပ်ငန်း ကျွမ်းကျင်သူများအဖြစ် လေ့ကျင့်သင်ကြားမွေးထုတ်ပေးနိုင်ရေးအတွက် မွေးမြူရေးဒီပလိုမာ သင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ရေးနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ သင်ကြားမှု အဆင့်မြှင့်တင်ရေးကို ဆောင်ရွက်နေကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် မွေးမြူရေးတက္ကသိုလ်တစ်ခုနှင့် စိုက်ပျိုးရေးတက္ကသိုလ်တစ်ခုရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် စိုက်ပျိုးရေးသိပ္ပံကျောင်း ၁၅ ကျောင်း ဖွင့်လှစ်ထားရှိသည်။ ယခုနှစ် ကျောင်းဖွင့်ရာသီမှစ၍ မွေးမြူရေးဒီပလိုမာသင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိပြီး စက်မှုလယ်ယာဒီပလိုမာ သင်တန်းကျောင်းများကိုလည်း တိုးချဲ့ဖွင့်လှစ်နိုင်ရေး မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။ လက်တွေ့အသုံးချပညာရပ်များကို အသက်မွေးဝမ်းကျောင်း ပညာရပ်များ အဖြစ် အသုံးပြုနိုင်ခြင်းသည် လူငယ်တို့အတွက် အစိုးရဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းတို့တွင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေသည်သာမက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ကိုယ်တိုင်လုပ်ကိုင်ကြမည့် လယ်ယာစီးပွားလုပ်ငန်းရှင်များ ပေါ်ထွန်းစေလျက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှု၏ အရှိန်အဟုန်ကို ပိုမိုကောင်းမွန်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

၁၉၅၄ ခုနှစ်က မြန်မာနိုင်ငံ၌ ပထမဆုံးဖွင့်လှစ်ခဲ့သည့် ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံကျောင်းသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် တည်ရှိသည့်အတွက် သင်ကြားမှု ကဏ္ဍနှင့် သန့်ရှင်းသာယာမှုအပိုင်းတွင် ဘက်စုံစံပြကျောင်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဒေသအလိုက် ဖွင့်လှစ်ထားရှိသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ မတူညီသော ရေမြေရာသီဥတုအပေါ်တွင် အသုံးချခြင်းဖြင့် ဘာသာရပ်အလိုက် အထူးပြုကျွမ်းကျင်မှု အရည်အသွေးမြင့်မားရေးကြိုးပမ်းဆောင်ရွက်မှုသည် နိုင်ငံ၏ စိုက်ပျိုးရေးနှင့်မွေးမြူရေး ကဏ္ဍအတွက် အထောက်အပံ့ကောင်းများ ဖြစ်စေမည်ဖြစ်သည်။

ညိမ်းသူ(သတင်းစဉ်)

ဗန်းမောက်မြို့နယ်၌ လစဉ်မိုးရွာသွန်းမှုကြောင့် နှမ်းအထွက်တိုးရန် တောင်သူများမျှော်မှန်း

ဗန်းမောက် နိုဝင်ဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်တောင်ပိုင်းဒေသ၌ တန်ဆောင်မုန်းလအတွင်း လစဉ်မိုးရွာ သွန်းမှုကြောင့် နှမ်းအထွက်တိုးမည်ဟု မျှော်မှန်းရကြောင်း ယမန်နေ့က ဒေသခံနှမ်းစိုက်တောင်သူတစ်ဦးက ပြောကြားသည်။

"အခုနှစ် နှမ်းစိုက်ရာသီကာလမှာ တန်ဆောင်မုန်းလစဉ်မိုးကြောင့် နှမ်းစိုက်ပျိုးကြသူတွေ အထွက်တိုးမှာပါ။ ဒီနှစ်မှာ မိုးကတစ်ပတ်လောက်ထိ တစိမ့်စိမ့်ရွာနေတာကြောင့် ရေငတ်နေတဲ့ တောင်ယာနှမ်းတွေ အသီးဖြိုင်ဖြိုင်ထပြီး အထွက်တိုးတော့မှာပါ " ဟု ဗန်းမောက်မြို့နယ် တောင်ပိုင်း အလယ်ကန်ကျေးရွာအုပ်စုမှ တောင်ယာနှမ်းစိုက်ပျိုးသူ ဦးဝင်းဖေက ပြောသည်။

ဗန်းမောက်မြို့နယ်၌ နိုဝင်ဘာ ၁၃ ရက်မှစတင်၍ ငါးရက်ခန့် မိုးတဖွဲဖွဲရွာသွန်းမှုကြောင့် တောင်သူအများစုမှာ စပါးရိတ်သိမ်းခြွေလှေ့ရာတွင် အခက်အခဲနှင့်ကြုံတွေ့နေရသော်လည်း နှမ်းစိုက်တောင်သူများမှာ တောင်ယာအခင်းများ၌ စိုက်ပျိုးရေလိုအပ်ချက် ပြည့်မီခဲ့သဖြင့် ယခင်နှစ်များထက် နှမ်းအထွက်တိုးမည်ဟု မျှော်မှန်းရကြောင်း၊ ယခုနှစ် နှမ်းစိုက်ရာသီတွင် ဗန်းမောက်တစ်မြို့နယ်လုံး၌ စုစုပေါင်းနှမ်းစိုက်ဧက ၃၀၀၀ ခန့်ရှိပြီး အထွက်တိုးနိုင်မည်ဟု မျှော်မှန်းထားကြောင်း ဗန်းမောက်မြို့နယ် စိုက်ပျိုးရေးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဝဂ်စ

ကလေးမြို့နယ်အတွင်း လယ်မြေ ၃၂၈ ဧက အား အကျိုးပြုမည့် ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေးကွင်းဆင်းကြည့်ရှု

မုံရွာ နိုဝင်ဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယမန်နေ့က ကလေးမြို့ ကလေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဆက်လက်၍ ကလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာယောဟန်ထွန်းက ကလေးတက္ကသိုလ် သင်ကြားရေး၊ အုပ်ချုပ်ရေး၊ သန့်ရှင်းသပ်ရပ်ရေးများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးကာ ပါမောက္ခချုပ်ဆရာကြီးထံ ကလေးတက္ကသိုလ်ရှိ ဆရာ ဆရာမများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကလေးမြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများ တည်ငြိမ်အေးချမ်းစွာ ပညာသင်ကြားနေမှုအား ကြည့်ရှုအားပေးပြီး ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်အားပေးကာ ကျောင်းအုပ်ဆရာကြီးထံ ငွေကျပ် ငါးသိန်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများနှင့် နှာခေါင်းစည်း ၂၅၀၀ အား ပေးအပ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် မိုးစပါးစံကွက်ရိတ်သိမ်းမှုကို ကြည့်ရှုအားပေးစဉ်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကလေးမြို့ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသော ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်သည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကလေးမြို့ ခုတင် ၃၀၀ ပြည်သူ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေကြသော ဆရာဝန်၊ သူနာပြုများနှင့် ဝန်ထမ်းများ၊ ဆေးကုသမှုခံယူနေသော လူနာများအတွက် ငွေကျပ် ငါးသိန်းတန်ဖိုးရှိစားသောက်ဖွယ်ရာများနှင့် အောက်ဆီဂျင်ထုတ်စက် ငါးလုံး၊ ၄၀ လီတာဆံ့ အောက်ဆီဂျင်အိုး ၂၀ အား ဆေးရုံအုပ်ကြီးထံ ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကလေးမြို့ မင်္ဂလာဥယျာဉ်ကျေးရွာရှိ တောင်သူ ဦးမောင်မျိုး ကွင်းအမှတ် ၈၄၃ ၊ စပါးမျိုးကွဲ ဧရာမင်း ဧက ၄ ဒသမ၅၀ ၊ အလယ်အလတ် အဆင့်ရှိ မိုးစပါးစံကွက်ရိတ်သိမ်းမှုအား ကြည့်ရှုအားပေးပြီး ယင်းနေရာအနီးတွင် ဒေသခံတောင်သူ ၆၇ ဦး စိုက်ပျိုးထားသည့် လယ်မြေ ၃၂၈ ဧက အား အကျိုးပြုမည့် အရှည် ၁ မိုင်၊ အကျယ် ၁၂ ပေ ကျောက်ခင်း ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေးအတွက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ရွာတစ်ရွာထုတ်ကုန်တစ်မျိုးအဖြစ် ထုတ်ကုန်အသစ်များ ပေါ်ထွက်လာစေရန် ကော်ဖီအခြေခံတန်ဖိုးမြှင့် ကုန်ထုတ် နည်းပညာသင်တန်းဖွင့်

ရွာင် နိုဝင်ဘာ ၂၁

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာင်မြို့နယ်၌ ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း၌ဦးစီးဌာနမှ ဖွင့်လှစ်သည့် ကော်ဖီအခြေခံတန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းကို ယနေ့နံနက်ပိုင်းက အင်းကုန်းကျေးရွာ ချယ်ရီရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသက်နိုင်ဦး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်း၊ သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးထွန်းဇော်ဦးတို့က သင်တန်းနှင့်ပတ်သက်သည်များကို ပြောကြားရာတွင် ဒေသတွင်းရှိသော သီနှံများကို အခြေခံသည့် စားသောက်ကုန်လုပ်ငန်းရှင်များ ပေါ်ထွက်လာပြီး ရွာတစ်ရွာထုတ်ကုန်တစ်မျိုးအဖြစ် ထုတ်ကုန်အသစ်များ ပေါ်ထွက်လာစေရန်၊ မိမိတို့ဒေသထွက် အသီးအနှံများအား တန်ဖိုးမြှင့်ရောင်းချခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျှော့ချရေးအတွက် အထောက်အကူဖြစ်စေရန်နှင့် စားသောက်ကုန်ထုတ်လုပ်မှုဆိုင်ရာ ဥပဒေညွှန်ကြားချက်များကို သိရှိကြစေရန် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းတွင် ရွာင်မြို့နယ်အတွင်းရှိ ကော်ဖီအစုအဖွဲ့လုပ်ငန်းရှင်များ၊ ကော်ဖီစိုက်တောင်သူများမှ သင်တန်းသား ၂၇ ဦးအား ကော်ဖီကိုအခြေခံထားသည့် ကော်ဖီ Butter Cake ၊ ကော်ဖီကွတ်ကီး၊ ကော်ဖီလျှာပေါ်ဝဲ၊ ကော်ဖီနံကထိုင်၊ ကော်ဖီပူတင်း၊ ကော်ဖီကျောက်ကျော၊ ကော်ဖီ Plane Cake၊ ကော်ဖီသီးစုံကိတ်၊ ကော်ဖီကိတ်ခြောက်နှင့် ကော်ဖီဝိုင် စသည့်မုန့်အမျိုးမျိုးနှင့် သစ်သီးဝလံ အခြေခံစားသောက်ကုန်ထုတ်လုပ်နည်းများကို ရက်သတ္တတစ်ပတ်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကျောက်ဆည်မြို့ ကွမ်းရွက်တစ်ပိသာ ငွေကျပ် ၃၅၀၀ မှ ၄၀၀၀ အထိစျေးနှုန်းပြန်လည်မြင့်တက်

ကျောက်ဆည် နိုဝင်ဘာ ၂၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့အတွင်းရှိ ကွမ်းစိုက်တောင်သူများသည် ယခုအခါ ကွမ်းရွက်စျေးများ ပြန်လည်မြင့်တက်လာသဖြင့် အဆင်ပြေလျက်ရှိကြောင်း သံရွာကျေးရွာမှ ကွမ်းစိုက်တောင်သူများထံမှ သိရသည်။

ကွမ်းရွက် စျေးနှုန်းသည် မိုးရာသီတွင် စျေးနှုန်းကျဆင်းသော်လည်း ယခုဆောင်းရာသီ အဝင်တွင် စျေးနှုန်းပြန်လည်မြင့်တက်လာကြောင်း မိုးရာသီတွင် ကွမ်းတစ်ပိသာ ငွေကျပ် ၂၃၀၀ မှ ၃၀၀၀ အတွင်း ရောင်းချရပြီး ယခုအခါ ငွေကျပ် ၃၅၀၀ မှ ၄၂၀၀ အထိ စျေးနှုန်းပြန်လည်မြင့်လာကြောင်း သိရသည်။

"အရင်က ကွမ်းစိုက်တောင်သူတွေ များတယ်။ ကွမ်းစိုက်မယ်ဆို အရင်းကြီးတယ်။ ကွမ်းခြံကောင်းရင်တော့ အမြတ်လည်းများတယ်။ စိုက်ပြီးဆိုတာနဲ့ အလုပ်လည်းများတယ်။ နေ့တိုင်းကြည့်ပေးနေရတာ ဂရုစိုက်မှုနည်းတာနဲ့ အပင်မသန်တော့ဘူး။ အထွက်နှုန်းလည်း ကျတယ်။ ကွမ်းရွက်လည်း မလှဘူး။ နှစ်ရှည်လည်း ကွမ်းရွက်ခူးမစားရတော့ဘူးပေါ့။ အရင်နှစ်က နှစ်ပတ်လည်ကွမ်းရွက် စျေးမကောင်းတော့ ကွမ်းစိုက်သူတွေက ကွမ်းခြံကို ဂရုစိုက်မှုနည်းတော့ ကွမ်းခြံတော်တော်များ ပျက်ကုန်ကြတယ်။ ဒီနှစ် အခုလမှာတော့ ကွမ်းရွက်စျေးက ပြန်လည်မြင့်လာတော့ ကွမ်းခြံရှိသူတွေ ပြန်လည်အဆင်ပြေလာတယ်" ဟု ငါးလုံကုန်းကျေးရွာမှ ကွမ်းစိုက်တောင်သူ ဦးမြင့်သောင်းက ပြောသည်။

ကျောက်ဆည်မြို့ရှိ ကွမ်းစိုက်ခင်းတစ်ခုကို တွေ့ရစဉ်။

ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၂ ရွာ ခန့်ရှိ ကွမ်းခြံ ၁၂ ခုခန့်ရှိပြီး ကွမ်းခြံ ၁ ခုတွင် ကွမ်းပင် ၅ ပင်ခန့် ရှိတတ်ကြောင်း ကျောက်ဆည် ကွမ်းခြံရှင်ကြီးများ ကွန်ယက်ဖွဲ့စည်းထားသော ကွမ်းခြံရှင်ကြီးတစ်ဦး ပြောကြားခဲ့ပြီး ကွမ်းခြံ ၁ ခုတွင် ကွမ်းပင် ၅ ပင်ခန့် ရှိတတ်ကြောင်း ကျောက်ဆည် ကွမ်းခြံရှင်ကြီးများ ကွန်ယက်ဖွဲ့စည်းထားသော ကွမ်းခြံရှင်ကြီးတစ်ဦး ပြောကြားခဲ့ပြီး ကွမ်းခြံ ၁ ခုတွင် ကွမ်းပင် ၅ ပင်ခန့် ရှိတတ်ကြောင်း

သက်မောင်(ကျောက်ဆည်)

ရေတာရှည်မြို့နယ်၌ နွေစပါး ၈က ၉၈၀၀ အတွက် စိုက်ပျိုးရေပေးဝေမည်

ရေတာရှည် နိုဝင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အတွင်းရှိ ဆွာဆည်တမံနှင့် ချောင်းမကြီး (မြို့လှ) ဆည်တမံနှစ်ခုမှ ၂၀၂၁-၂၀၂၂ နွေစပါးရာသီ၌ ၈က ၉၈၀၀ စိုက်ပျိုးနိုင်ရေး ရေပေးဝေရန် လျာထားကြောင်း မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ သိရသည်။

ဆွာဆည်တမံ၊ ရေပေးလက်တံမြောင်း အမှတ် (၂)မှ ရေပေးဝေရာတွင် သိုင်းဝ၊ ကွင်းကြီး၊ ကုန်ကြီး၊ ဆွာမင်းလမ်း၊ သပြေတန်း၊ ညောင်ပင်သာ၊ ဒိုးတန်း၊ ကွမ်းအုံကျေးရွာ အုပ်စုအတွင်း နွေစပါး၈က ၉၅၀၀ ကို ဒီဇင်ဘာ ၁၀ ရက်တွင် ရေစတင်ပေးဝေသွားမည်ဖြစ်သည်။ ထို့အတူ မြို့လှမြို့ အနောက်ဘက်ရှိ ချောင်းမကြီးဆည်တမံမှ ငွေတောင်၊ မြို့လှ၊ နတ်တောင်ကျေးရွာအုပ်စုများတွင် နွေစပါးစိုက်၈က ၃၀၀ ကို ရေပေးဝေသွားမည်ဖြစ်သည်။

လက်ရှိတွင် စပါးစိုက်ပျိုးပြီးပါက သွင်းအားစုများဖြစ်သော ထွန်ယက်ခ၊ ဓာတ်မြေ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး သွင်းအားစု ကုန်ကျစရိတ်များ မြင့်တက်နေသည့်အားလျော်စွာ စပါးဈေးနှုန်း ကောင်းမွန်မှုသာ တောင်သူများ အဆင်ပြေနိုင်မည် ဖြစ်သည်။ **သန်းလွင်(ဆွာ)**

ပခုက္ကူဈေးကွက်အတွင်း နေ့စဉ် ကြက်သွန်နီပိသာချိန် နှစ်သိန်းကျော် ဝင်ရောက်သော်လည်း ဝယ်လိုအားနည်းသဖြင့် ဈေးကောင်းမရ

ပခုက္ကူ နိုဝင်ဘာ ၂၁

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၈)ရပ်ကွက် ပန်းစွာ(ခ) ဦးမေဃကျောင်းတိုက်ဝင်းအတွင်းရှိ ကြက်သွန်ပွဲရုံအတွင်း ကြက်သွန်နီပိသာချိန်ပေါင်း ၂၀၀၀၀၀ ကျော်အထိ နေ့စဉ်ဝင်ရောက်သော်လည်း ဝယ်လိုအားနည်းလျက်ရှိသည်။

ပခုက္ကူမြို့ ကြက်သွန်ပွဲရုံသို့ ပခုက္ကူ၊ ဆိပ်ဖြူ၊ ပုလဲ-မင်းနိုင်၊ ပေါက်နှင့် ယောနယ်ဒေသများမှ စိုက်ပျိုးသည့် ကြက်သွန်နီများမှာ ဇီပြီလမှစတင်ပြီး ဈေးကွက်သို့ဝင်ရောက်ခဲ့ရာ ယခုအချိန်ထိအနည်းဆုံးပိသာချိန်ပေါင်း ၁၅၀၀၀ မှ ပိသာချိန်ပေါင်း ၃၅၀၀၀၀ ကျော်အထိ နေ့စဉ်ဝင်ရောက်လျက်ရှိသည်။ ကြက်သွန်နီ တစ်ပိသာလျှင် အများဆုံးငွေကျပ် ၄၀၀မှ အနည်းဆုံးငွေကျပ် ၅၀ တို့ဖြင့် ရောင်းချရကြောင်း၊ ကြက်သွန်ဖြူဈေးမှာ တစ်ပိသာလျှင် အများဆုံးငွေကျပ် ၂၈၀၀မှ အနည်းဆုံးငွေကျပ် ၁၂၀၀ နှုန်းရှိပြီး ဈေးကွက်အတွင်း နေ့စဉ်ပိသာချိန် ၅၀၀၀ မှ ၃၀၀၀၀ ခန့်အထိ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ပခုက္ကူဈေးကွက်သို့ဝင်ရောက်လာသည့် ကြက်သွန်နီများကို တွေ့ရစဉ်။

ပေါက်မြို့နယ် ပျဉ်းချောင်းကျေးရွာမှ ကြက်သွန်နီ လာရောက်ရောင်းချသည့် တောင်သူ ဦးညီညီမင်းကျော်က ယခုနှစ်တွင် မိုးကြက်သွန်နီ နှစ်ဈေ စိုက်ပျိုးထားကြောင်း၊ ကြက်သွန်နီ တစ်ဈေအတွက် မျိုးစရိတ်၊ ထွန်ယက်ခ၊ အလုပ်သမားခအပါအဝင် အရင်းအနှီး ငွေကျပ် ၁၂သိန်းကျော် ကုန်ကျခဲ့ကြောင်း၊ တစ်ဈေလျှင် ကြက်သွန်နီ ပိသာ ၅၀၀၀ ထွက်ရှိသဖြင့် နှစ်ဈေပေါင်း ပိသာ ၁၀၀၀၀ ထွက်ရှိသော်လည်း နွေကြက်သွန်နီတစ်ပိသာလျှင် ငွေကျပ် ၃၀၀နှင့် ၄၀၀ အကြားသာ ရောင်းချရသောကြောင့် ရင်းနှီးစရိတ်နှင့် ပြန်လည်ရောင်းချရရှိငွေတို့အပေါ် နှိုင်းယှဉ်လျှင် အရှုံးပေါ်နေကြောင်း ပြောပြသည်။

ယခင်နှစ်များတွင် ကြက်သွန်နီတစ်ပိသာလျှင် ငွေကျပ် ၁၈၀၀မှ ၂၀၀၀ အထိ ရှိခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားနေမှုကြောင့် ကုန်စည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် အခက်အခဲများနှင့်ကြုံတွေ့ရခြင်း၊ ဒေသတွင်း ဈေးကွက်များ၌ ကြက်သွန်ဝယ်လိုအား သိသာစွာ ကျဆင်းနေခြင်းတို့ကြောင့် ပုံမှန်ဈေးနှုန်းထက် အဆမတန်ကျဆင်းနေကြောင်း၊ အရည်အသွေး ကောင်းမွန်သော ကြက်သွန်နီတစ်ပိသာလျှင် ငွေကျပ် ၄၀၀ နှုန်းဖြင့် ဗီယက်နမ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စသည့်ပြည်ပနိုင်ငံများက ဝယ်ယူမှုအနည်းငယ်ရှိနေပြီး လက်ရှိအချိန်တွင် မိုးကြက်သွန်နီများ ဈေးကွက်သို့ စတင်ဝင်ရောက်လာပြီဖြစ်ကြောင်း ပခုက္ကူခရိုင် ကုန်စိမ်းလိုင်းခွဲကော်မတီ ဥက္ကဋ္ဌ ဦးသန်းဝင်းထံမှ သိရသည်။ **ဆလိုင်းကိုကီး**

မွန်ပြည်နယ်အတွင်း ကျွဲကောပင် ၈က ၃၃၀၀ကျော် အောင်မြင်ဖြစ်ထွန်း

မော်လမြိုင် နိုဝင်ဘာ ၂၁

မွန်ပြည်နယ်အတွင်းရှိ ကျေးလက်ဒေသများနှင့် မြို့အနီးဝန်းကျင်တစ်ဝိုက်တွင် ကျွဲကောပင်များစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ကာလရှည်သီးနှံများ အပြင် အခြားသီးနှံများကိုလည်း အများအပြားစိုက်ပျိုးလာကြသည်။

မွန်ပြည်နယ်သည် လယ်ယာသီးနှံ၊ ဥယျာဉ်ခြံသီးနှံနှင့် ရော်ဘာစိုက်ပျိုးမှု အောင်မြင် ဖြစ်ထွန်းသော ပြည်နယ်ဖြစ်ပြီး ပြည်နယ်အတွင်း ကျွဲကောပင် စိုက်ပျိုးမြေ ၃၃၉၃ ဧကရှိရာ တစ်ဧကလျှင် ကျွဲကောသီးအလုံးရေ ၄၈၀၀ ကျော် ထွက်ရှိကြောင်းနှင့် ကျွဲကောပင်သည် အကျိုးအမြတ်များသော နှစ်ရှည်သီးနှံ ဖြစ်သည့်အတွက် စိုက်ပျိုးနည်းစနစ် မှန်ကန်အောင် ကူညီဆောင်ရွက်လျက်ရှိကြောင်း မွန်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူက ပြောသည်။

ကျွဲကောပင်များကို အစေ့မှ လည်းကောင်း၊ ကိုင်းဆက်နည်းဖြင့်လည်းကောင်း စိုက်ပျိုးနိုင်ပြီး စိုက်ပျိုးပြီး ခြောက်နှစ်အကြာတွင် အသီးစတင်ရရှိကြောင်း၊ ကျွဲကောပင် ၁၂ ပင် စိုက်ပျိုးခြင်းဖြင့် တစ်နှစ်ဝင်ငွေကျပ် သိန်း ၃၀ ကျော် ရရှိနိုင်ကြောင်း မုဒုံမြို့နယ် ကျွဲကောပင်စိုက်တောင်သူတစ်ဦးက ပြောသည်။

ကျွဲကောသီးများကို အသီးအရွယ်အစားအလိုက် အသေးတစ်လုံးလျှင် ငွေကျပ် ၁၀၀၀၊ အလတ်တစ်လုံးလျှင် ငွေကျပ် ၃၀၀၀ နှင့် အကြီးတစ်လုံးလျှင် ငွေကျပ် ၅၀၀၀ ဝန်းကျင်ဖြင့် ရောင်းချလျက်ရှိသည်။ **အောင်မျိုးသူ(မုဒုံ)**

ဆောင်းကုလားပဲစိုက်ပျိုးသူများ ရာသီဥတု ရုတ်တရက်ပြောင်းလဲမှုအန္တရာယ်ကို စိုးရိမ်နေရ

ရန်ကုန် နိုဝင်ဘာ ၂၁

ဆောင်းကုလားပဲ စိုက်ခင်းများအနေဖြင့် ရာသီဥတုရုတ်တရက် ပြောင်းလဲခြင်းနှင့် ပိုးကျရောက်မှုအန္တရာယ်ကို စိုးရိမ်နေရကြောင်း ရမည်းသင်းဒေသရှိ ကုလားပဲစိုက်တောင်သူများထံမှ သိရသည်။

မြန်မာနိုင်ငံတွင် လက်ရှိစိုက်ပျိုးထုတ်လုပ်နေသည့် ကုလားပဲမျိုးများအနက် B-2 ဟုခေါ်သည့် ကုလားပဲအဖြူ အလုံးကြီးမျိုး၊ B-1 ဟုခေါ်သည့် ကုလားပဲဖြူ အလုံးသေးမျိုး၊ ထိုင်ဝမ်ဟုခေါ်သည့် ကုလားပဲအနီ အလုံးကြီးမျိုးနှင့် ကုလားပဲအနီအလုံးသေး (ဗမာကုလားပဲမျိုး)တို့ကို အဓိကစိုက်ပျိုးကြသည်။

ယခုနှစ်တွင် ကုလားပဲမျိုးအပေါ် မူတည်ပြီး မျိုးတစ်တင်းလျှင် ငွေကျပ် ၃၈၀၀၀ မှ ၄၅၀၀၀ အတွင်း ပြန်ဝယ်ရကြောင်း၊ တစ်ဧကစိုက်ပျိုးမည်ဆိုလျှင် ကုလားပဲမျိုးစေ့ အသေးအကြီးပေါ် မူတည်၍ အလုံးကြီးမျိုးဆိုလျှင် နှစ်တင်းခွဲခန့်၊ အလုံးသေးမျိုးဆိုလျှင် တစ်ဧကကို တစ်တင်းခွဲခန့် ကြဲပက်ရကြောင်း သိရသည်။ ကုလားပဲတစ်ဧကလျှင် အထွက်နှုန်း ၁၅ တင်း မှ တင်း ၂၀ ဝန်းကျင် ထွက်ရှိနိုင်ပြီး မျိုးထူထူချပါက အထွက်နှုန်းပိုကြောင်း ရမည်းသင်းမြို့နယ် ကံဘဲ့အုပ်စု နွားကူးရွာမှ ကုလားပဲစိုက်ပျိုးသူ ဦးနိုင်ဦးက ပြောသည်။

နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးရှိသည့် အနက် ဆောင်းကုလားပဲစိုက်ပျိုးရေးကို နိုဝင်ဘာလတွင် စတင်လေ့ရှိပြီး စိုက်သက်တမ်း သုံးလခွဲအကြာတွင် ရိတ်သိမ်းကြသည်။

"ဆောင်းတွင်းဘက်စိုက်တဲ့ ကုလားပဲခင်းတွေက ရုတ်တရက် မိုးရွာချလိုက်မှာကို ကြောက်ရတယ်။ မိုးရွာချလိုက်တာနဲ့ ကုလားပဲခင်းက ပျက်စီးသွားနိုင်တယ်။ ရေဝပ်သွားတာနဲ့ အဲဒီနေရာက ကုလားပဲမျိုးစေ့က ကွဲထွက်သွားပြီး အပင်မပေါက်နိုင်တော့ဘူး။ ကုလားပဲစေ့ကနေ အခြမ်းဖြစ်သွားပြီး ပျက်စီးသွားတယ်။ မြေကြီးနဲ့ရေနဲ့ ထိမိလို့ ကုလားပဲတွေပွကုန်ပြီး အပင်မပေါက်နိုင်တော့တဲ့ သဘောပေါ့။ ဒီလိုဖြစ်သွားရင် မျိုးဖိုးတွေ၊ ထွန်ယက်စရိတ်တွေ ဆုံးရှုံးကုန်မှာဆိုတော့ ရာသီဥတု ရုတ်တရက် အပြောင်းအလဲမဖြစ်ဖို့ လိုပါတယ်။ အနည်းငယ်ရွာတာတော့ ဘာမှမဖြစ်ပေမယ့် မိုးမရွာရင်တော့ ပိုကောင်းတာပေါ့" ဟု ကုလားပဲစိုက်ပျိုးသူ ဦးနိုင်ဦးက ပြောသည်။

နန်းထက်ထက်ချစ်

မင်းဘူး(စကု)မြို့နယ်၌ ကျွဲနွားတိရစ္ဆာန်များအား ခွာနာလျှာနာ ကာကွယ်ဆေးထိုးနှံ

မင်းဘူး နိုဝင်ဘာ ၂၁

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ ရေဘေးသင့်ကျေးရွာများရှိ ကျွဲနွားတိရစ္ဆာန်များအား ခွာနာလျှာနာ ကာကွယ်ဆေးကို နိုဝင်ဘာ ၂၀ ရက်က စတင်၍ အခမဲ့ ကွင်းဆင်း ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ မန်းကျိုးအုပ်စုနှင့် နိဗ္ဗာန်ကျွန်း အုပ်စုများသည် ဧရာဝတီမြစ်ရေ ရေကြီးရေလျှံ ဖြစ်စဉ်အခါက ကျွဲ၊ နွား၊ သိုး၊ ဆိတ်စသော တိရစ္ဆာန်များကို ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရသဖြင့် ၎င်းတိရစ္ဆာန်များအား ခွာနာလျှာနာရောဂါ မကူးစက်စေရေးအတွက် ရည်ရွယ်၍ ထိုးနှံပေးခြင်းဖြစ်သည်။ ထိုကဲ့သို့ ထိုးနှံပေးလျက်ရှိရာတွင် ထုံးမကြီးကျေးရွာ၌ နွားအကောင်ရေ ၃၂၀၊ နိဗ္ဗာန်ကျွန်းကျေးရွာတွင် နွားအကောင်ရေ ၄၂၁ ကောင် စုစုပေါင်း ၇၄၁ ကောင်ကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဖွံ့ဖြိုးမှုရန်ပုံငွေဖြင့် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာ အောင်မြင့်က ပြောသည်။

ဇေယျာထက် (မင်းဘူး)

သံဖြူဇရပ်မြို့နယ် ကျိုက်နဲ့ရေလယ်ဘုရားပွဲသို့ လာရောက်သည့် ဘုရားဖူးပြည်သူ ၁၅ ဦး ရေနစ်သေဆုံး

သံဖြူဇရပ် နိုဝင်ဘာ ၂၁

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် အံခဲကျေးရွာနှင့် ဝဲကလောင်းကျေးရွာကြားရှိ ကျိုက်နဲ့ရေလယ်ဘုရားပွဲတော် ကျင်းပနေစဉ် ယနေ့ နံနက် ၈ နာရီခန့်က ရေလယ်ဘုရားသို့ လာရောက်ဖူးမြော်သည့် ဘုရားဖူးပြည်သူများ စည်ကားလျက်ရှိရာ(**အောက်ပုံ**) ဘုရားဖူးပြည်သူများဘုရားသို့ သွားရောက်သော ရေလယ်နတ်လမ်း ရေကျသည့်အချိန်ကို စောင့်ဆိုင်းမှုမရှိဘဲ တစ်ဦးနှင့်တစ်ဦး တိုးကြိတ်၍ အလုအယက် သွားရောက်မှုကြောင့် ဘုရားဖူးပြည်သူအချို့ ပင်လယ်အတွင်းသို့ ပြုတ်ကျ၍ ရေနစ်သေဆုံးကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ပင်လယ်အတွင်းသို့ ပြုတ်ကျသွားသည့် ပြည်သူအချို့အား သံဖြူဇရပ်မြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲမှူးနှင့် တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေး အသင်းများမှ စက်လှေများဖြင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ကြရာ သေဆုံးသူ သံဃာတစ်ပါး အပါအဝင်အမျိုးသားသုံးဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၁၅ ဦး သေဆုံးကြောင်းသိရှိသည်။ ဆက်လက်၍ တာဝန်ရှိသူများက ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေကြောင်းနှင့် သေဆုံးသူများ၏ ရုပ်အလောင်းများအား ပိုင်ရှင်များ ထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ပြီး သံဖြူဇရပ်မြို့မရဲစခန်းတွင် သေမှု၊ သေခင်း အမှုဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဗန်းမောက်မြို့နယ်၌ တရားမဝင်ကျွန်းသစ်ခွဲသားဆိုဒ်စုံ လေးတန်ကျော်နှင့် သယ်ဆောင်လာသူ လေးဦးတို့ကို ဖမ်းဆီးရမိ

ဗန်းမောက် နိုဝင်ဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် တောင်ပိုင်းဒေသ လုံးခင်းကျေးရွာဘက်မှ ဗန်းမောက်မြို့ဘက်သို့ ထွက်ခွာလာသော ခြောက်ဘီး မိုးကာအုပ်ယာဉ်ကို မသင်္ကာသဖြင့် ရှာဖွေရာမှ တရားမဝင်ကျွန်းသစ်ခွဲသားဆိုဒ်စုံ လေးတန်ကျော်နှင့် သယ်ဆောင်လာသူ လေးဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၁ရက် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ ခန့်က ခြောက်ဘီးယာဉ်ဖြင့် တရားမဝင် ကျွန်းသစ်ခွဲသားဆိုဒ်စုံများ သယ်ဆောင်လာကြောင်း သတင်းအရ ဗန်းမောက်မြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ် ဦးနေစိုးနှင့် အဖွဲ့၊ ကသာခရိုင် သစ်တောလုံခြုံရေးတပ်ဖွဲ့၊ တပ်စုမှူး ဒုရဲမှူးခိုင်စိုးထွန်းအဖွဲ့၊ ဗန်းမောက်မြို့မရဲစခန်းမှ ရဲအုပ်ဇော်လင်းထွန်း (ခေတ္တစခန်းမှူး)၊ နယ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့်အတူ သက်သေများပါဝင်သော ပူးပေါင်းအဖွဲ့တို့သည် ဗန်းမောက်မြို့နယ် တောင်ပိုင်းဒေသ လုံးခင်းကျေးရွာမှ ဗန်းမောက်မြို့ဘက်သို့ မိုးကာအုပ်ထားသောယာဉ်အမှတ် SGG-8F/ -----(စိစစ်ဆဲ)အား တရားမဝင်ကျွန်းသစ်ခွဲသားများ သယ်ဆောင်လာကြောင်း သတင်းအရ လုံးခင်းကျေးရွာနှင့် မြစ်သေးချင်းကျေးရွာကြားတွင် ရပ်တန့်ရှာဖွေစစ်ဆေးရာ ယာဉ်မောင်းငြိမ်းချမ်းကျော်(၂၆ နှစ်)(ဘ)ဦးမောင်ကျော်၊ အမှတ်(၅)ရပ်ကွက် ကသာမြို့ ယာဉ်ပေါ်လိုက်ပါလာသော သူရအောင် (၃၇ နှစ်)(ဘ)ဦးမောင်မြင့်၊ အမှတ်(၉)ရပ်ကွက် ကသာမြို့ လှမျိုးအောင် (၂၇ နှစ်)(ဘ)ဦးတန်စိန်၊ အမှတ်(၅)ရပ်ကွက် ကသာမြို့နှင့် နိုင်လင်းထက်(၃၂ နှစ်)(ဘ)ဦးစိုးနိုင်၊ အမှတ်(၅)ရပ်ကွက် ကသာမြို့နေသူတို့ဖြစ်ကြောင်း သိရပြီး ယာဉ်အား ရှာဖွေစစ်ဆေးရာ ကျွန်းသစ်ခွဲသားဆိုဒ်စုံ ၁၅၀ ခန့်/လေးတန်ကျော်ခန့် ကာလတန်ဖိုး ၁၂ သိန်းကျော်တို့ကို စစ်ဆေးတွေ့ရှိရသဖြင့် သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် ဖမ်းဆီးခဲ့ကြသည်။

အဆိုပါဖမ်းဆီးရမိသည့် ကျွန်းသစ်ခွဲသားဆိုဒ်စုံ၊ မော်တော်ယာဉ်နှင့် တရားခံများအား ဗန်းမောက်မြို့နယ် သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ကာ ထိန်းသိမ်းထားရှိခဲ့ပြီး သစ်တောဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

၀ဂ၈

မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၁

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၉ ရက် မွန်းလွဲ ၃ နာရီတွင် နောင်ချို မြို့နယ် မန္တလေး-လားရှိုးသွားကားလမ်း ဂုတ်တွင်းတံတား မိုင်တိုင် အမှတ် (၈၄)အနီးတွင် အောင်သူ မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေး ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကိုလည်းကောင်း၊ အလားတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၀ ရက် ညနေ ၅ နာရီ မိနစ် ၄၀ တွင် မြစ်ကြီးနားမြို့နယ် ပလနကျေးရွာနေ ဒွေယော်ဆဲ(ခ) အားတီ ၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ နံနက် ၁၀ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ပျော်ဘွယ်မြို့ မြို့မရပ်ကွက် တပင်ရွှေထီးလမ်းနှင့် နဝဒေးလမ်းဆုံအနီးတွင် မလဲ့လဲ့ဝင်းကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၀၀ ကို လည်းကောင်း။

ဥပဒေအရ အရေးယူထား

ထို့ပြင် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ရမည်းသင်းမြို့နယ် ရန်ကုန်-မန္တလေးသွားကားလမ်း မိုင်တိုင်အမှတ် (၂၄၈/၄)အနီးတွင် ကျော်သန်းကို ဆိုင်ကယ်တစ်စီးနှင့်အတူတွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀ ကို လည်းကောင်း၊ အလားတူ ယင်းနေ့ နံနက် ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မင်္ဂလာတောင်ညွှန့်မြို့နယ် ကန်တော်ကလေး(တောင်)ရပ်ကွက် သိမ်ဖြူလမ်းမကြီး တိုက်အမှတ်(၃၅၁/ဘီ)၊ (၄) လွှာနေ အောင်သန်းဦး(ခ)ဟာဒစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်ရှေ့တွင်တွေ့ရှိသူ တင်အောင်(ခ) နိုးလ်တင်းထံမှ အိုက်စ် သုည ဒသမ ၀၀၉ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၆၂၀၀၊ ဘိန်းဖြူ သုည ဒသမ ၀၂ ကီလို၊ အိုက်စ် သုည ဒသမ ၁၀၅ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့တွင် ငွေကျပ် ၂ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၁

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့တွင် ငွေကျပ် ၂ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီခွဲ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရွှေကြက်ယက် ဆိပ်ကမ်းတွင် သတင်းအရ သဲကိုကိုဦး(ခ)သဲကို (၂၅ နှစ်) မောင်းနှင်ပြီး အောင်မျိုးသန့်(ခ) နှင်းဝေ(၄၁ နှစ်)လိုက်ပါလာသည့် ခြောက်ဘီး ဆီဘောက်ဆာယာဉ်အတွင်းမှ ဒေသကာလတန်ဖိုး ငွေကျပ် ၁ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ ဆပ်ပြာခွက် ၃၃၀၀ ဖြင့် ထည့်လျက် ဘိန်းဖြူ ၃၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၅၈ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ နိုဝင်ဘာ ၁၉ ရက် နံနက် ၈ နာရီခန့်တွင် မတ္တရာမြို့နယ် မြောက်တံငါကျေးရွာအနီး၌ မူးယစ်ဆေးဝါးများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်ကြသည့် ဇော်တင့်အောင် (ခ) ထော်ကြီး (၃၅ နှစ်)နှင့် ရဲစောနောင်(ခ) ပြူးပြူး(ခ)ငပြူး (၂၉ နှစ်)တို့ကို ဆိုင်ကယ်တစ်စီးနှင့် လည်းကောင်း၊ မတ္တရာမြို့ အမှတ်(၂) ရပ်ကွက် နုံသာတောင်ကျောင်းဝင်းလမ်းတွင် စောမွေး(ခ)ထွန်းထွန်းဝင်း(ခ) မွေးနီ အား ငွေကျပ် ၁၀ သိန်းနှင့်လည်းကောင်း အသီးသီး ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း။

သတင်းကွင်းဆက်အရ လုံခြုံရေး တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မိုးကြိုးပစ်ကျေးရွာ အနီးတွင် ရပ်တန့်ထားသည့် ၂၂ ဘီးတွဲကား ယာဉ်အား ဆက်လက်ရှာဖွေရာ ယာဉ်အတွင်းမှ ဒေသကာလတန်ဖိုး ငွေကျပ် ၁ ဒသမ ၁၉ ဘီလီယံ တန်ဖိုးရှိ ဆပ်ပြာခွက် ၄၆၀၀ ဖြင့် ထည့်ထားသော ဘိန်းဖြူ ၄၆ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ငွေကျပ် ၂ ဒသမ ၄ ဘီလီယံ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၇၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၈၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ အဆိုပါ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ စစ်ကိုင်းတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများအား ဆက်လက် စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

အောင်မြေသာစံမြို့နယ်၌ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ပြင်ဦးလွင်မြို့နယ်၌ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများအား တွေ့ရစဉ်။

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြေတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်၊ ဦးပိုင်အမှတ် ၉၇၊ ဇရိယာ ၀ဒသမ ၀၉၅ ဧကအား ဒေါ်အိသိမ့်သိမ့် ဇော်(ဘ)ဦးဇော်ဝင်း ၉/တကန(နိုင်)၁၇၁စဂ၄မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် ၁၆၇၄/၂၀၂၁ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်မိန့်၊ တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင် လျှောက်ထားလာရာကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်၊ ဒီကရီများအထောက်အထားနိုင်လုံစွာ တင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနဆ၏ လုပ်ထုံးလုပ်နည်းနှင့် အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 8H/9763,Htila MK (HL-17) ယာဉ်လက်ဝယ်ရှိသူ ဦးသက်နိုင်စံ ၇/ပတန(နိုင်) ၁၂၀၇၂၂ က(ကမ-၃) ဗျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင် ပါသည်။

ကည၊ ခရိုင်ရုံး(မိတ္ထီလာ)

တတ်နိုင်သမျှ
မိမိအိမ်တွင်သာ နေပါ

ကလေးနာမည်ပေး ဆရာကြီး
ရာဓာဇော်ဝင်း
(LL.B.)(WIPO,DL-101Switzerland)
ကလေးနာမည်ပေးတင်ပွန်းတပ်အိမ်ရောင်းထွက်ဖိုးထီဓေါက်မဟေါက်
01-399426,01-394727,09-73009994,09-5152521
လူကြီးလိုရာဓေးကိုယ်တိုင်ဆောင်ရက်ရေး၊ တိုက်အမှတ်(၉)ဒုထပ်၊စဂုလမ်းမဝဲလာတောင်ဆွန်ရန်ကုန်မြို့

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လ အထိ(ဒြလ)ဘဏ္ဍာရေးနှစ်
ငွေလုံးငွေရင်း အသုံးစရိတ်(ဆောက်လုပ်ရေး)ရန်ပုံငွေမှ တည်ဆောက်ရေးလုပ်ငန်းများအတွက်QC/QA လုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရ စက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများ၊ ဦးစီးဌာန၊ သင်တန်းဌာနများနှင့် သင်တန်းကျောင်းများတွင် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများမှ လုပ်ငန်း(၅၃)ခုအား QC/QA လုပ်ငန်းများဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၂-၁၁-၂၀၂၁ရက်မှစ၍ အစိုးရနည်းပညာကောလိပ်(နေပြည်တော်)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)နှင့် အစိုးရစက်မှုသိပ္ပံ(မန္တလေး)တို့တွင် ရုံးချိန်အတွင်းရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၂-၁၂-၂၀၂၁ရက်ညနေ ၄နာရီ နောက်ဆုံးထား၍ တင်ဒါပုံစံဝယ်ယူခဲ့သော ကျောင်းများတွင် တင်ဒါပုံစံများ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၄၀၂၀၊ ၀၆၇-၃၄၄၀၄၄ နှင့် Website ဖြစ်သော www.tvet.edu.mmတို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေကမ်းသာယာအိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/ရွှေကမ်း သာယာ-၁၊ မြေကွက်အမှတ် ၂၁၀၊ ၂၁၁၊ ၂၁၂၊ ဧရိယာ ၀ဒသမ ၃၄၉ ဧကပေါ်ရှိ အမှတ်(၂၀/၇၊ ၈၊ ၉၊၁၀)၊ စီမံကိန်းအတွင်းလမ်း၊ ရွှေကမ်းသာယာအိမ်ရာ၊ လှိုင်သာယာမြို့နယ်ဟုခေါ်တွင်သော နှစ်(၆၀)၁ရန်မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော RC (၄)ထပ်အဆောက်အအုံ၊ 160 KVA Transformer ၁ရေ/မီး မီတာအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးနေဝင်း(၁)ဦး တင်စိန် အမည်ပေါက် ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဦးနေဝင်း(၁)ဦးတင်စိန် ၁၂/လသန(နိုင်)၀၁၁၅၈၈ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်နေ့အား ပေးချထားပြီးဖြစ်ရာ ကန့်ကွက် လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့် တကွ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ယဉ်မေသိမ်း(ခ)မြတ်စုရည် **ဒေါ်သိမ့်စောနည်အောင်(LL.B)**
[LL.B,M.A(Business Law)] **အထက်တန်းရှေ့နေ(စဉ်-၄၈၂၈/၂၀၁၆)**
တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၃၀၃၉/၂၀၁၇)
အမှတ်(၂/၄၆)၊ မဟာဇေါ်မလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၈၅၁၀၇၊ ၀၉-၇၃၁၄၃၅၁၀၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြောင်းတကာသမဏီ သံရည်ကျို စက်မှုဇုန်တွင် (၂၃၀)ကေဗွီ မြောင်းတကာပင်မ ဓာတ်အားခွဲရုံအသစ် တိုးချဲ့တပ်ဆင်ရန် လိုအပ်သော 230/66/ 11 kV, 150 MVA Transformer (၁)လုံးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကိုဌာနမှသတ်မှတ်နှုန်းထားအတိုင်း(၂၂.၁၁.၂၀၂၁) ရက်နေ့မှ စတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါဖိတ်ရက်မှာ(၂၂.၁၂.၂၀၂၁)ရက်နေ့၊(၁၄ : ၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊ ၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

ကျန်းမာရေးဝန်ကြီးဌာန
ရှမ်းပြည်နယ် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်အောက်ရှိ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး၊ လွိုင်လင်ပြည်သူ့ဆေးရုံကြီး၊ ခိုလမ်းဆေးရုံ၊ မြို့နယ်ဆေးရုံများနှင့် တိုက်နယ်ဆေးရုံများ မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ မိခင်ကလေးကျန်းမာရေးဌာန၊ ဒေသန္တရ ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများအတွက် လိုအပ်သော ဆေးဝါးများ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ စတင်ရောင်းချမည့်ရက် - ၂၂-၁၁-၂၀၂၁ရက်(တနလင်္ဂနေ့)
တင်ဒါပိတ်မည့်ရက် - ၁၇-၁၂-၂၀၂၁ရက်(သောကြာနေ့)

၃။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန(တောင်ကြီး) ဖုန်း-၀၈၁-၂၁၂၀၆၉၊ ၀၈၁-၂၁၂၁၅၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာန
ကရင်ပြည်နယ် ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် အောက်တိုဘာလမှ မတ်လအထိ (၆)လ ကာလအတွက် ကရင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် ဆေးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **စျေးနှုန်းတင်သွင်းလွှာပုံစံများ**
စတင်ရောင်းချမည့်ရက် - ၂၂-၁၁-၂၀၂၁ ရက်
တင်ဒါဝိတ်သိမ်းမည့်ရက်နှင့်အချိန် - ၂၁-၁၂-၂၀၂၁ ရက်၊ ညနေ ၄:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့် အသေးစိတ်သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း ကရင်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန (၀၅၈-၂၁၂၃၆)၊ ကရင်ပြည်နယ်ကုသရေးဦးစီးဌာန(၀၅၈-၂၃၄၉၃)သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

တင်ဒါရွေးချယ်ရေးကြီးကြပ်ကော်မတီ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ မဟာဘောဂလမ်း၊ အမှတ်(၁၀၁)ရှိ
ပထမထပ်(ခြေရင်းခန်း)၊ (၁၈x၄၇)ပေ အကျယ်အဝန်းရှိ
တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဖော်ပြပါ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်သဖြင့် ရောင်းချပိုင် ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မူယာစိုး ၁၂/စခန(နိုင်) ၀၀၂၀၄၂ထံမှ အပြီးအပိုင်လက်ရောက်ဝယ်ယူရန်ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းအပေါ်အကျိုးသက်ဆိုင်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှ စ၍ ၁၀ရက်အတွင်း တရားဝင်ခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်နိုင်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်နိုင်ဝင်း(စဉ်-၈၂၁၉) **ဒေါ်တင်တင်ခိုင်(စဉ်-၈၀၀၈)**
LL.B,D.I.L **LL.B,D.B.L,D.M.L,D.I.L**
တရားလွှတ်တော်ရှေ့နေ **တရားလွှတ်တော်ရှေ့နေ**
အမှတ်(၁၃/ခ)၊ ၈လမ်း၊ (၃/ခ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊
ဖုန်း-၀၉-၄၄၈၀၂၅၉၉၃၊ ၀၉-၉၇၈၉၄၀၀၆၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောင်(အလယ်)ရပ်ကွက်၊ အောင်သပြေလမ်း၊ တိုက်အမှတ်(၄၈)၊ (၂)ခန်းတွဲ(၇)ထပ်တိုက်၏ စတုတ္ထထပ်(၅-လွှာ)(ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂ ပေခွဲ x ၅၀ ပေ)ရှိ တိုက်ခန်းနှင့် အခန်းတွင်တပ်ဆင်ထားသော ရေ၊ မီးအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဦးရဲတင့်လွင် ၁၂/ စခန(နိုင်) ၀၇၀၃၅၅ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စုစုထက် ၁၂/စခန(နိုင်)၀၇၇၇၇၅နှင့် ဒေါ်ချစ်ပြည့်စုံ ၁၂/စခန(နိုင်)၀၇၇၇၇၆ တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးအောင်ဧယျ(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၄၅)
တိုက်အမှတ်(၅၀/က)၊ ပထမထပ်၊ အောင်သပြေလမ်း၊ (၃)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၇၇၈၃၃၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

၁။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်လွှာတင်သွင်းနိုင်ပါသည်-

စဉ်	**ရာထူး/လစာနှုန်း**	**လစ်လပ်**	**ပညာအရည်အချင်း**
(က)	ဒုဗ-ကြီးကြပ်ရေးမှူး (အစားအသောက်) (လစာနှုန်း၊၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)	(၃၂)နေရာ	B.V.Sc, M.Sc(Industrial Chemistry), M.Sc(Food Biotechnology), M.Sc(Biochemistry),B.Comm.H, B.Agr.Sc,အခြေခံတွဲ.တစ်ခုခုနှင့် Post graduate. D.F.T
(ခ)	ဆေးဘက်ဂျွမ်းကျင်-၂ (ဆေးဝါး) (လစာနှုန်း၊၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)	(၇၇)နေရာ	B.Pharm, M.Sc(Chemistry), M.Sc(Industrial Chemistry)
(ဂ)	ဓာတ်ခွဲခန်းကျွမ်းကျင်-၂ (လစာနှုန်း၊၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)	(၄၁)နေရာ	B.E(Chemical),B.Med.Tech, Master of Food Technology, M.Sc(Chemistry), M.Sc(Industrial Chemistry)
